# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ပညာဆီမီးကို ရှာဖွေကြိုးစား**

လောဘစသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂ စသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာအမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကို ရှာဖွေကာ ကြိုးစားသင့်၏။

ရာဇဝဂ်(ဓမ္မပဒ - ၁၄၆)


၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၄ ရက် | ၂၀၁၈ ခုနှစ်၊ ဇွန် ၂ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၂၄၃)


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ

## ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်အရ နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီကြီးကြပ်ရန် မှာကြား



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များအား တွေ့ဆုံမှာကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဇွန် ၁**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များအား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ တွေ့ဆုံမှာကြားသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရန်နှင့် နိုင်ငံရေးပါတီများအား ကြပ်မတ်ဆောင်ရွက်ရန် တာဝန်ရှိပါကြောင်း၊ မဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် စနစ်တကျ ဆောင်ရွက်စေလိုပါကြောင်း၊ မဲစာရင်းများ တိကျမှန်ကန်စွာပြုစုရေးသည် အရေးကြီးပါကြောင်း၊ ထို့ပြင် မဲဆန္ဒရှင်နိုင်ငံသားများသည် ၎င်းတို့ မည်သည့်မဲရုံတွင် မဲပေးရမည်ကို လွယ်ကူစွာ သိရှိစေရမည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁

## လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် စာစစ်ဌာနများမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို မြန်မာ့အသံမှ ထုတ်လွှင့်ကြေညာပေးမည်

**နေပြည်တော် ဇွန် ၁**

၂၀၁၈ ခုနှစ် မတ်လတွင် ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းကို ဇွန် ၂ ရက် စနေနေ့ နံနက် ၆ နာရီတွင် တစ်ပြည်လုံးအတွက် တစ်ပြိုင်တည်း တစ်ရက်တည်း အပြီးထုတ်ပြန်ကြေညာသွားမည်ဖြစ်ရာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာစစ်ဌာနများမှ အောင်မြင်ကြသူများအတွက် ယခင်နှစ်များကအတိုင်း အောင်စာရင်းထွက်သည့်နေ့၌ မြန်မာ့အသံ(ရေဒီယို) တိုင်းရင်းသားအစီအစဉ်များမှ နံနက် ၆ နာရီတွင် စတင်ထုတ်လွှင့်ကြေညာပေးမည်ဖြစ်ကြောင်း သိရှိရသည်။

ထုတ်လွှင့်ပေးမည့် စာစစ်ဌာနများမှာ ကချင်ပြည်နယ်မှ ဆင်ဘို၊ တနိုင်း၊ ရှင်ဗွေယန်၊ ချီဖွေ၊ ဆဒုံး၊ ခတ်ချို၊ မိုင်းနား၊ ဖားကန့်၊ ဆိပ်မူ၊ တာမခန်၊ လုံးခင်း၊ ကာမိုင်း၊ လွယ်ဂျယ်၊ ဒေါ့ဖုန်းယန်၊ ပူတာအို၊ ဆွမ်ပရာဘွမ်၊ မချမ်းဘောနှင့် နောင်မွန်းစာစစ်ဌာန၊ ကယားပြည်နယ်မှ ရှားတော၊ ဒီးမော့ဆို၊ ဒေါ်ခါး၊ နန်းမယ်ခုံ၊ ဖရူဆို၊ ဘောလခဲ၊ ဖားဆောင်းနှင့် မယ်စဲ့ စာစစ်ဌာန၊ ကရင်ပြည်နယ်မှ လိပ်သို၊ ဖာပွန်၊ ကမမောင်း၊ ကြာအင်းဆိပ်ကြီး၊ ဘုရားသုံးဆူ၊ တံခွန်တိုင်၊

စာမျက်နှာ ၃ ကော်လံ ၁

## ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာပြည်သူများ၏ စားဝတ်နေရေးအတွက် တရုတ်သံရုံးမှ ထောက်ပံ့ငွေပေးအပ်

ပြည်တွင်းသတင်း | စာ » ၄

## သက်ငယ်မုဒိမ်းမှုကျူးလွန်သူများအား ထိရောက်စွာဟန့်တားနိုင်သည့် အထူးဥပဒေတစ်ရပ်ရေးဆွဲရန် ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်း

ပြည်တွင်းသတင်း | စာ » ၈

## တောင်ကိုရီးယားနှင့် မြောက်ကိုရီးယား နှစ်နိုင်ငံ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

နိုင်ငံတကာသတင်း | စာ » ၁၄




မြန်မာ့အလင်း

# အဓိပတိလေးပါးနှင့် ခရီးသွား

တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ကြေညာလိုက်ပြီ။ အောင်သူတို့က ပြုံးကြမည်။ ပျော်ကြမည်။ မော်ကြမည်။ ရှုံးသူတို့ မှိုင်ကြမည်။ ငိုင်ကြမည်။ အိမ်တွင်းပုန်း လူရှောင်ကြမည်။ တစ်နှစ်တာ သင်ရိုးကိုအတူတကွ သင်ယူခဲ့ကြသူချင်းအတူတူ အောင်သူကအောင်၍ ကျရှုံးသူတို့က ကျရှုံးရခြင်းတို့မှာ ရလဒ်၏နောက်တွင် အကြောင်းရင်းခံတို့က ရှိပြီးဖြစ်သည်။ အောင်မြင်လိုသည့်ဆန္ဒ ပြင်းပြင်းပြပြရှိခြင်း၊ အောင်ပွဲအလို့ငှာ လုံ့လဝီရိယပြည့်စုံစွာဖြင့် ကြိုးပမ်းအားထုတ်ခြင်း၊ အောင်မြင်ရန်အတွက် စိတ်ဓာတ်ခွန်အားထက်သန်ခြင်း၊ အောင်ပန်းကို ဆွတ်ခူးနိုင်ရန်အတွက် ပညာဉာဏ်ပြည့်စုံခြင်းတို့က အဆုံးအဖြတ်ပေးခဲ့ခြင်း ဖြစ်သည်။

တစ်နည်းအားဖြင့် ဆန္ဒာဓိပတိ (လိုချင်ဖြစ်ချင်သည့် စိတ်ဆန္ဒ)၊ ဝီရိယာဓိပတိ (ကြိုးစားအားထုတ်မှု)၊ စိတ္တာဓိပတိ (စိတ်ခွန်အားထက်သန်မှု)၊ ဝီမံသာဓိပတိ (ပညာပြည့်စုံမှု)ဆိုသည့် အဓိပတိလေးပါးတို့က အောင်မြင်မှုကို ဆောင်ကြဉ်းပေးခဲ့ခြင်း ဖြစ်သည်။ “ဆန္ဒကြီးမားပြင်းပြသူအတွက် မပြီးမြောက်နိုင်သောကိစ္စဟူသည်မရှိ၊ ဝီရိယနှင့် ပြည့်စုံသူအတွက် မပြီးမြောက်နိုင်သော ကိစ္စဟူသည်မရှိ၊ စိတ်ခွန်အား ထက်သန်သူအတွက် မပြီးမြောက်နိုင်သော ကိစ္စဟူသည်မရှိ၊ ပညာပြည့်ဝသူအတွက် မပြီးမြောက်နိုင်သော ကိစ္စဟူသည်မရှိ”ဟူ၍ ဗုဒ္ဓမြတ်စွာဘုရားက ဟောကြားတော်မူခဲ့သည်။ သာမန်မျှသော ဆန္ဒ၊ သာမန်မျှသော ဝီရိယ၊ သာမန်မျှသော စိတ်ဓာတ်နှင့် သာမန်မျှသောပညာကို ဆိုလိုသည်မဟုတ်ဘဲ အဓိပတိတပ်သော၊ အခေါင်အထွတ်ဖြစ်သောဆန္ဒ၊ ဝီရိယ၊ စိတ်ဓာတ်နှင့် ပညာတို့ကို ဆိုလိုခြင်းလည်း ဖြစ်သည်။

အောင်ပွဲဟူသည် လူတိုင်းအတွက် တစ်ကြိမ်တစ်ခါတည်း အားထုတ်ရုံမျှဖြင့် ရချင်မှရနိုင်မည်။ အချို့ကတစ်ကြိမ်တစ်ခါတည်းနှင့် အောင်မြင်သည့်အပြင် ဂုဏ်ထူးတစ်သီကြီးပါ ဆွတ်ခူးနိုင်ခြင်းသည် သူ့ပါရမီနှင့်သူသာ ဖြစ်သည်။ လူတိုင်းအတွက်တော့ ဤသို့မဟုတ်မူဘဲ အောင်မြင်မှုရရန်အတွက်ပင် တစ်ကြိမ်ထက်ပို၍ အားထုတ်ရခြင်းတို့ ရှိကြသည်။ အချို့နှစ်ကြိမ် အားထုတ်ဖြေဆိုကြရသည်။ အချို့သုံးကြိမ်၊ အချို့လေးကြိမ်၊ အချို့အကြိမ်ပေါင်းများစွာ။ ယုတ်စွအဆုံး အိမ်ထောင်ကျ၍ သားသမီးများရကာ ဖွဲ့နပဲကြီးစွာဖြေဆိုရင်း အသက်ကြီးခါမှ တက္ကသိုလ်ဝင်တန်းအောင်ရသူများပင်ရှိသည်။ မည်သို့ပင်ရှိစေ တက္ကသိုလ်ဝင်တန်းအောင်မြင်ခြင်း သို့မဟုတ် ကျရှုံးခြင်းသည် ဘဝခရီး၏ အချိုးအကွေ့တစ်ခုသာ ဖြစ်သည်။ ဘဝခရီး၏ လမ်းဆုံးမဟုတ်။

တက္ကသိုလ်ဝင်တန်း သို့မဟုတ် ၁၀ တန်းမအောင်၍ မိမိဘဝတော့ ရေစုန်မျောပါပြီဟု မခံယူအပ်၊ မိမိကိုယ်ကိုယ်အပြစ် မတင်အပ်၊ အခြားတစ်ဦးဦးကိုလည်း အပြစ်မတင်အပ်၊ အထင်မသေးအပ်။ တစ်နည်းအားဖြင့် အပြုစိတ်ဖြင့် အကောင်းမြင်ရန်သာ ဖြစ်သည်။ ယခုနှစ်မအောင်ပါက နောက်နှစ် အောင်ရန်အတွက် ကြိုးပမ်းအားထုတ်ကြဖို့သာ လိုသည်။ အလီဘာဘာဒေါ့ကွမ်း ခေါ် ကမ္ဘာ့အကြီးဆုံးအွန်လိုင်း ဈေးကွက်ကုမ္ပဏီကြီးကို တည်ထောင်ခဲ့သူ ဂျက်မား ကျောင်းသားဘဝက တက္ကသိုလ်ဝင်တန်းစာမေးပွဲကို သုံးကြိမ်ကျခဲ့ဖူးသည်။

ဗုဒ္ဓဟောကြားခဲ့သည့် အဓိပတိလေးပါးအောင်မြင်ခြင်း အကြောင်းတရားတို့သည် လူ့ဘဝတစ်လျှောက်လုံးအတွက်ဖြစ်သည်။ လူ့ဘဝတွင် ရင်ဆိုင်ကြုံတွေ့ရသမျှတို့ကို သင့်တင့်လျောက်ပတ်စွာ စိတ်နှလုံးသွင်းကြရမည်။ အပြုသဘောဖြင့်သာ တုံ့ပြန်ကြရမည် ဖြစ်သည်။ အဓိပတိလေးပါးကို လက်မလွှတ်တမ်းဆွဲကိုင်ကာ ဘဝခရီးကို လျှောက်လှမ်းနိုင်သူအဖို့ အောင်မြင်မှုသည် အနာဂတ်၌ ရှိနေမည်မှာ မုချမလွဲပါဟူ၍ ...... ။ ။

# ရန်ကုန်တိုင်းကွန်ပျူတာပညာရှင်အသင်းနှင့် ကွန်ပျူတာလုပ်ငန်းရှင်အသင်း နှစ်ပတ်လည်စုံညီ စည်းဝေး

**ရန်ကုန် ဇွန် ၁**

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းနှင့် ကွန်ပျူတာလုပ်ငန်းရှင်အသင်း နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို မေ ၂၈ ရက်က ရန်ကုန်မြို့လှိုင်မြို့နယ်ရှိ MICT Park ကွန်ဖရင့်ဟော၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးမျိုးမင်းဦးနှင့် ကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဦးအောင်စိုးမိုးတို့က အမှာစကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နာယက ဦးသိန်းဦးနှင့်ဥက္ကဋ္ဌ ဦးခွန်ဦးတို့ကအမှာစကားပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းအတွင်းရေးမှူး ဒေါက်တာမျိုးမင်းအောင်က အသင်း၏ ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ကွန်ပျူတာလုပ်ငန်းရှင်အသင်း အတွင်းရေးမှူး ဦးမြင့်ဇော်က အသင်း၏ ဆောင်ရွက်ချက်များကိုလည်းကောင်း ဗီဒီယိုဖိုင်ဖြင့် ရှင်းလင်းပြောကြားသည်။

**ကွန်ပျူတာပညာရှင်များ ပေါ်ထွက်လာစေရန်**

ထို့နောက် ၂၀၁၇ ခုနှစ်အတွင်း နိုင်ငံတကာဆုတံဆိပ်ရရှိကြသူများကို တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက ထပ်ဆင့်ဂုဏ်ပြုဆုချီးမြှင့်သည်။ အဆိုပါအသင်းသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍတွင် ထူးချွန်ထက်မြက်သော ကွန်ပျူတာပညာရှင်များ ပေါ်ထွက်လာစေရန်အတွက် MCPA ပညာရည်ချွန်ဆုအဖြစ် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်(ဗဟန်းနယ်မြေ)တို့မှ ကျောင်းသား ကျောင်းသူ ၈၉ ဦးတို့ကို တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းငါးသောင်းစီ ချီးမြှင့်ခဲ့သည်။

သတင်းအချက်အလက်နည်းပညာနယ်ပယ်တွင် နားလည်တတ်ကျွမ်းသူအဖြစ် အသိအမှတ်ပြုစေရန် MCPA Exam ကို တစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပသည်။ ထို့ပြင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံရှစ်နိုင်ငံပါဝင်သည့် Information Technology Professionals Examination Council ( ITPEC ) က အဖွဲ့ဝင်နိုင်ငံများအကြား အိုင်တီပညာရှင်များ၏ ကျွမ်းကျင်မှုအရည်အချင်းအား တစ်ပြေးညီ စစ်ဆေးအသိအမှတ်ပြုနိုင်ရေးအတွက် တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပသည့် နိုင်ငံတကာအဆင့်စာမေးပွဲများကို တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းအနေဖြင့် Exam Center များဖွင့်လှစ်၍ နိုင်ငံတကာနှင့်တစ်ပြေးညီ စစ်ဆေးကျင်းပလျက်ရှိသည်။ ၂၀၁၇ ခုနှစ်အတွင်း စာမေးပွဲများတွင် ဝင်ရောက်ဖြေဆိုသူ ၉၉၃ ဦးရှိပြီး အောင်မြင်သူ ၄၄၈ ဦး ရှိကြောင်း သိရသည်။

**အိုင်စီတီနည်းပညာကို အကျိုးရှိရှိအသုံးပြု**

ထို့ပြင် ၂၀၁၇ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း ၃၆ ကျောင်းတွင် အိုင်စီတီနည်းပညာကို အကျိုးရှိရှိအသုံးပြုခြင်းနှင့် လုံခြုံရေးဆိုင်ရာသိကောင်းစရာများနှင့် အိုင်စီတီနည်းပညာဖြင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သိကောင်းစရာများတို့ကို အမှုဆောင်ပညာရှင်များက သွားရောက်ပြောကြားခဲ့သည်။

ဆက်လက်၍ ၂၀၁၆ ခုနှစ်မှစတင်၍ ရွေ့လျားကွန်ပျူတာလေ့လာရေးသင်တန်း ( Mobile ICT Learning Center ) ဖြင့် သင်တန်းသား သင်တန်းသူ ၆၇၂ ဦးတို့ကို သင်ကြားပို့ချပြီး စာမေးပွဲစစ်ဆေး၍ အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးရာသီကာလ စစ်တောင်းမြစ်ရေမြင့်တက်ပါက ရွာတန်းရှည်ကျေးရွာ နေအိမ်အချို့ ရွှေ့ပြောင်းရဖွယ်ရှိ

**တောင်ငူ ဇွန် ၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အနောက်ဆင်ကျေးရွာအုပ်စု ရွာတန်းရှည်ကျေးရွာသည် စစ်တောင်းမြစ်ရေ ဦးတိုက်တည့်တည့်၌ တည်ရှိပြီး ယခင်နှစ်မိုးရာသီကာလ မြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းတာပေါင်ကျိုးပြတ်ခဲ့သည့်အပြင် ကျေးရွာအရှေ့ဘက် စစ်တောင်းမြစ်ကမ်းနှင့် ကပ်လျက် ဘုန်းတော်ကြီးကျောင်းဝန်းအတွင်းရှိ သိမ် အဆောက်အအုံတစ်လုံး မြစ်ထဲမျောပါသွားခဲ့ကာ ဘုန်းတော်ကြီးကျောင်းမှာလည်း မြစ်ရေထိန်း တာဟောင်းနှင့် ပန်းတာအကြား၌ ရွှေ့ပြောင်းတည်ဆောက်ခဲ့ရကြောင်း ရွာတန်းရှည်ကျေးရွာဒေသခံ ဦးမြင့်ဦးက ပြောသည်။

“စစ်တောင်းမြစ်အလယ်မှာရှိတဲ့ သောင်ကျွန်းက မနှစ်က ဝါခေါင်လလောက်မှာကျိုးသွားတာ ကျွန်တော်တို့ရွာဘက်လာတဲ့ ရေဦးက အဲ့ဒီကျိုးသွားတဲ့နေရာကနေ ဖြတ်ကွေ့သွားတဲ့အတွက် သက်သာသွားတယ်၊ ဘုန်းကြီးကျောင်းတည့်တည့်ပဲ၊ အလှူရှင်လည်းပေါ်တာနဲ့ ဘုန်းတော်ကြီးကျောင်းကို ရွာအရှေ့ဘက်ကို ရွှေ့ဆောက်ခဲ့တာ၊ ကျွန်တော်တို့အပိုင်းမှာဆိုရင် အိမ်ခြေသုံး ဆယ်လောက်တော့ ရှိမယ်၊ မနှစ်က မြစ်ရေတွေ အလွန်တက်လာတော့ ရွှေ့ပြောင်းဖို့ သက်ဆိုင်ရာက ပြောတယ်၊ နေစရာကမရှိတော့ အိမ်ပေါ်ကပစ္စည်းတွေနဲ့ မိသားစုတွေအားလုံး အခြားရေလွတ်တဲ့အိမ်မှာ ခဏသွားနေကြရပါတယ်၊ ဒီနှစ်လည်း မရွှေ့နိုင်သေးပါဘူး” ဟု ၎င်းက ဆက်လက်ပြောသည်။

စစ်တောင်းမြစ်အရှေ့ဘက်ကမ်းရှိ ကျေးရွာများနှင့် မြစ်အနောက်ဘက်ကမ်းရှိ ရွှေလေးအင်း၊ ရွာတန်းရှည်၊ ကွမ်းပင် အစရှိသည့် ကျေးရွာများသည် တောင်ငူမြို့သို့ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအစရှိသည့် ကိစ္စရပ်များဖြင့် သွားရောက်ကြသည့်အခါ စစ်တောင်းမြစ် ရေထိန်းတာဟောင်းပေါ်မှသာ ရာသီမရွေးသွားလာကြရသည်။ ယခု တာဟောင်းကျိုးပျက်သွားသည့်အတွက် ထပ်မံတည်ဆောက်ထားသော ကျေးရွာတောင်ဘက်ရှိ ပန်းတာပေါ်မှ သွားလာကြသည့်အခါ မိုးရွာလျှင် မြေစေးများကြောင့် ချော်သည့်အတွက် ဒေသတွင်းခရီးသွားလာမှု အဆင်ပြေစေရန် ကျောက်ချောလမ်းအဖြစ် ရရှိနိုင်ရန် မြို့နယ်ကျေးလက် လမ်းဦးစီးဌာနသို့ တင်ပြသွားမည်ဖြစ်ကြောင်း ကျေးရွာနေတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**



# မန္တလေးတွင် ဇာတ်ညွှန်းရေးနည်းသင်တန်း ဖွင့်လှစ်မည့်အစီအစဉ် စာနယ်ဇင်းရှင်းလင်း

**မန္တလေး ဇွန် ၁**

ကမ္ဘာ့အဆင့်မီဇာတ်ညွှန်းကောင်း ရေးသားနိုင်သူများ ပေါ်ပေါက်လာရေးကို ရည်ရွယ်၍ ဇာတ်ညွှန်းရေးနည်းသင်တန်း အမှတ်စဉ်(၁/ ၂၀၁၈)ကို မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီနှင့် Pen Myanmar တို့ ပူးတွဲဖွင့်လှစ်ပြီး ရုပ်ရှင်သရုပ်ဆောင် ဒါရိုက်တာ အကယ်ဒမီဆွေဇင်ထိုက်က The Art of story Telling screen Play ခေါင်းစဉ်ဖြင့် သင်ကြားပေးသွားမည့် အစီအစဉ်နှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို မေ ၂၉ ရက်က မန္တလေး မဟာအောင်မြေမြို့နယ်ရှိ Wilson ဟိုတယ်၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီကိုယ်စား ဒေါက်တာဒွေးမောင်က ဇာတ်ညွှန်းရေးသားနည်းသင်တန်းကို မန္တလေးတွင် ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကြိုဆိုနှုတ်ဆက်စကားပြောကြားသည်။ ထို့နောက် Pen Myanmar ဥက္ကဋ္ဌ ဦးမျိုးမြင့်ညိမ်းက ဇာတ်ညွှန်းရေးနည်းသင်တန်း ဖွင့်လှစ်ပေးရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ရုပ်ရှင်သရုပ်ဆောင် ဒါရိုက်တာ အကယ်ဒမီဆွေဇင်ထိုက်က ဇာတ်ညွှန်းရေးနည်းသင်တန်းများကို စေတနာ့ဝန်ထမ်း သင်ကြားပေးခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာအဆင့်မီ ဇာတ်ညွှန်းရေးသားနိုင်ရန် လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် မီဒီယာများက သိလိုသည်များကို မေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပြီး သင်တန်းတက်ရောက်လိုသူများအား သင်တန်းဝင်ခွင့်လျှောက်လွှာများ ပေးအပ်ခဲ့သည်။




အဆိုပါသင်တန်းအတွက် ဝင်ခွင့်လျှောက်လွှာများကို မေ ၂၉ ရက်မှစ၍ (၆၈)လမ်းနှင့် လမ်း(၃၀) ထောင့်ရှိ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီ ခရိုင်ရုံးတွင်လည်းကောင်း၊ (၈၄)လမ်းနှင့် (၃၃)လမ်းထောင့်ရှိ လူထုကြီးပွားရေး ပုံနှိပ်တိုက်တွင်လည်းကောင်း၊ မန္တလေးတက္ကသိုလ်ဝင်းအတွင်းရှိ လူထုကြီးပွားရေး စာအုပ်ဆိုင်ခွဲတွင်လည်းကောင်း အခမဲ့ ထုတ်ယူနိုင်ပြီး ဇွန် ၁၅ ရက်တွင် လျှောက်လွှာများပြန်တင်ရမည်ဖြစ်ကာ လူတွေ့စစ်ဆေးခြင်းကို ဇွန် ၁၉ တွင် ပြုလုပ်မည်ဖြစ်ကြောင်း၊ သင်တန်းတက်ခွင့်ရသူများသည် ဇွန် ၂၃ မှ ၃၀ ရက်အထိ စနေ၊ တနင်္ဂနွေနေ့များတွင် သင်တန်းတက်ရောက်ရမည်ဖြစ်ပြီး သင်တန်းကြေးမှာ အခမဲ့ဖြစ်ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးမှ ဝန်ထမ်းသားသမီးများအား ကျောင်းသုံးစာရေးကိရိယာ ထောက်ပံ့

**နေပြည်တော် ဇွန် ၁**

နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေ၏ ဦးဆောင်မှုဖြင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် တပ်ဖွဲ့ လက်အောက်ရှိ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများ၏ သားသမီးများအား ကျောင်းသုံးစာရေးကိရိယာ ထောက်ပံ့ပေးအပ်ခြင်းကို မေ ၃၁ ရက်က နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး စားရိပ်သာခန်းမ၌ ပြုလုပ်ရာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း စုစုပေါင်း ၆၄ ဦးအတွက် ကျောင်းသုံး စာရေးကိရိယာ ၂၁၅၀၀၀ ကျပ် ဖိုးခန့်အား နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

**ကိုကိုရှူပ(နေပြည်တော်)**

## ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားမည်

ကျွန်တော်တို့နိုင်ငံဟာ အဘက်ဘက်မှာ လိုအပ်ချက်တွေနဲ့ ဆင်းရဲနွမ်းပါးဆဲ ဖြစ်တာကြောင့် နေရာ၊ ကဏ္ဍအသီးသီးမှာ အများကြီး ဆက်လက်ရုန်းကန် ကြိုးပမ်းကြရဦးမှာဖြစ်ပါတယ်။ နိုင်ငံတကာ မျက်နှာစာမှာလည်း ဖိအားပေးမှုတွေ၊ ဝေဖန်မှုတွေနဲ့ အထင်အမြင်လွဲမှားနေတာတွေလည်း ရင်ဆိုင်နေရပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော်တို့ပြည်သူတွေ ဒီကနေ့ တွေ့ကြုံရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကလည်း မနည်းလှပါဘူး။ အရာရာတိုင်းကို လွယ်လင့်တကူ ဖြေရှင်းနိုင်မှာ မဟုတ်ပေမယ့်လည်း ကျွန်တော့်အနေနဲ့ အစွမ်းကုန်ကြိုးပမ်းအားထုတ်ပြီး ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အောင်မြင်ခြင်းရဲ့ အဓိကအကြောင်းတရား

ဘယ်လိုစီမံကိန်းတွေပဲ ချမှတ်ချမှတ်၊ အကောင်အထည်ဖော်ရာမှာ စုပေါင်းလုပ်ဆောင်ခြင်းကသာ အောင်မြင်ခြင်းရဲ့ အဓိကအကြောင်းတရား ဖြစ်ပါလိမ့်မယ်။ အစုအဖွဲ့ ဂိုဏ်းဂဏစိတ်တွေကို ဖယ်ရှားပြီး၊ နိုင်ငံနဲ့ပြည်သူများ အကျိုးသယ်ပိုးရာမှာ၊ မည်သူကိုမျှ လက်ညှိုးမထိုး၊ မိမိရဲ့စေတနာ၊ ပညာ၊ သတ္တိတွေကိုသာ လူတိုင်းလူတိုင်း အထွတ်အထိပ်ရောက်အောင် ကြိုးစားဆောင်ရွက်မယ်ဆိုရင် ဘယ်လိုကြီးမား၊ ခက်ခဲတဲ့ စိန်ခေါ်မှုပဲဖြစ်ပါစေ၊ ကျော်လွှားနိုင်မယ်လို့ ခိုင်မာစွာ ယုံကြည်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

❐ *ရှေ့ဖုံးမှ*

ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်အရ နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ကြီးကြပ်ရန် လိုအပ်ပါကြောင်း၊ ကော်မရှင်ရုံးချုပ်တွင် တစ်နိုင်ငံလုံးမှ နိုင်ငံရေးပါတီများကို ခေါ်ယူတွေ့ဆုံ၍ ထိတွေ့ဆက်ဆံပြီး ပါတီများ၏အသံများကိုလည်း နားထောင်သင့်ပါကြောင်း။

**ကြိုတင်ပြင်ဆင်**

တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကျေးကော်မရှင်အဖွဲ့ခွဲများအား လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကို ကျေကျေညက်ညက် သိရှိနားလည်စေရန်အတွက် သင်တန်းများပေးရန်လိုအပ်ပါကြောင်း၊ မဲဆန္ဒရှင်များက ယုံကြည်အားကိုးသည့် ကော်မရှင်အဖွဲ့ခွဲများဖြစ်ရန် ကြိုတင်ပြင်ဆင်စီမံ ဆောင်ရွက်ထားစေလိုပါကြောင်း၊ အဓိကအားဖြင့် အချုပ်အခြာအာဏာသည် ပြည်သူ့ထံမှ ဆင်းသက်သည်ဟူသော ဒီမိုကရေစီမူအရ ရွေးကောက်ပွဲများအား ပြည်သူလူထု၏ ဆန္ဒနှင့်အညီ လွတ်လပ်၍ တရားမျှတပြီး ချောမောအောင်မြင်စေရန် ဖြစ်ပါကြောင်း လမ်းညွှန်မှာကြားသည်။

**သင်တန်းများပို့ချ**

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲစာရင်းများ ဆောင်ရွက်နေမှုနှင့် ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ကော်မရှင်အဖွဲ့ခွဲများအား သင်တန်းများပို့ချနေမှု၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်၊ ဦးမြင့်နိုင်နှင့် ဦးသန်းဌေးတို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော် ချည်မျှင်နှင့်အထည်စက်ရုံ(မိတ္ထီလာ)ကို ကြည့်ရှုစစ်ဆေး



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ)၌ အဝတ်အထည်များ ချုပ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** သတင်းစဉ်

**နေပြည်တော် ဇွန် ၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စက်ရုံမှထုတ်လုပ်သည့် ပစ္စည်းများအား အမြတ်အစွန်းကို အဓိကမထားဘဲ အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ချိရောင်းချနိုင်ရေးဆောင်ရွက်ရန်၊ စက်များအား စွမ်းအားပြည့်လည်ပတ်ပြီး ထုတ်ကုန်များ ယခုထက်ပိုမိုထုတ်လုပ်နိုင်ရေးဆောင်ရွက်ရန်၊ အဝတ်အထည်များ၏ အဆင်ဒီဇိုင်းနှင့် အရောင်အသွေးများ ပိုမိုကောင်းမွန်စေရေး ကြပ်မတ်ဆောင်ရွက်ရန်၊ ကျောင်းဝတ်စုံများအား သက်သာသောဈေးနှုန်းများဖြင့် ကျောင်းသား ကျောင်းသူများ အသုံးပြုနိုင်ရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ချိတ်ဆက်ညှိနှိုင်း၍ ကျယ်ကျယ်ပြန့်ပြန့်ရောင်းချပေးနိုင်ရေး ဆောင်ရွက်သွားရန်၊ အမျိုးသားဝတ်လုံချည်များကို အဆင်ဒီဇိုင်းများနှင့်အရောင်အသွေးများ စုံလင်စွာထုတ်လုပ်ရောင်းချသွားရန်၊ ပြင်ပသို့ ကုန်ချောသာမက ကုန်ကြမ်းများပါရောင်းချပေးနိုင်ရေး ဈေးကွက်ရှာဖွေဆောင်ရွက်သွားရန်၊ ရောင်းချရာတွင် ကျသင့်သည့်အခွန်အခများကို တစ်ပါတည်းပေးဆောင်သွားရန်နှင့် ဝန်ထမ်းများသက်သာချောင်ချိမှုရှိစေရေး လုပ်ဆောင်ပေးရန်တို့ကို မှာကြားသည်။

ထို့နောက် ခင်းကျင်းပြသထားသည့် စက်ရုံမှထုတ်လုပ်သော တပ်မတော် (ကြည်း၊ ရေ၊ လေ) ယူနီဖောင်းပိတ်စများ၊ ကျောင်းစိမ်းပိတ်စများနှင့်အခြားအဝတ်အထည်များကို ကြည့်ရှုစစ်ဆေးသည်။

**လှည့်လည်ကြည့်ရှု**

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်မိုးရေကာဖျင်စက်ရုံနှင့် ဖိနပ်စက်ရုံ(လှိုင်းတက်)သို့ရောက်ရှိပြီး မိုးရေကာဖျင်စက်ရုံအတွင်း ရက်ကန်းဌာနနှင့် ချုပ်ဝတ်တန်ဆာဌာနတို့၌ တပ်မတော်သုံးချုပ်ဝတ်တန်ဆာပစ္စည်းများ ထုတ်လုပ်နေမှုကိုလည်းကောင်း၊ ဖိနပ်စက်ရုံအတွင်း ဖိနပ်ထုတ်လုပ်နေမှု အဆင့်ဆင့်ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

✽ *ရှေ့ဖုံးမှ*

ကျိုက်ဒုံနှင့် သဃ်န်းညီနောင် စာစစ်ဌာန၊ ချင်းပြည်နယ်မှ ရိခေါဒါရ်၊ ကျီခါး၊ ထုတ်လိုင်၊ မင်းတပ်၊ ကန်ပက်လက်၊ ကျင်ဒွေး၊ မတူပီ၊ လိုင်လင်းပီ၊ ရေဇွာ၊ ပလက်ဝနှင့် ဆမီး စာစစ်ဌာန၊ ရခိုင်ပြည်နယ်မှ လက်ပံပြား၊ သဝင်ချောင်း၊ စေတီပြင်၊ လောင်းချောင်း၊ ကူတောင်၊ စစ်တော၊ ကပိုင်ချောင်း၊ ကွမ်းချောင်း၊ ဇင်ချောင်း၊ ဂုံးချိန်၊ မင်းပြင်၊ မာန်အောင်၊ ဇရပ်ကုန်းခင်၊ ကမား၊ ဂွ၊ ကျိန္တလီ၊ ဆပ်သွား၊ မောင်တော၊ ဘူးသီးတောင်၊ စေတီတောင်နှင့် လက်ဝဲဒက်ပုဇွန်ချောင်း စာစစ်ဌာန၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ မိုင်းခတ်၊ မိုင်းယန်း၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ မိုင်းဆတ်၊ မိုင်းတုံနှင့် မိုင်းပျင်းစာစစ်ဌာန၊ ရှမ်းပြည်နယ်(မြောက်)မှ ကွမ်းလုံ၊ ဟိုပန်၊ လောက်ကိုင်၊ နမ့်ဆန်(မ)၊ မန်တုံ၊ မိုးမိတ်၊ မကျည်းပင်၊ မဘိမ်းနှင့် ငါးအိုး စာစစ်ဌာန၊ ရှမ်းပြည်နယ်(တောင်)မှ တင်းတက်၊ ဆောင်းပြောင်း၊ ပင်ခွန်၊ မိုင်းကိုင်၊ ကျေးသီးမံစံ၊ မိုင်းနောင်၊ ကွန်ဟိန်း၊ မိုင်းရှူး၊ ဝမ်ကန်၊ တုန်ဟုန်း၊ မောက်မယ်နှင့် မိုင်းပန် စာစစ်ဌာန၊ တနင်္သာရီတိုင်းဒေသကြီးမှ မေတ္တာ၊ ကတ္တလူ၊ စခန်းသစ်၊ ကံမော်၊ သဇင်၊ ပုလော၊ ပုလောက်၊ ပလ၊ ဘုတ်ပြင်းနှင့် ပြည်ကြီးမဏ္ဍိုင် စာစစ်ဌာန၊ မကွေးတိုင်းဒေသကြီးမှ ပေါက်၊ စသိန်း၊ ဇီးပြား၊ ကိုင်းလယ်၊ ရေပြာ၊ နံ့သာ၊ ကမ်းပျို၊ စေတုတ္တရာ၊ တန့်လည်ကျင်း၊ ဘူး၊ ငဖဲ၊ ပဒါန်း၊ ထီးလင်း၊ ကျင်းရွာ၊ ရေမျက်နီ၊ ညောင်ကန်၊ ဆေးမင်းတော၊ ဆော၊ ကျောက်ထု၊ တပြင်း၊ ကံကြီးနှင့် လျောင်းရှည် စာစစ်ဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးမှ လေရှီး၊ ဆွမ္မရာ၊ လဟယ်၊ မော်လိုက်၊ ကင်းတပ်၊ ပန်းသာ၊ ဖောင်းပြင်၊ သရောင်း၊ ရေအောက်တောင်၊ မင်းယား၊ နန်းယွန်းနှင့် ပန်ဆောင်စာစစ်ဌာန၊ ရန်ကုန်တိုင်းဒေသကြီးမှ ကိုကိုးကျွန်း စာစစ်ဌာနတို့ ဖြစ်သည်။

**ဖမ်းယူနားဆင်နိုင်**

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းကြေညာချက်များကို မြန်မာနိုင်ငံအထက်ပိုင်းဒေသရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော စာစစ်ဌာနများအတွက် လှိုင်းတို ၅၀ ဒသမ ၇၁ မီတာ (၅၉၁၅ ကီလိုဟာ့ဇ်) နှင့် လှိုင်းတို ၃၀ ဒသမ ၈၅ မီတာ (၉၇၃၀ ကီလိုဟာ့ဇ်)တို့မှလည်းကောင်း၊ မြန်မာနိုင်ငံအောက်ပိုင်းဒေသရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော စာစစ်ဌာနများအတွက် လှိုင်းလတ် ၄၁၁ ဒသမ ၅၂ မီတာ (၇၂၉ ကီလိုဟာ့ဇ်) မှ လည်းကောင်း သက်ဆိုင်ရာ တိုင်းရင်းသားဒေသအသီးသီးရှိ FM အစီအစဉ်များမှ တိုင်းရင်းသားအစီအစဉ်များတွင်လည်းကောင်း ဖမ်းယူနားဆင်နိုင်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးအောင်လှထွန်းအား VOA မှ ရန်ကုန်ဗျူရိုအကြီးအကဲ လာရောက်တွေ့ဆုံမေးမြန်း

**နေပြည်တော် ဇွန် ၁**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းအား VOA မှ ရန်ကုန်ဗျူရို၏ အကြီးအကဲဖြစ်သူ ဒေါ်ခင်စိုးဝင်းက ယနေ့ နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ သီးသန့်တွေ့ဆုံမေးမြန်းခန်းကို ပြုလုပ်ခဲ့ရာ မြန်မာ့မီဒီယာ အခင်းအကျင်းနှင့် ပတ်သက်၍ သိရှိလိုသည်များကို ဖြေကြားခဲ့သည်။ **(ယာပုံ)**

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး အစ္စရေးနိုင်ငံခရီးစဉ်မှ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇွန် ၁**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် မေ ၂၈ ရက်တွင် ဂျေရုဆလင်မြို့ရှိ အစ္စရေး နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသော မြန်မာနိုင်ငံအစိုးရနှင့် အစ္စရေးနိုင်ငံအစိုးရတို့အကြား ချုပ်ဆိုသည့် ပညာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်ကို အစ္စရေးနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမောင်မောင်လင်းနှင့် အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms Tzipi Hotovely တို့ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

အဆိုပါ သဘောတူညီချက်အရ အခြေခံပညာ၊ သက်မွေးပညာနှင့် အဆင့်မြင့်ပညာကဏ္ဍရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အပြန်အလှန် ဖလှယ်ရေး၊ လေ့လာရေး၊ ပညာဆည်းပူးရေးများကို ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။




ပြည်ထောင်စုဝန်ကြီးသည် ယင်းနေ့ ညနေပိုင်းတွင် ဂျေရုဆလင်မြို့ Station Hall ၌ ကျင်းပသော နိုင်ငံတကာဝန်ကြီးများအဆင့် သိပ္ပံနှင့် နည်းပညာဆိုင်ရာ ညီလာခံ Gala Dinner သို့ နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ဝန်ကြီးများနှင့်အတူ တက်ရောက်ရာ(**ဓာတ်ပုံ**) အစ္စရေးနိုင်ငံ သိပ္ပံနှင့် နည်းပညာဝန်ကြီး H.E. Mr. Ofir Akunis က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အစ္စရေးနိုင်ငံဝန်ကြီးချုပ် H.E. Mr. Benjamin Netanyahu က အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ဂျေရုဆလင်မြို့ Orient Hotel ၌ မေ ၂၈ ရက်မှ ၃၀ ရက်အထိ Thinking out of the Box ခေါင်းစဉ်ဖြင့် ကျင်းပသော နိုင်ငံတကာဝန်ကြီးများအဆင့် သိပ္ပံနှင့် နည်းပညာဆိုင်ရာညီလာခံကို တက်ရောက်သည်။ အဆိုပါညီလာခံတွင် ယနေ့မျက်မှောက်ခေတ် နိုင်ငံတကာရင်ဆိုင်နေရသော ပြဿနာများကို တုံ့ပြန်နိုင်မည့် သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ နည်းစနစ်များအပေါ် နိုင်ငံတကာ အတွေ့အကြုံများကို ဆွေးနွေးဖလှယ်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် နိုင်ငံတကာကိုယ်စားလှယ်အဖွဲ့များသည် မေ ၂၉ ရက် ညနေပိုင်းတွင် The Knesset-the Jsrael Parliament သို့ သွားရောက်လေ့လာပြီး မေ ၃၀ ရက်တွင် Hebrew University of Jerusalem တက္ကသိုလ်ကို လှည့်လည်ကြည့်ရှုလေ့လာကာ တက္ကသိုလ်၏ အောင်မြင်တိုးတက်လျက်ရှိသော သုတေသနလုပ်ငန်းများကို လေ့လာခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၃၀ ရက် ညနေပိုင်းတွင် အစ္စရေးနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီးနှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

**မိုး/ဇလ**

# အီတလီနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညစာစားပွဲကျင်းပ

**ရန်ကုန် ဇွန် ၁**

အီတလီနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့ဗဟန်းမြို့နယ် အင်းလျားမြိုင်လမ်း အမှတ်(၃၃)၌ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဇနီး ဒေါ်လွင်လွင်မှန်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် အီတလီနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီး H.E. Mr. Pier Giorgio Federico Aliberti နှင့် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။ (**ယာပုံ**)

အဆိုပါအခမ်းအနားသို့ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



**သတင်းစဉ်**

# ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာပြည်သူများ၏ စားဝတ်နေရေးအတွက် တရုတ်သံရုံးမှ ထောက်ပံ့ငွေပေးအပ်

**ရန်ကုန် ဇွန် ၁**

မြန်မာနိုင်ငံ၏ပြည်တွင်း ငြိမ်းချမ်းရေးဖြစ်စဉ် အထောက်အကူရမည်ဆိုပါက တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မည်သည့်ကိစ္စမျိုးမဆို ကူညီပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်က ပြောကြားသည်။

ယနေ့ နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ ပြုလုပ်သည့် ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာပြည်သူများ၏ စားဝတ်နေရေးအတွက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ထောက်ပံ့လှူဒါန်းငွေကျပ်သိန်း ၄၀၀ ပေးအပ်သည့် အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးက ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံအမတ်ကြီး မစ္စတာဟုန်လျန်က လှူဒါန်းရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားရာတွင် "ပြီးခဲ့တဲ့လပိုင်းအတွင်းက ကချင်ပြည်နယ်မှာ ပစ်ခတ်မှုတွေရှိခဲ့ပါတယ်၊ အဲဒါကြောင့် ရွာသူရွာသားတွေက နေရပ်စွန့်ခွာခဲ့ပါတယ်၊ အဲဒါကြောင့် သူတို့စားဝတ်နေရေးအတွက် အခက်အခဲများစွာ ကြုံတွေ့နေပါတယ်၊ အခုအလှူငွေဟာ သူတို့တွေရဲ့ စားဝတ်နေရေးအတွက် အထောက်အကူပြုနိုင်မယ်လို့ မျှော်လင့်ပါတယ်၊ တိုင်းရင်းသားအချင်းချင်း ဆွေးနွေးခြင်းအားဖြင့် ထာဝရငြိမ်းချမ်းရေးကို ရရှိနိုင်ပါမယ်၊ မြန်မာနိုင်ငံမြောက်ပိုင်းဒေသမှာ ပစ်ခတ်မှုတွေကြောင့် နယ်စပ်ဒေသ တည်ငြိမ်ရေးနဲ့ လုံခြုံရေးကို ထိခိုက်စေပါတယ်၊ တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးရရှိဖို့အတွက် အပြုသဘောဆောင်တဲ့ အခန်းကဏ္ဍကနေ ပါဝင်ပါတယ်၊ မြန်မာနိုင်ငံ ပြည်တွင်း ငြိမ်းချမ်းရေးဖြစ်စဉ် အထောက်အကူရဖို့အတွက်ဆိုရင် ဘာမဆို ကူညီပေးပါမယ်၊ နှစ်ဖက်သည်းခံဆွေးနွေးပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်၊ မြန်မာနိုင်ငံအစိုးရက ကျင်းပတဲ့ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ အောင်မြင်စွာ ကျင်းပနိုင်မယ်လို့ မျှော်လင့်သလို ထောက်ခံပါတယ်၊ အစည်းအဝေး အောင်မြင်မှု ရဖို့အတွက်လည်း တရုတ်နိုင်ငံအနေနဲ့ ကြိုးပမ်းဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးအောင်မြင်မှုရရှိပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ ကျွန်တော့်အနေနဲ့ မျှော်လင့်ပါတယ်"ဟု ပြောသည်။

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ ပြည်တွင်း ငြိမ်းချမ်းရေးဖြစ်စဉ်ကို ကူညီပေးနိုင်ရန်အတွက် ယခင်နှစ်တွင် ဒေါ်လာတစ်သန်းနှင့် ယခုနှစ်တွင် ဒေါ်လာတစ်သန်း လှူဒါန်းထားကြောင်း တရုတ်သံအမတ်ကြီးထံမှ သိရသည်။

ထို့နောက် ကချင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာ ဒုက္ခသည်များ စားဝတ်နေရေးအတွက် လူသားချင်းစာနာ ထောက်ထားမှုအကူအညီပေးနိုင်ရန် တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်က အလှူငွေကျပ်သိန်း ၄၀၀ ကို ပေးအပ်ရာ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း က လက်ခံရယူပြီး (**ဓာတ်ပုံ**) ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ငြိမ်းချမ်းရေး ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက "မြန်မာ-တရုတ် နှစ်နိုင်ငံဟာ အိမ်နီးချင်း နိုင်ငံသာမက သမိုင်းမှာ ကောင်းမွန်တဲ့ ဆက်ဆံရေးတွေရှိခဲ့တာ အားလုံးအသိပါ၊ မိတ်ဆွေကောင်း အမူအကျင့်အရ တစ်ယောက်လိုတဲ့အချိန် တစ်ယောက်က ထောက်ပံ့ပေးတာ ကောင်းမွန်တဲ့ ဓလေ့တစ်ခုပါ၊ ဒီနေ့လှူဒါန်းတာက မြောက်ပိုင်းမှာ နေရပ်စွန့်ခွာဒုက္ခသည်တွေ စားဝတ်နေရေးအတွက် တကယ်လိုအပ်နေတဲ့အချိန်မှာ လှူဒါန်းတာ ဖြစ်ပါတယ်၊ ငြိမ်းချမ်းရေးဟာ တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှု၊ ရင်းနှီးမှုကို အခြေခံတယ်ဆိုတာ ငြင်းလို့မရပါဘူး၊ ကြိမ်ဖန်များစွာ တွေ့ဆုံမှု ဆွေးနွေးမှုက ရင်းနှီးမှုဖြစ်စေပြီး ယုံကြည်မှုကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်၊ ကျွန်တော်တို့နဲ့အတူ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ မကြာခဏ တွေ့ဆုံပြောကြားနိုင်အောင် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကူညီပေးတာ အလွန်အကျိုးရှိပါတယ်၊ သံအမတ်ကြီးတိုက်တွန်းခဲ့သလို ကျွန်တော်တို့ လက်နက်ကိုင်အဖွဲ့အစည်း ခေါင်းဆောင်တွေနဲ့လည်း ဆက်လက်ပြီးတော့ ထိတွေ့ဆက်ဆံဆွေးနွေးသွားမယ်ဆိုတာ ကျွန်တော်ကတိပြုပါတယ်"ဟု ကျေးဇူးတင်စကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ယနေ့အလှူငွေပေးအပ်သည့် အခမ်းအနားသို့ ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင် ဒုတိယ ဥက္ကဋ္ဌ ဦးသိန်းဇော်၊ အတွင်းရေးမှူး ဦးခင်ဇော်ဦးနှင့် ကော်မရှင် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

# ဆက်သွယ်ရေးကွန်ရက် လွှမ်းခြုံမှုရှိစေရန် အထောက်အပံ့ဖြစ်စေမည့် Myanmar Sat-2 သဘောတူညီချက် လက်မှတ်ရေးထိုး

နေပြည်တော်  ဇွန်  ၁

**သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနနှင့် Intelsat Global Sales and Marketing Ltd တို့အကြား ဆက်သွယ်ရေးဝန်ဆောင်မှုများ ပြတ်တောက်မှုမရှိစေရန်နှင့် မြန်မာတစ်နိုင်ငံလုံး ဆက်သွယ်ရေးကွန်ရက် လွှမ်းခြုံမှုရှိစေရန်အတွက် Satellite Payload IRU Agreement for Myanmar Sat-2 လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ဆက်သွယ်ရေးဝန်ဆောင်မှုများ ပြတ်တောက်မှုမရှိစေရေးနှင့် မြန်မာတစ်နိုင်ငံလုံး ဆက်သွယ်ရေးကွန်ရက် လွှမ်းခြုံမှုရှိစေရေးအတွက် Myanmar Sat-2 မှ အထောက်အပံ့ဖြစ်စေမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် Intelsat Global Sales and Marketing Ltd မှ Regional Vice President (Asia Pacific) ဖြစ်သူ Mr. Terence Antony Bleakley က Myanmar Sat-2 Satellite အသုံးပြုခြင်းအားဖြင့် ပိုမိုမြန်ဆန်ကောင်းမွန်သော ဝန်ဆောင်မှုများ ရရှိလာမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် Satellite Payload IRU Agreement for Myanmar Sat-2 စာချုပ်ကို သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးစိုင်းစောလင်းထွန်းနှင့် Mr. Terence Antony Bleakley တို့က လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။ (**ယာပုံ**)

**သတင်းစဉ်**




# ဂျပန်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများအား ငွေကြေးကဏ္ဍ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခွင့်ပေးနိုင်ရေးကိစ္စ ဆွေးနွေး

**နေပြည်တော်  ဇွန်  ၁**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E Mr. Ichiro MARUYAMA နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ကံ့ကော်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ICT System ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံအစိုးရ အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဂျပန်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများအား ငွေကြေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ခွင့်ပေးနိုင်ရေးကိစ္စရပ်များနှင့် ဂျပန်ယန်းငွေဖြင့် ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှု လွယ်ကူချောမွေ့စေရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ပညာသင်ဆုပေးရေး စီမံချက်အတွက် ဂျပန်ယန်းသန်း ၆၂၀ အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော်  ဇွန်  ၁**

မြန်မာနိုင်ငံတော်အစိုးရသို့ ဂျပန်နိုင်ငံအစိုးရမှ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပညာသင်ဆုပေးရေး စီမံချက် အကောင်အထည်ဖော်ရန် ဂျပန်ယန်း သန်း ၆၂၀ အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာလက်မှတ်ရေးထိုးလဲလှယ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပညာသင်ဆုပေးရေးစီမံချက်အတွက် ဂျပန်ယန်း သန်း ၆၂၀ အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Ichiro MARUYAMA တို့က လက်မှတ်ရေးထိုး (**အပေါ်ပုံ**)လဲလှယ်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးဦးဆက်အောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Ichiro MARUYAMA တို့က ကျေးဇူးတင်စကားပြောကြားကြပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဂျပန်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ စာချွန်လွှာလက်မှတ်ရေးထိုး လဲလှယ်ခြင်းဖြင့် မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်လာစေမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူများရရှိမည်ဖြစ်ကြောင်း သိရသည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပညာသင်ဆုကို ဂျပန်နိုင်ငံတွင် ဒေါက်တာဘွဲ့နှင့် မာစတာဘွဲ့ရယူလိုသည့် လူငယ်နိုင်ငံ့ဝန်ထမ်းများနှင့် ပုဂ္ဂလိက အခန်းကဏ္ဍမှ လူငယ်ခေါင်းဆောင်များအား ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇)နှင့်စပ်လျဉ်း၍ အသိပေးရှင်းလင်း ကုမ္ပဏီများ ဥပဒေအတိုင်းဆောင်ရွက်ပါက အကာအကွယ်ရရှိစေမည်

**မန္တလေး  ဇွန်  ၁**

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ(၂၀၁၇) သည် ယနေ့ခေတ်နှင့် လျော်ညီအောင် ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်ပြီး ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းများ အနေဖြင့် ယင်းဥပဒေကို သိရှိသင့်ပါကြောင်း၊ ဥပဒေမသိဘဲဆောင်ရွက်နေခြင်းက ဥပဒေ၏ အကာအကွယ်ကို ရရှိမည်မဟုတ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဆိုပါ ဥပဒေနှင့် စပ်လျဉ်းသည့် အသိပေး ရှင်းလင်းပွဲတွင် ပြောကြားသည်။

အဆိုပါ အသိပေးရှင်းလင်းပွဲကို မေ ၃၀ ရက် နံနက်ပိုင်းက ရတနာပုံစူပါစင်တာရှိ MRCCI Ballroom ၌ ပြုလုပ်ခြင်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနနှင့် Aust Cham Myanmar တို့က ပူးပေါင်းစီစဉ် ဆောင်ရွက်ကြခြင်း ဖြစ်သည်။

"အခုဥပဒေရဲ့ အားသာချက်တွေကို သိလိုက်ရတော့ တော်တော်သဘောကျပါတယ်၊ ကုမ္ပဏီတွေ ထောင်လိုက်၊ ဖျက်လိုက်၊ အခွန်မပေးချင်လို့ ရှောင်လိုက် အဲ့ဒါတွေတားဆီးနိုင်တယ်၊ ကုမ္ပဏီတွေ စီးပွားရေးလုပ်ငန်းတွေ ဥပဒေတွေကို သိသင့်တယ်၊ ဥပဒေမသိဘဲနဲ့ ရမ်းသမ်းလုပ်နေတာ ကိုယ့်ကိုယ်ကိုယ်လည်း မကာကွယ်နိုင်ဘူး၊ နိုင်ငံမှာ ခေတ်နဲ့မညီတော့တဲ့ ဥပဒေတွေရှိပါတယ်၊ ဖျက်သိမ်းသင့်တဲ့ ဥပဒေတွေရှိတယ်၊ အသစ်ရေးဆွဲသင့်တဲ့ ဥပဒေတွေရှိတယ်၊ အဲ့ဒါတွေကို ပြည်ထောင်စုလွှတ်တော်ကနေ ကြိုးစားပမ်းစား ဆောင်ရွက်နေကြပါတယ်၊ အခုဥပဒေကတော့ အသစ်ဖြစ်ပါတယ်၊ ဒီဥပဒေရဲ့ သိသင့်သိထိုက်တာတွေကို အသိပညာမျှဝေတာ ဖြစ်ပါတယ်" ဟု ဝန်ကြီးချုပ်က အခမ်းအနား တက်ရောက်လာသော လုပ်ငန်းရှင်များအား ပြောကြားသည်။

နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နေသော်လည်း ယင်းရင်းနှီးမြှုပ်နှံမှုများ ရောက်ရှိလာစေရန် မိမိတို့နိုင်ငံရေးအခင်းအကျင်းနှင့် စီးပွားရေးဝန်းကျင်ကို ပြင်ဆင်ထားမည်ဖြစ်ပြီး ယင်းကို ဆောင်ရွက်ရန်မှာ အစိုးရကလည်း ကြိုးစားမြှင့်တင်ပေးရမည်ဖြစ်ကြောင်းလည်း ဆိုသည်။

"ဒီဥပဒေဟာ တိုင်းပြည်ရဲ့အနာဂတ် စီးပွားရေးအတွက် တော်တော်အရေးကြီးတဲ့ ဥပဒေဖြစ်ပါတယ်၊ ဒါနဲ့ပတ်သက်ပြီး မန္တလေးမှာရှိတဲ့ လုပ်ငန်းရှင်တွေ သိသွားအောင်ရည်ရွယ်ပြီး ရှင်းလင်းတဲ့အစီအစဉ်ကို Aust Cham Myanmar နဲ့ပေါင်းပြီး စီစဉ်တာဖြစ်ပါတယ်၊ ဒီဥပဒေဟာ အရင်ကမြန်မာနိုင်ငံမှာ ၁၉၁၄ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေဆိုတာရှိပါတယ်၊ အဲ့ဒီဥပဒေဟာ ခေတ်နဲ့မညီတော့တဲ့အပြင် နိုင်ငံသားတွေ လုပ်ရကိုင်ရတဲ့အခါမှာ အခက်အခဲဖန်တီးသလို ဖြစ်ခဲ့ပါတယ်၊ လုပ်ငန်းရှင်တွေမှာ အချိန်တွေကုန်တယ်၊ ငွေတွေကုန်တယ်၊ ဒါ့ကြောင့် ဒီဥပဒေကို ပြန်ပြီး ပြင်ဆင်ရေးဆွဲခဲ့တာ ဖြစ်ပါတယ်" ဟု ဥပဒေပေါ်ပေါက်လာပုံနှင့် အားသာချက်ဆိုင်ရာများအား ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောကြားသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးမြို့အခြေစိုက် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ ကောင်စစ်ဝန်ချုပ်များ၊ ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ Aust Cham Myanmar မှ ပညာရှင်များ၊ MRCCI မှ အသင်းသားများ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ ဥပဒေဆိုင်ရာ ကျွမ်းကျင်သူများ၊ စိတ်ပါဝင်စားသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မြန်မာနိုင်ငံ အားကစားမီဒီယာအဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းပွဲပြုလုပ်မည်

**ရန်ကုန်  ဇွန်  ၁**

မြန်မာနိုင်ငံအားကစား မီဒီယာများ အဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းပွဲကို ဇွန် ၄ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း စင်ထရယ်ဟိုတယ် ပထမထပ်ရှိ ပတ္တမြားခန်းမ၌ ပြုလုပ်မည်ဖြစ်သည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံအားကစား ကလောင်ရှင်အဖွဲ့ချုပ်မှ မြန်မာနိုင်ငံအားကစား မီဒီယာများ အဖွဲ့ချုပ်အဖြစ် အမည်ပြောင်းလဲဖွဲ့စည်းရခြင်းအကြောင်းနှင့် အဖွဲ့ချုပ်က ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ်များအား အဖွဲ့ချုပ်တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြမည်ဖြစ်ကြောင်း သိရသည်။

ရှင်းလင်းပွဲနှင့် ပတ်သက်၍ မြန်မာနိုင်ငံ အားကစားမီဒီယာများ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးမိုးကျော်က "ကျယ်ပြန့်လာတဲ့ မီဒီယာအနေအထားတွေအရ အဖွဲ့ချုပ်ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းဖို့ လိုအပ်လာပါတယ်၊ ဒါကြောင့် အမှုဆောင်သစ်တွေပါ တိုးချဲ့ဖွဲ့စည်းပြီး အဖွဲ့ချုပ်ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့တာပါ၊ ဒီအဖွဲ့ချုပ်အသစ်ရဲ့ ဆက်လက်ဆောင်ရွက်မယ့် ရှေ့လုပ်ငန်းစဉ်တွေကို အခုပွဲမှာရှင်းလင်း ပြောပြသွားမှာဖြစ်ပါတယ်၊ ဒါ့ကြောင့် ပရင့်၊ ရုပ်သံ၊ အွန်လိုင်းစတဲ့ မီဒီယာနယ်ပယ်တွေမှာ အားကစားကဏ္ဍ တာဝန်ယူနေတဲ့ မီဒီယာသမားတွေ တက်ရောက်ပေးကြဖို့ မေတ္တာရပ်ခံပါတယ်" ဟု ပြောကြားသည်။

**စိုးညွန့်**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော်  ဇွန်  ၁** - မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် မြစ်ဝကျွန်းပေါ် မုတ္တမကွေ့၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကြမ်းတစ်ရပ်လုံးကို လွှတ်တော်က သဘောတူအတည်ပြု




**နေပြည်တော် ဇွန် ၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးဒသမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကြမ်းတစ်ရပ်လုံးကို လွှတ်တော်က သဘောတူအတည်ပြုလိုက်သည်။

အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းခြောက်ခုကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်တို့က ရှင်းလင်းဖြေကြားကြသည်။

မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၏ **ပြည်နယ်တစ်ခု၏ ပြည်နယ်နေ့၊ ပြည်နယ်တစ်ခုအတွင်းရှိ လူမျိုးကိုအခြေခံသော အမျိုးသားနေ့၊ နှစ်သစ်ကူးနေ့ စသည့် အထင်ကရ နေ့ထူးနေ့မြတ်နေ့ရက်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ၎င်းတို့နှင့် သက်ဆိုင်သော အထင်ကရ နေ့ထူးနေ့မြတ်နေ့ရက်များအား သက်ဆိုင်ရာဒေသများအတွင်း တရားဝင်ရုံးပိတ်ရက်များအဖြစ် သတ်မှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် တရားဝင်(ပြန်တမ်းဝင်) ရုံးပိတ်ရက်များစာရင်းကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက နှစ်စဉ်အမိန့်ကြော်ငြာစာ ထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ အဆိုပါထုတ်ပြန်သည့်အမိန့်ကြော်ငြာစာအရ မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်များအပါအဝင် တစ်နှစ်လျှင် ပြန်တမ်းဝင်ရုံးပိတ်ရက် ပျမ်းမျှ ၂၆ ရက်ခန့် ရှိပါကြောင်း၊ ထို့အပြင် ရက်သတ္တပတ်တိုင်း၏ စနေနေ့နှင့် တနင်္ဂနွေနေ့များကို ရုံးပိတ်ရက်အဖြစ် သတ်မှတ်ထားသည့်အတွက် တစ်နှစ်လျှင် ပျမ်းမျှရုံးပိတ်ရက်ပေါင်း ၁၃၀ ရက်ခန့်ရှိပါကြောင်း။

## တိုင်းရင်းသားများသည် ပြည်နယ်များ၏ ပြည်နယ်နေ့များ၊ အမျိုးသားနေ့များတွင် ဓလေ့ထုံးစံအရ ကျင်းပသည့် နှစ်သစ်ကူးနေ့များကို ဥပဒေနှင့်အညီ ကျင်းပဆောင်ရွက်ခွင့်ရှိ

မြန်မာနိုင်ငံတွင် ပြည်နယ်ခုနစ်ခုရှိပြီး ပြည်နယ်နေ့များကို ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပါက ပြည်နယ်အလိုက် ရုံးပိတ်ရက်များ တစ်ရက်စီ တိုးလာမည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံတွင် လူမျိုးစု ၁၀၀ ကျော်ရှိသည့်အတွက် ၎င်းလူမျိုးစုတစ်ခုချင်းစီ၏ နှစ်သစ်ကူးနေ့နှင့် အမျိုးသားနေ့များကို ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပါက ရုံးပိတ်ရက်များ အလွန်များပြားသွားနိုင်မည်ဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြဋ္ဌာန်းခဲ့သော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ အခန်း(၃) အပိုဒ် ၄ (ဂ)တွင် တိုင်းရင်းသားလူမျိုးများသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် မိမိတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအရဆောင်ရွက်သော အခမ်းအနားများနှင့် နေ့ထူးနေ့မြတ်များကို လွတ်လပ်စွာ ကျင်းပခွင့်ရှိသည်ဟု ဖော်ပြပါရှိပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားများသည် ပြည်နယ်များ၏ ပြည်နယ်နေ့များ၊ အမျိုးသားနေ့များတွင် ဓလေ့ထုံးစံအရ ကျင်းပသည့် နှစ်သစ်ကူးနေ့များကို အဆိုပါဥပဒေနှင့်အညီ ကျင်းပဆောင်ရွက်ခွင့်ရှိပါကြောင်း။

ရုံးဖွင့်ရက်များတွင် ပြည်သူတို့အတွက် ဝန်ဆောင်မှုလုပ်ငန်းများ၊ ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ၊ ကုန်သွယ်ရေးလုပ်ငန်းများနှင့် ဘဏ်လုပ်ငန်းတို့ကို ဆောင်ရွက်ရသည့်အတွက် ရုံးပိတ်ရက်များလာပါက ပြည်သူတို့၏အကျိုးကို ဆောင်ရွက်ပေးနိုင်မည့်အချိန် လျော့နည်းသွားမည်ဖြစ်ပါကြောင်း၊ ယခုအချိန်အခါတွင် နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်စေရန်အားလုံး အရှိန်အဟုန်ဖြင့် စုပေါင်းဆောင်ရွက်လျက်ရှိရာ ရုံးပိတ်ရက်များလာပါက ဖွံ့ဖြိုးတိုးတက်ရေးကို အနည်းနှင့်အများ ထိခိုက်မှုရှိလာနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်နယ်များ၏ ပြည်နယ်နေ့များ၊ တိုင်းရင်းသားလူမျိုးများ၏ နေ့ထူးနေ့မြတ်များကို ရုံးပိတ်ရက်အဖြစ်သတ်မှတ်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များတွင် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဆုံးဖြတ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက စဉ်းစားဆောင်ရွက်ရမည့် အကြောင်းအရာဖြစ်ပါသဖြင့် ပြည်ထောင်စုအစိုးရက သတ်မှတ်ပေးရန်မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

## မုံရွာမြို့တွင် ရေစီးရေလာကောင်းမွန်ရေးအတွက် နေရာတိုင်းတွင် တိုင်းတာတွက်ချက်ပြီး နှစ်အလိုက် ရန်ပုံငွေလျာထား ဆောင်ရွက်လျက်ရှိ

မုံရွာမဲဆန္ဒနယ်မှ ဦးညွန့်အောင်၏ **မုံရွာမြို့ စည်ပင်သာယာနယ်နိမိတ်အတွင်းတွင် ရေမြောင်းစနစ် စနစ်တကျဖြစ်စေရေးနှင့် ရေဆိုးထုတ်မြောင်းမကြီးများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက မုံရွာမြို့တွင် ရေစီးရေလာကောင်းမွန်ရေးအတွက် နေရာတိုင်းတွင် တိုင်းတာတွက်ချက်ပြီး နှစ်အလိုက် ရန်ပုံငွေလျာထားဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော၏ **အိန္ဒိယအစိုးရထံမှ ရရှိမည့် အမေရိကန်ဒေါ်လာ ၂၅ သန်း ထောက်ပံ့ငွေများကို ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရကြားတွင် မည်သို့စီမံခန့်ခွဲကြမည်၊ ရခိုင်ပြည်နယ်၏ မည်သည့်ဒေသများတွင် သုံးစွဲမည်နှင့် ဒေသများရွေးချယ်ရာတွင် မည်သည့် စံနှုန်းများဖြင့် သတ်မှတ်မည်တို့ကို သိလိုခြင်း** နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးစိုးအောင်က အိန္ဒိယသမ္မတနိုင်ငံအစိုးရနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရတို့သည် ရခိုင်ပြည်နယ်တွင် နေထိုင်သော ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ပေးခြင်းဖြင့် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုအား မြှင့်တင်နိုင်ရေးအတွက် မြန်မာ-အိန္ဒိယနှစ်နိုင်ငံအစိုးရအကြား ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရကိုယ်စား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရကိုယ်စား အိန္ဒိယနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန်တို့မှ လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း။

ပထမမေးခွန်းဖြစ်သည့် အိန္ဒိယအစိုးရထံမှရရှိမည့် အမေရိကန်ဒေါ်လာ ၂၅ သန်း ထောက်ပံ့ငွေများကို ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရအကြားတွင် မည်သို့စီမံခန့်ခွဲကြမည်နှင့်ပတ်သက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၁၇ ဖြင့် ထုတ်ပြန်ထားသည့် မြန်မာနိုင်ငံ၏ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း၏ အခန်း(၁၃) ထောက်ပံ့ငွေအပိုဒ် ၁၇၁ တွင် နိုင်ငံတော်မူဝါဒအရထောက်ပံ့ငွေများသုံးစွဲရာတွင် ထောက်ပံ့ငွေရရှိသည့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ထောက်ပံ့ငွေရငွေခေါင်းစဉ်အောက်တွင် ရငွေစာရင်းသွင်းပြီး အသုံးစရိတ်များကို သုံးစွဲရာတွင် သာမန်အသုံးစရိတ်အတွက်ဖြစ်ပါက သာမန်အသုံးစရိတ် ခေါင်းစဉ်အောက်တွင်လည်းကောင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြစ်ပါက ငွေလုံးငွေရင်းအသုံးစရိတ်ခေါင်းစဉ်အောက်တွင် လည်းကောင်း စာရင်းသွင်းရမည်ဟု ဖော်ပြထားရှိရာ အိန္ဒိယအစိုးရမှ ထောက်ပံ့မည့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ငါးသန်းဖြင့် ငါးနှစ်အတွက် အမေရိကန်ဒေါ်လာ ၂၅ သန်းကို ပြည်ထောင်စုဘတ်ဂျက်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ ပြည်ပအကူအညီရငွေ၊ ငွေလုံးငွေရင်းရငွေ ပစ္စည်းခေါင်းစဉ်တွင် တစ်နှစ်လျှင်အမေရိကန်ဒေါ်လာ ငါးသန်းနှင့်ညီမျှသော မြန်မာကျပ်ငွေကို ရငွေအဖြစ်လည်းကောင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်၊ တည်ဆောက်ရေးခေါင်းစဉ်တွင် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၅ သန်းနှင့်ညီမျှသော မြန်မာကျပ်ငွေကို သုံးငွေအဖြစ်လည်းကောင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ် ထည့်သွင်းလျာထားဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ဒုတိယမေးခွန်းဖြစ်သည့် ရခိုင်ပြည်နယ်၏ မည်သည့်ဒေသများတွင် သုံးစွဲမည်နှင့် တတိယမေးခွန်းဖြစ်သည့် ဒေသများရွေးချယ်ရာတွင် မည်သည့်စံနှုန်းများဖြင့် သတ်မှတ်မည်နှင့် ပတ်သက်၍ စီမံကိန်းလုပ်ငန်းများရွေးချယ်ရာတွင် သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့သည် ၂၀၁၈ ခုနှစ် ဧပြီလအတွင်းက လျာထားစီမံကိန်းများကို တင်ပြခဲ့ပါကြောင်း၊ ထိုသို့တင်ပြခဲ့ရာတွင် နားလည်မှုစာချွန်လွှာပါ စီမံကိန်းများရွေးချယ်မှုနှင့် အကောင်အထည်ဖော်မှုနည်းလမ်းများကိုအခြေခံပြီး စီမံကိန်းများကို လျာထားပေးပို့ခဲ့ပါကြောင်း။

ထိုသို့ပေးပို့ခဲ့ရာတွင် ပြည်ထောင်စုဝန်ကြီးဌာန ငါးခုက စီမံကိန်းလုပ်ငန်း ၁၈ ခုအတွက် စုစုပေါင်းခန့်မှန်း အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၅ သန်းနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ စီမံကိန်းလုပ်ငန်း ၁၀ ခုအတွက် စုစုပေါင်း ခန့်မှန်း အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၅ သန်းတို့ကို အဆိုပြုတင်ပြထားခဲ့ပါကြောင်း၊ ယခု တင်ပြချက်တန်ဖိုးများသည် ငါးနှစ်စာအတွက် ဖြစ်ပါကြောင်း၊ အဆိုပါ လျာထားစီမံကိန်းများနှင့် တန်ဖိုးများသည် အဆိုပြုထားခြင်းများသာဖြစ်ပြီး ထပ်မံညှိနှိုင်း အတည်ပြုရမည်ဖြစ်ပါကြောင်း။

## အိန္ဒိယအစိုးရ၏ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၂၅သန်းကို ရခိုင်ပြည်နယ်တွင် နေထိုင်ကြသော ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အကျိုးရှိစွာစီမံခန့်ခွဲသွားမည်

ဝန်ကြီးဌာနအသီးသီးတို့မှ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့နှင့် လျာထားဆောင်ရွက်လိုသည့် စီမံကိန်းများကို မိမိတို့ဝန်ကြီးဌာနက ဦးဆောင်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ဖိတ်ကြားပြီး ညှိနှိုင်းအစည်းအဝေးပြုလုပ်ကာ ရွေးချယ်အတည်ပြုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာ-အိန္ဒိယနှစ်နိုင်ငံ အစိုးရအကြား ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ အိန္ဒိယအစိုးရ၏ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၂၅ သန်းကို ရခိုင်ပြည်နယ်တွင် နေထိုင်ကြသော ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ရိုက်အကျိုးရှိစေပြီး စီမံကိန်းလုပ်ငန်းများကို ရွေးချယ်ကာ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်နယ်အစိုးရအဖွဲ့တို့ပူးပေါင်းပြီး အကျိုးရှိစွာ စီမံခန့်ခွဲသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ လှိုင်သာယာ မဲဆန္ဒနယ်မှ ဦးဝင်းမင်း၊ ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေးနှင့် တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းနှင့် ဒုတိယဝန်ကြီး ဦးစိုးအောင်တို့က ရှင်းလင်းဖြေကြားသည်။

## သက်ငယ်မုဒိမ်းမှုအထူးဥပဒေအမြန်ရေးဆွဲကာ သေဒဏ်ချမှတ်သည်အထိ ပြဋ္ဌာန်းရန်အဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်

ထို့နောက် ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၏ **တစ်နေ့တခြားများပြားလာပြီး ထိတ်လန့်ဖွယ်ရာအဆင့်သို့ ရောက်ရှိနေသော သက်ငယ်မုဒိမ်းမှု ကျူးလွန်သူများအား ထိရောက်စွာ ဟန့်တားနိုင်ရန် အထူးဥပဒေတစ်ရပ်အမြန်ရေးဆွဲကာ ထိုဥပဒေထဲတွင် ပြစ်မှုပြစ်ဒဏ်အပိုင်းကို သေဒဏ်ချမှတ်သည်အထိ တိတိကျကျရေးဆွဲပြဋ္ဌာန်းပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် မြန်မာနိုင်ငံ၌ ကလေးသူငယ်များအပေါ် ကျူးလွန်နေကြသည့် ပြစ်မှုများကို လေ့လာကြည့်လျှင် ကျင့်ဝတ်သိက္ခာအရနှင့် ယဉ်ကျေးမှုအရပါ လူမှုအဖွဲ့အစည်းတစ်ခုလုံးကို ခြိမ်းခြောက်လာသည့် အခြေအနေများနှင့် ရင်ဆိုင်နေရပြီဟု သုံးသပ်ရမည်ဖြစ်ပါကြောင်း။

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ-၃၄၇ တွင် နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရှိစေရမည်။ ထို့ပြင် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်ဟု ပြဋ္ဌာန်းထားရှိပါကြောင်း၊ ယခုအချိန်တွင် ပြောင်းလဲလာသော ခေတ်အခြေအနေအရ ကလေးသူငယ်ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းနေမည့်အစား သေဒဏ်အထိ ပြစ်ဒဏ်ပေးနိုင်သည့် အထူးဥပဒေအသစ်တစ်ရပ် ပြန်လည်ရေးဆွဲပြဋ္ဌာန်းသင့်သည့်ဟု ဥပဒေပညာရှင်များကလည်း ရေးသားပြောဆိုမှုများရှိနေကြပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂(က) တွင် မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသော တပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း။

ထို့အပြင် ၁၉၉၁ ခုနှစ်တွင် မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးခဲ့သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂအထွေထွေညီလာခံ သဘောတူညီချက်(စာချုပ်) အပိုဒ် ၃၄ တွင် ကလေးသူငယ်များအားလုံးသည် လိင်မှုကိစ္စဆိုင်ရာ စော်ကားညှဉ်းပန်းခြင်းမှ အကာအကွယ်ရပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားရှိပါကြောင်း၊ ယင်းအချက်များကို ကာကွယ်စောင့်ရှောက်နိုင်ရန် လက်တွေ့ကျကျ အကောင်အထည်ဖော်ရန် လိုအပ်နေပါကြောင်း၊ တည်ဆဲဥပဒေများနှင့် ကာကွယ်ရန် မလုံလောက်သည်ကို ပေါ်ပေါက်နေသည့် ဖြစ်စဉ်ဖြစ်ရပ်များက သက်သေပြနေပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ မြန်မာနိုင်ငံအစိုးရက လက်မှတ်ရေးထိုးထားသည့် နိုင်ငံတကာသဘောတူညီချက်များအရသော်လည်းကောင်း၊ အသက်ရှင်လျက်နှင့် ဘဝသေနေသည့် ကလေးများမဖြစ်စေရန်အတွက် မုဒိမ်းမှုကျူးလွန်သူများကို ထိရောက်စွာဟန့်တားနိုင်ရန်အတွက် အထူးဥပဒေတစ်ရပ် အမြန်ရေးဆွဲကာ ထိုဥပဒေထဲတွင် ပြစ်မှုပြစ်ဒဏ်အပိုင်းကို သေဒဏ်ချမှတ်သည်အထိ တိတိကျကျရေးဆွဲပြဋ္ဌာန်းပေးရန် ရှင်းလင်းတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ယင်းအဆိုအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

*စာမျက်နှာ ၇ သို့*

# အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်ကအတည်ပြု

**နေပြည်တော် ဇွန် ၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ(**ယာပုံ**)အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုခဲ့သည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် ကြယ်ပွင့်ပြ မေးခွန်းခြောက်ခုကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ဖြေကြားခြင်းနှင့် အစီရင်ခံစာနှစ်ခု ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။




## ကယားပြည်နယ် သံလွင်မြစ်ကူးတံတား (ရွာသစ်-စွပ်ပိုင်) တည်ဆောက်ရေး ပြည်နယ်အစိုးရအဖွဲ့နှင့် ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားမည်

ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကျော်သန်း၏ **ကယားပြည်နယ်၊ ဘော်လခဲခရိုင်၊ ရွာသစ်မြို့နယ်၊ သံလွင်မြစ်ကူးတံတား (ရွာသစ် - စွပ်ပိုင်) တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က သံလွင်မြစ်ကူးတံတား (စွပ်ပိုင်) တည်ဆောက်ရန်အတွက် ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ခြောက်လဘတ်ဂျက်တွင် ငွေကျပ်သန်း ၅၀ ခွင့်ပြုခဲ့ပါကြောင်း၊ အဆိုပါဘတ်ဂျက်ဖြင့် တံတားအထူးအဖွဲ့ ၆မှ တံတားအုကြောင်း ရှာဖွေခြင်း၊ မြေစမ်းသပ်ခြင်းနှင့် တံတားပုံစံထုတ်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့သော် ကယားပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် ၁၆/၂၀၁၈၏ ဆုံးဖြတ်ချက် အပိုဒ်(၈၇) (ဃ)တွင် ထိုင်းနိုင်ငံဘက်မှ လမ်းဖောက်လုပ်ရန်နှင့် နယ်စပ်ကုန်သွယ်ရေးကိစ္စများ ဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါသဖြင့် လတ်တလောတွင် တည်ဆောက်ရန်မသင့်ကြောင်း ဆုံးဖြတ်ခဲ့ပါသဖြင့် တံတားတည်ဆောက်ရေးကိစ္စနှင့် ပတ်သက်၍ ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတက်ထွန်းအောင်၏ **ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ အနောက်ဖရုံကာကျွန်းရှိ စိုးမဲကျီ-ဆံတော်ရှင် တောင်ကျော်လမ်း မြေသားလမ်း ဖောက်လုပ်ခြင်းကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အနောက်ဖရုံကာကျွန်းရှိ စိုးမဲကျီ - ဆံတော်ရှင် တောင်ကျော်လမ်း အရှည်သုံးမိုင်သည် သဲခုံ - ဆံတော်ရှင် မြေသားလမ်းသို့ ဆက်သွယ်သည့် လမ်းပိုင်းဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော လမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏ လက်ရှိအခြေအနေမှာ လူသွားလမ်းအဆင့်သာရှိပြီး မြေသားလမ်း ဖောက်လုပ်နိုင်ရန် မြေပြင်အခြေအနေ တိုင်းတာဆောင်ရွက်၍ Geometric Design, Structural Design များအရ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

အဆိုပါလမ်းမှာ လမ်းအဆင့် သတ်မှတ်ချက်အရ Class C ဦးစားပေးအဆင့် ၁ တွင် ပါဝင်သောလမ်းဖြစ်သဖြင့် လမ်းအဆင့်မြှင့်တင်ရန်အတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် လျာထားတောင်းခံပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးနိုင်ကိုကို၊ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေး၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးရှန်အောရ်နှင့် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးဝေ့တင်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဆက်လက်ရှင်းလင်း ဖြေကြားခဲ့သည်။

## မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုက အမည်စာရင်းတင်သွင်းနိုင်

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြပြီး ယင်းပြင်ဆင်ချက်ကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

## ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြု

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်ကျိုန်ခိုက်မန်က ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရာတွင် ကော်မတီသည် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လေ့လာစိစစ်ရာ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များသည် ပြည့်စုံမှုရှိပါသဖြင့် ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်သင့်ပါကြောင်း၊ ကော်မတီသည် ယင်းဥပဒေကြမ်းအပေါ် ထပ်မံပြင်ဆင်ဖြည့်စွက်ရန် မရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာမျိုးအောင်က အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီ အလိုက် လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈) (ပြည်တွင်း ပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီဥက္ကဋ္ဌ) ဦးကျော်ထွေးက ယင်းဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းရာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးဥက္ကာမင်းက ထောက်ခံသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက် နေ့ကို ဇွန် ၄ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

*ပြည်သူ့လွှတ်တော်အစည်းအဝေးမှ*

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော မြန်မာ့သမိုင်းအဖွဲ့ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်သွားမည်

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးသည်။

## အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေး

ဆက်လက်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တင်သွင်းသည့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင်က ပြင်ဆင်ချက်အဆိုတင်သွင်းပြီး မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်းနှင့် မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုးတို့က ဆွေးနွေးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် လွှတ်တော်၏ အဆုံးအဖြတ် ရယူပြီး လွှတ်တော်က သဘောတူအတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက် နေ့ကို ဇွန် ၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာပြောင်းရွှေ့နေထိုင်သည့် တိုင်းရင်းသားပြည်သူများအတွက် ငွေရည်ပုလဲကုမ္ပဏီအုပ်စုမှ အလှူငွေကျပ်သိန်း ၃၀၀ လှူဒါန်း

**တောင်ကြီး ဇွန် ၁**

ရခိုင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာ ခေတ္တပြောင်းရွှေ့နေထိုင်ရသည့် တိုင်းရင်းသား ပြည်သူများအတွက် ငွေရည်ပုလဲ ကုမ္ပဏီအုပ်စုမှ အလှူငွေကျပ် သိန်း ၃၀၀ လှူဒါန်းပွဲကို ယနေ့ ညနေ ၄ နာရီက ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေး ခန်းမ၌ ကျင်းပခဲ့သည်။




အခမ်းအနားတွင် ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အမှာစကားပြောကြားသည်။ ယင်းနောက် ငွေရည်ပုလဲ ကုမ္ပဏီအုပ်စု မန်နေဂျင်းဒါရိုက်တာ ဦးသိန်းမြင့်နှင့် အမှုဆောင်ဒါရိုက်တာ ဦးစိန်မျိုးအောင်တို့က အလှူငွေများ ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က လက်ခံခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ (**ယာပုံ**)

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ငွေရည်ပုလဲကုမ္ပဏီအုပ်စုမှ တာဝန်ခံ မန်နေဂျင်းဒါရိုက်တာ၊ အမှုဆောင်ဒါရိုက်တာတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# သက်ငယ်မုဒိမ်းမှု ကျူးလွန်သူများအား ထိရောက်စွာဟန့်တားနိုင်သည့် အထူးဥပဒေတစ်ရပ်ရေးဆွဲရန် ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်း

နေပြည်တော် ဇွန် ၁

**တစ်နေ့တခြား များပြားလာပြီး ထိတ်လန့်ဖွယ်ရာအဆင့်သို့ ရောက်ရှိနေသော သက်ငယ်မုဒိမ်းမှု ကျူးလွန်သူများအား ထိရောက်စွာ ဟန့်တားနိုင်ရန် အထူးဥပဒေတစ်ရပ် အမြန်ရေးဆွဲကာ ထိုဥပဒေထဲတွင် ပြစ်မှုပြစ်ဒဏ်အပိုင်းကို သေဒဏ်ချမှတ်သည်အထိ တိတိကျကျ ရေးဆွဲပြဋ္ဌာန်းပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**ကို ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေက ယနေ့ ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် တင်သွင်းခဲ့သည်။

ဒေါ်ခင်စောဝေက အဆိုနှင့်ပတ်သက်၍ ရှင်းလင်းရာတွင် သက်ငယ်မုဒိမ်းမှု ဖြစ်ပွားမှုနှုန်းသည် နှစ်စဉ်မြင့်တက်လျက်ရှိပြီး နှစ်နှစ်ကျော်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် အမှုပေါင်း ၂၀၀၀ နီးပါးအထိရှိလာသည်ကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ လွှတ်တော်အတွင်းရှင်းလင်းပြောကြားချက်အရ သိရှိခဲ့ရကြောင်း၊ အမှုကြီး ၁၀ မျိုးတွင် ပါဝင်သော မုဒိမ်းမှုသည် ယခုနောက်ပိုင်း နေရာအနှံ့ ဆက်တိုက်ဖြစ်ပေါ်နေပါကြောင်း၊ မုဒိမ်းမှုကျူးလွန်ရခြင်းသည် လူသားစိတ်မရှိခြင်း၊ ဘာသာရေးအဆုံးအမ၌ မတည်ခြင်း၊ အသိပညာနည်းပါးခြင်းတို့အပြင် အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့ကြောင့်ဖြစ်သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနမှ သုံးသပ်ဖော်ပြထားပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့ပြင် အဆိုရှင်က ကလေးသူငယ်များအပေါ် မုဒိမ်းမှုကျူးလွန်ခြင်းသည် မြန်မာ့လူ့အဖွဲ့အစည်း၏ ဂုဏ်သိက္ခာကျဆင်းစေသည်သာမက နိုင်ငံ၏ အနာဂတ်မျိုးဆက်များဖြစ်သည့် ကလေးသူငယ်များ၏ဘဝကို အသက်ရှင်လျက်နှင့် ရုပ်ပိုင်း၊ စိတ်ပိုင်း ရှင်သန်ခြင်းမရှိနိုင်အောင် ဖျက်ဆီးခံရခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ကလေးသူငယ်အပေါ် ကျူးလွန်နေကြသည့် ပြစ်မှုများကို လေ့လာကြည့်လျှင် ကျင့်ဝတ်သိက္ခာအရ၊ ယဉ်ကျေးမှုအရ လူမှုအဖွဲ့အစည်း တစ်ခုလုံးကို ခြိမ်းခြောက်လာသည့် အခြေအနေများနှင့် ရင်ဆိုင်နေရပြီဟု သုံးသပ်ရမည်ဖြစ်ပါကြောင်း ရှင်းလင်းသည်။



ရသေ့တောင် မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ

အလားတူ အဆိုရှင်က သက်ငယ်မုဒိမ်းမှုများနှင့် ပတ်သက်၍ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေး အပြီးတွင် သက်ငယ်မုဒိမ်းမှုများနှင့် ပတ်သက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မီဒီယာများ၏ မေးမြန်းမှုကို အမြင့်ဆုံး ထောင်ဒဏ် ၁၀ နှစ်မှ တစ်သက်တစ်ကျွန်းအထိ ပြစ်ဒဏ်ချမှတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ၁၉၉၃ ခုနှစ် ကလေးသူငယ် ဥပဒေကိုလည်း ပြင်ဆင်ရေးဆွဲနေကြောင်း၊ သက်ငယ်မုဒိမ်းမှုပြစ်ဒဏ်ကို အမြင့်ဆုံး သေဒဏ်ပေးရေးအတွက် လွှတ်တော်တွင် ဆွေးနွေးကြရမည်ဟု ပြန်လည်ဖြေကြားခဲ့သည်ကို သတင်းဂျာနယ်များ၏ ဖော်ပြချက်အရ သိရှိရပါကြောင်း။

၂၀၁၄ ခုနှစ်မှစ၍ အမျိုးသမီးများ အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေတစ်ခုပေါ်ထွက်လာရန် CSO များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ ပူးပေါင်း၍ ဆောင်ရွက်ခဲ့သော်လည်း ယနေ့အထိ ဥပဒေကြမ်းအဖြစ် လွှတ်တော်သို့ တင်သွင်းနိုင်ခြင်းမရှိသေးပါကြောင်း။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ-၃၄၇ တွင် "နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရှိစေရမည်။ ထို့ပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်" ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ထို့ပြင် ပုဒ်မ ၃၂(က)တွင် မိခင်နှင့်ကလေးသူငယ်များ မိဘမဲ့ကလေးများ၊ ကျဆုံးသော တပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်ဟု ပြဋ္ဌာန်းထားကြောင်းကိုလည်း အဆိုရှင်က ဥပဒေနှင့်အညီ ထောက်ပြပြောဆိုခဲ့သည်။

ထို့ပြင် ၁၉၉၁ ခုနှစ်တွင် မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးခဲ့သော ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂအထွေထွေညီလာခံ သဘောတူညီချက်(စာချုပ်) အပိုဒ် ၃၄ တွင် ကလေးသူငယ်များအားလုံးသည် လိင်မှုကိစ္စဆိုင်ရာ စော်ကားညှဉ်းပန်းခြင်းမှ အကာအကွယ်ရပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားရှိပါကြောင်း။

သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေအရသော် လည်းကောင်း၊ မြန်မာနိုင်ငံအစိုးရမှ လက်မှတ်ရေးထိုးထားသည့် နိုင်ငံတကာသဘောတူညီချက်များအရသော်လည်းကောင်း၊ အသက်ရှင်လျက်နှင့် ဘဝသေနေသည့် ကလေးများမဖြစ်စေရန်အတွက် မုဒိမ်းမှုကျူးလွန်သူများကို ထိရောက်စွာ ဟန့်တားနိုင်သည့် အထူးဥပဒေတစ်ရပ် အမြန်ရေးဆွဲကာ ထိုဥပဒေထဲတွင် ပြစ်မှုပြစ်ဒဏ်အပိုင်းကို သေဒဏ်ချမှတ်သည်အထိ တိတိကျကျ ရေးဆွဲပြဋ္ဌာန်းပေးရန် လိုအပ်ပါကြောင်းဖြင့် အဆိုတင်သွင်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြခဲ့သည်။

ယင်းအဆိုကို ပြည်သူ့လွှတ်တော်က သဘောတူညီခဲ့ပြီး လက်ခံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်**

# YRTA သာမက အခြားသယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက်ကိုပါ ဥပဒေရေးဆွဲရန် စီစဉ်ဆောင်ရွက်မည်

ရန်ကုန် ဇွန် ၁

**YRTA နှင့် စပ်လျဉ်းပြီး ဥပဒေရေးဆွဲဆောင်ရွက်သည့်အခါတွင် လိုအပ်ချက်အရ YBS နှင့် အခြားသယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက်ကိုပါ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောကြားသည်။**

ယနေ့ကျင်းပသော ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးတွင် တာမွေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းမြင့်၏ မေးခွန်းမေးမြန်းမှုကို ဖြေကြားရာတွင် တိုင်းဒေသကြီးဝန်ကြီးက ထိုသို့ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်က YBS စနစ်တွင် ဥပဒေမရှိဘဲ ဆောင်ရွက်နေခြင်းမှ ဥပဒေတစ်ခုရေးဆွဲ၍ စနစ်တကျဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် YRTA နှင့်ပတ်သက်၍ ဥပဒေတစ်ခုရေးဆွဲပြီး ဖွဲ့စည်းဆောင်ရွက်ပေးခြင်းဖြင့် YBS, Water Taxi, Taxi များကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ခြင်း ရှိ၊ မရှိ သိရှိလိုပါကြောင်း မေးမြန်းခဲ့သည်။

အဆိုပါမေးခွန်းနှင့် ပတ်သက်၍ တိုင်းဒေသကြီး ဝန်ကြီး ဒေါ်နီလာကျော်က ဖြေကြားရာတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်း၌ သွားလာလျက်ရှိသော ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရန် တိုင်းဒေသကြီးလွှတ်တော်၌ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါကြောင်း၊ အဆိုပါဥပဒေတွင် ပုဂ္ဂလိကယာဉ်ပိုင်ရှင်များက စုဖွဲ့သော မော်တော်ယာဉ်လိုင်းများ၊ ၎င်းအသင်းတို့ကို ကြီးကြပ်သည့် ကော်မတီများ၊ ကော်မတီများကို ကြီးကြပ်ကွပ်ကဲရေးအတွက် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ ၎င်းဥပဒေတွင် ပုဂ္ဂလိကမော်တော်ယာဉ်များအား တစ်ဦးချင်းပိုင်စနစ်မှသည် ခေတ်စနစ်နှင့်အညီ ပုဂ္ဂလိကကုမ္ပဏီများ၊ အများပိုင်ကုမ္ပဏီများပြေးဆွဲသည့်စနစ်သို့ အဆင့်ဆင့် အသွင်ကူးပြောင်းရန် ပြဋ္ဌာန်းထားပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သစ် တာဝန်ယူချိန်၌ တိုင်းအတွင်း ခရီးသည်ပို့ဆောင်ရေးစနစ်မှာ ၂၀၁၄ ခုနှစ် ပုဂ္ဂလိကပိုင်မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေနှင့်အညီ ပြောင်းလဲဖွဲ့စည်းမှုကို မဆောင်ရွက်နိုင်သေးဘဲ မထသကော်မတီကြီးကြပ်သော စနစ်ဖြင့်သာ ဆောင်ရွက်နေဆဲ ရှိနေသည့် အခြေအနေတွင် ခရီးသွားပြည်သူများ အဆင်မပြေမှုများ၊ လုံခြုံစိတ်ချမှု အားနည်းခြင်း၊ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းလိုက်နာမှု အားနည်းခြင်းများ ဖြစ်ပေါ်ခဲ့သည့်အတွက် ၂၀၁၄ ခုနှစ် ပုဂ္ဂလိကပိုင် မော်တော်ယာဉ်များစနစ်တကျပြေးဆွဲရေး ဥပဒေတွင် ဖော်ပြထားသော ပုဂ္ဂလိကပိုင်ကုမ္ပဏီ၊ အများပိုင်ကုမ္ပဏီများ ပြေးဆွဲသောစနစ်ဖော်ဆောင်နိုင်မည်ဟု ယူဆရသည့်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၁၆ ခုနှစ် မေ ၂၂ ရက်တွင် မထသကော်မတီများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ယာဉ်ပိုင်ရှင်ကိုယ်စားလှယ်များအား တွေ့ဆုံပြီး ပိုမိုကောင်းမွန်သော အများပိုင်ကုမ္ပဏီများဖြင့် ရန်ကုန်ဘတ်စ်ကားစနစ်ကို ပြောင်းလဲရန် အသိပေးပြောကြားခဲ့ပါကြောင်း။

YBS စနစ်ကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် စတင်ဖော်ဆောင်ခဲ့ပါကြောင်း၊ တိုင်းဒေသကြီးအတွင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ ကြီးကြပ်စီမံလျက်ရှိကြောင်း၊ YBS မှာ YRTA ၏ စီမံမှုအောက်မှ ပြည်သူလူထုသယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းဖြစ်ပါကြောင်း၊ ၁၉၆၂ ခုနှစ်မှ စတင်၍ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး(မထသ)ကို တည်ဆဲဥပဒေများနှင့်အညီ ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့၌ မထသကို ဖျက်သိမ်း၍ YBS စနစ် ကို တည်ဆဲဥပဒေများနှင့်အညီ ဖော်ဆောင်ရာတွင် လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ပြည်သူများ၏ ပံ့ပိုးမှုဖြင့် ပြောင်းလဲဖော်ဆောင်နိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ် ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေအရ ပြောင်းလဲဖော်ဆောင်ချိန်တွင် ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော သတ်မှတ်ချက်များနှင့် မညီညွတ်တော့သည့်အတွက် လက်ရှိ အကောင်အထည်ဖော်မှုနှင့် ညီညွတ်သည့်ဥပဒေများ ပြဋ္ဌာန်းရန် လိုအပ်လျက်ရှိရာ ဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရန် လေ့လာညှိနှိုင်း ဆွေးနွေးမှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ စီမံဆောင်ရွက်နေသည့် အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ နေ့စဉ်ဆောင်ရွက်ပေးရန်လိုအပ်သော အများပြည်သူသယ်ယူပို့ဆောင်မှုကို စီမံဆောင်ရွက်ကြီးကြပ်ပေးနိုင် ရန် YRTA ကို ဖွဲ့စည်းတာဝန်ပေးအပ်ပြီး YBS မှာ YRTA အောက်မှ အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းဖြစ်ပါကြောင်း၊ YRTA နှင့် ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စည်းကမ်းထိန်းသိမ်းကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ YRTA နှင့် စပ်လျဉ်းပြီး ဥပဒေရေးဆွဲဆောင်ရွက်သည့်အခါတွင် လိုအပ်ချက်အရ YBS နှင့် အခြားသယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက်ကို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဥပဒေကိုဆောင်ရွက်နေစဉ်ကာလတွင် Water Bus နှင့် Taxi ကဲ့သို့သော အသွင်သဏ္ဌာန်မတူသည့် ပို့ဆောင်ရေးလုပ်ငန်းများကိုလည်း ညွှန်ကြားချက်များ၊ လိုအပ်သော ဥပဒေ၊ နည်းဥပဒေများကို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

လတ်တလောတွင် တည်ဆဲဥပဒေများအရ Water Bus ပြေးဆွဲရန်အတွက် Water Bus သာမက ရေကြောင်းတွင် သွားလာနေသည့် ယာဉ်များနှင့်ပတ်သက်၍ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ဥပဒေ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေအစရှိသော ဥပဒေများနှင့်ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဆိပ်ကမ်းနှင့်ပတ်သက်ပါက ဆိပ်ကမ်းအာဏာပိုင်၊ ရေအရင်း အမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဥပဒေ၊ ဆိပ်ကမ်းအာဏာပိုင်ဥပဒေများနှင့် ညီညွတ်အောင် ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ လမ်းတံတားဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လမ်းဦးစီး၊ တံတားဦးစီးအသီးသီးတို့ရှိ ဥပဒေများနှင့် ညီညွတ်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားခဲ့သည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - ထိန်လင်း**




အင်းစိန်လမ်း လှည်းတန်းမှတ်တိုင်တွင် YBS ခရီးသည်တင်ယာဉ်ကြီးများကို တွေ့ရစဉ်။

❀ *ကျောဖုံးမှ*

ထို့အပြင် အသက်ငါးနှစ်ပြည့်သူတိုင်းအား သူငယ်တန်း (KG) တွင် လည်းကောင်း၊ အသက်ခြောက်နှစ်ပြည့်သူတိုင်းအား ပထမတန်း( Grade 1)တွင် လည်းကောင်း၊ ကျောင်းနေအရွယ်အားလုံး ကျောင်းအပ်နိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ပါကြောင်း ပညာရေးဝန်ကြီးဌာနမှ မေတ္တာရပ်ခံထားကြောင်း သိရသည်။

အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုတွင် အခမဲ့ဖြစ်သည့်အပြင် မူလတန်းမှ အထက်တန်းအထိ ကျောင်းသုံးစာအုပ်များကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့သည်။ မိဘ၊ ဆရာနှင့် ကလေးပူးပေါင်းပါက ပညာရေးကောင်းမည်ဖြစ်ပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ပညာရေးအထောက်အကူအဖွဲ့များကလည်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ပါက ပညာရေးဖြင့်ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီး တည်ဆောက်နိုင်မည်မှာ မလွဲဧကန်ပင်ဖြစ်ပေသည်။

ယခုနှစ် ကျောင်းအပ်ချိန်တွင် အခြေခံပညာကျောင်းများအားလုံးတွင် ကျောင်းအပ်လက်ခံရာ၌ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေး၊ စာကြည့်တိုက်ကြေးများအပါအဝင် မည်သည့်အခကြေးငွေမှ ကောက်ခံခြင်းမရှိပါကြောင်း သိရသည်။

**မွှေးကြူဇင် (သတင်းစဉ်)**

## ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ပြည်မြို့နယ်၌ ကျင်းပ

ပြည် ဇွန် ၁

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ရွာမအုပ်စု မြောက်ခွေးရဲကျေးရွာ အောင်သုခမ္မာရုံ၌ မေ ၂၉ ရက် မွန်းလွဲ ၁ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြည်ခရိုင်ဦးစီးမှူး ဦးအောင်ကိုသန့်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ယင်းနောက်ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် အဆိုပါကျေးရွာအုပ်စု၏ စိုက်ပျိုးရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကျေးရွာမီးလင်းရေးစသည့် ကျေးလက်ဖွံ့ဖြိုးရေးကိစ္စရပ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ၊ မြို့နယ်ကျေးလက်ဦးစီးဌာနမှူး ဦးကျော်လင်းအောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်ဆန်းဝင်း၊ မြို့နယ်ကျေးလက်လမ်းဦးစီးဌာနမှူး ဦးကျော်ဒွေးနှင့် မြို့နယ်မှ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဒေါ်မီမီခိုင်ဝင်းတို့က ဦးဆောင်ပါဝင်ဆွေးနွေးခဲ့ကြပြီး ကျေးရွာပြည်သူများက ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြရာ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **မျိုးကျော်ကြီး(ပြန်/ဆက်)**

# စာဖတ်ခြင်းအလေ့ ပျိုးထောင်ကြရာတွင်

အောင်မြင့်စိုး(ရေစကြို)

**စာဖတ်ဝါသနာဟူသည် ပျိုးထောင်ယူရသောစိတ်ဖြစ်သည်။ သာမန်အားဖြင့် စာဖတ်ဝါသနာဟုဆိုလိုက်သော်လည်း စာပေစွဲမြဲခြင်း၊ စာပေမွေ့လျော်ခြင်းကို ဆိုလိုသည်။ စာဖတ်စွဲလမ်းခြင်းနှင့် စာပေမွေ့လျော်ခြင်းကို စာဖတ်အလေ့၊ စာဖတ်ဝါသနာနှင့် စာဖတ်အကျင့်ဟူ၍ အကြမ်းအားဖြင့် သုံးပိုင်းခွဲနိုင်မည်ထင်သည်။ စာဖတ်အလေ့ဆိုသည်မှာ စာအုပ် စာတမ်းများကို အခိုက်အခါအလျောက် ကောက်ကိုင်ဖတ်ရှုသည့် အလေ့အထကိုဆိုလိုသည်။ စာဖတ်ဝါသနာဆိုသည်မှာ စာအုပ် စာတမ်းများကို နှစ်လိုနှစ်ခြိုက်ဖတ်ရှုသည့် အစွဲအလမ်းကိုဆိုလိုသည်။ စာဖတ်အကျင့်ဆိုသည်ကား စာအုပ် စာတမ်းများကို အစဉ်တစိုက် အရှုးအမူးဆည်းပူးသည့်အကျင့်ကို ဆိုလိုသည်။**



**စာဖတ်ဝါသနာပျိုးထောင်**

စာဖတ်တတ်တိုင်း စာဖတ်အလေ့၊ စာဖတ်ဝါသနာ၊ စာဖတ်အကျင့်ကို မရရှိနိုင်ပါ။ စာကားဖတ်တတ်၏။ သို့သော် စာအုပ် စာတမ်း မရှိ။ စာအုပ် စာတမ်းကရှိ၏။ သို့သော် အလေ့ဝါသနာအကျင့်ကို ဖြစ်ထွန်းပေးစွမ်းနိုင်ခြင်းမရှိသော စာအုပ်စာတမ်းမျိုးသာဖြစ်နေလျှင်လည်း အလေ့၊ ဝါသနာ၊ အကျင့်ကိုမရနိုင်ပေ။ စာဖတ်အလေ့ဝါသနာအကျင့်ကို ပျိုးထောင်ရန် ပထမစာတတ်ရမည်။ စာအုပ်နှင့် မိတ်ဆက်ပေးမည့် ပုံပြင်ဝတ္ထုနားထောင်စွဲလမ်းရမည်။ စာအုပ်နှင့်တွေ့ဆုံ ရင်းနှီးရမည်။ ထိုအချက်များ ပေါင်းစုံဆက်စပ်မိမှသာ စာပေမွေ့လျော်မှုကိုရနိုင်ပေမည်။ စာပေမွေ့လျော်သူတိုင်း ပထမစာဖတ်တတ်သည်။ ဒုတိယပုံပြင်ဝတ္ထုစွဲသည်။ တတိယ စာအုပ်နှင့် ရင်းနှီးတွေ့ဆုံသည်ဟုဆိုလိုသည်။ ဆရာကြီး မင်းသုဝဏ်က "ကျုပ်တို့ခေတ်က တောမှာ စာအုပ်ရှားတော့ အဘိုးအဘွား ပြောတဲ့ပုံတွေနားထောင်ရတယ်၊ နောက်မှ 'ပျော်တော်ဆက်'တို့၊ 'ကြည်တော်မူ'တို့ ဆိုတဲ့ မဂ္ဂဇင်းတွေတွေ့ပြီး စာဖတ်ဝါသနာပါတာပဲ"ဟု ပြောခဲ့ဖူးသည်။ ပီမိုးနင်း၏ မိခင်သည် ပုံတိုပတ်စအပြောကောင်းသည်။ ဒဂုန်တာရာ၏ ပန်းချီသင်ဆရာသည် ပုံပြောကောင်းသည်။ စာပေမွေ့လျော်မည့်သူသည် စာလည်းတတ်စပြုသည်။ ပုံပြင်ဒဏ္ဍာရီကိုလည်း စွဲလမ်းစပြုပြီဆိုလျှင် စာအုပ်ကိုတွေ့ဖို့သာလိုတော့သည်။ စာအုပ်တွေ့လျှင် ထိုသူသည် စာဖတ်ဝါသနာမပါဘဲ မနေတော့ပါ။ မုချဝါသနာပါတော့မည်။ စာအုပ်ဆိုင်၊ စာကြည့်တိုက်မှတစ်ဆင့် စာအုပ်တွေတွေ့ပြီး စာဖတ်ဝါသနာကို ပျိုးထောင်နိုင်ခဲ့သူများလည်းရှိသည်။ စာကြည့်တိုက်များသည် စာဖတ်သူကို စာအုပ်နှင့်တွေ့ရလွယ်အောင် ဆောင်ကြဉ်းနိုင်သည်။ စာဖတ်ဝါသနာပျိုးထောင်ရာတွင် စာအုပ်အလွယ်တကူ ရယူဖတ်ရှုနိုင်ရေးသည် အဓိကလိုအပ်ချက်ဖြစ်သည်။ စာအုပ်သာအဖော်၊ စာအုပ်သာ သူငယ်ချင်းဖြစ်၍ စာအုပ်နှင့် အမြဲတွေ့ကာ စာဖတ်ဝါသနာပျိုးထောင်ခွင့် ရခဲ့ကြသူများလည်း ရှိသည်။ စာအုပ်နှင့်တွေ့ဆုံပုံများတွင် တစ်သက်မမေ့အောင် စွဲသွားစေသည့်နည်းဖြင့် တွေ့သူများလည်း ရှိသည်။ အခြေအနေကွဲပြားသော်လည်း စာဖတ်အလေ့ဝါသနာနှင့် အလေ့အကျင့်၌ စွဲမြဲသူပေါင်း မြောက်မြားစွာရှိပါလိမ့်မည်။

**"စာအုပ်ဆိုကာမျှဖြင့် ကောင်းသည်ချည်းမဟုတ်၊ ကောင်းသော စာအုပ်များ ရှိသကဲ့သို့၊ မကောင်းသော စာအုပ်များလည်း ရှိပေသည်။ လူတို့၏စိတ်ကို သန့်ရှင်းစင်ကြယ်စေနိုင်သော စာအုပ်၊ မြင့်မားစေနိုင်သော စာအုပ်များရှိသကဲ့သို့ ညစ်ညမ်းစေနိုင်သော စာအုပ်၊ နိမ့်ကျစေနိုင်သော စာအုပ်များရှိသည်။ ကျွန်ုပ်တို့သည် ရွေးချယ်တတ်ရမည်၊ စိစစ်တတ်ရမည်၊ စာအုပ်က သွန်သင်ပြသော သဘောအဓိပ္ပာယ်ကို နားလည်တတ်ရမည်"**

**စာအုပ်ကောင်းသည် အကောင်းဆုံး မိတ်ဆွေ**

စာဖတ်ခြင်း၌စွဲမြဲမှုသည် လိုလားအပ်သော်လည်း အဖော်သဘောဖတ်ခြင်းလား၊ အပျော်သဘောဖတ်ခြင်းလား၊ အသုံးသဘော ဖတ်ခြင်းလား၊ အဖြူန်းသဘောဖတ်ခြင်းလား ခွဲခြားရန်လိုသည်။ 'စာအုပ်စာပေ လူ့မိတ်ဆွေ'ဆိုသည့် စကားရပ်အတိုင်း စာအုပ်ကောင်းသည် အကောင်းဆုံး မိတ်ဆွေဖြစ်သည်။ ယနေ့လည်း အရင်းချာဆုံး၊ နောင်တစ်သက်လည်း အရင်းချာဆုံးမိတ်ဆွေပင်ဖြစ်သည် **(မာတင်တပ်ပင်း)**။

**တက်လှမ်းသွားနိုင်**

စာဖတ်ခြင်းသည် အကောင်းဆုံးအပေါင်းအသင်းရောင်းရင်းများနှင့် တပူးတွဲတွဲနေရခြင်းဖြစ်သည် **(ဆစ်ဒနီစမစ်)**။

စာအုပ်များကို ဖတ်ရခြင်းသည် ရှေးပဝေသဏီက မိတ်ဆွေသင်္ဂဟများနှင့် စကားလက်ဆုံကျဘိသကဲ့သို့ ဖြစ်သည် **(ဒက်စကားတီး)** အစရှိသော စာပေပညာရှင်များ၊ စာဖတ်ဝါသနာရှင်များ၏ စကားရပ်များသည်စာအုပ်ကို အဖော်လုပ်လိုသည့် ဆန္ဒအား တဖွားဖွား ဖြစ်ပေါ်စေသည်။ အမေရိကန်သမ္မတလင်ကွန်းစာဖတ်ပုံ၊ အမေရိကန်သမ္မတဂါဖီးစာဖတ်ပုံ၊ သိပ္ပံပညာရှင်ကြီး အယ်ဒီဆင်စာဖတ်ပုံတို့မှာလွန်စွာအားကျဖွယ်ကောင်းလှသည်။

ယောအတွင်းဝန် ဦးဘိုးလှိုင်ဆိုသော ပုဂ္ဂိုလ်ကြီးမှာလည်း စာနှင့်မျက်နှာမခွာသလောက် စာဖတ်သော ပုဂ္ဂိုလ်ကြီးဖြစ်လေသည်။ ဆရာကြီးပီမိုးနင်းဆိုလျှင် သွားလေရာအမြဲစာအုပ်သေတ္တာပါလျက်၊ အဘယ်အကြောင်းကြောင့်မှ စာဖတ်ခြင်းမှာမပျက်ကွက်ပေ။ ဆရာဇော်ဂျီ၏စကားအရဆိုရလျှင် စာဖတ်သက်ကြာလာသည်နှင့်အမျှ လူတော်လူကောင်းတရားကို အံ့သြစရာ၊ လွမ်းစရာ၊ သနားစရာ၊ ထိတ်လန့်စရာ၊ သံဝေဂရစရာ၊ အားတက်စရာဖြစ်အောင် ချဲ့ထွင်ရေးဖွဲ့သော၊ ပုထုဇဉ်သဘာဝကို ယထာဘူတကျအောင်၊ ဒိဋ္ဌလောက၏ သဘောကိုမြင်အောင်ရေးဖွဲ့သောယထာဘူတစာပေမျိုးသို့ တက်လှမ်းသွားနိုင်သည်။

**စာပေမွေ့လျော်မှု**

မန်လည်ဆရာတော်၏ 'ဖတ်ကောင်းရာကို၊ ဝါသနာစရိုက်၊ ဝသီလိုက်၍၊ ငါ့ဥအစဉ်၊ စွဲကပ်တည်း'ဟူသော အဆိုအမိန့်အတိုင်း 'ဖတ်ကောင်းရာ'ကို ဖတ်သည့်ဝါသနာဖြစ်သည်။ အဖော်ဖတ်ဖတ်ခြင်းကဲ့သို့ 'ဖတ်ချင်ရာ' ကို ဖတ်ခြင်းမဟုတ်။ အသုံးဖတ်ဖတ်ခြင်းကဲ့သို့ 'ဖတ်သင့်ရာ' ကို ဖတ်ခြင်းမျိုးလည်း မဟုတ်။ ဤအဆင့်တွင် စာဖတ်ဝါသနာသည် အလွန်စွဲမြဲလာသည်။ လူ့သဘာဝ၊ လူ့စရိုက်၊ လူ့ဘဝ၊ လူ့ပတ်ဝန်းကျင်ကို ဆင်ခြင်တတ်လာသည်။ လူ့လောက၏ အယုတ်အမြတ်တရားများကို သိမြင်လာသည်။ ထိုသို့ နှစ်သက်ခံစားလာသည်နှင့်အမျှ၊ သိမြင်လာသည်နှင့်အမျှ စာအကြိုက်ပြောင်းလာသည်။ စာရေးဆရာအကြိုက် ရွေးလာသည်။ ရသစာပေဖတ်အဆင့်သည် စာဖတ်ဝါသနာ ကပ်ငြိသည့်အဆင့်ဖြစ်သည်။ စာပေမွေ့လျော်မှု၌ အစွဲမြဲဆုံးအဆင့်၊ အမြင့်မားဆုံးအဆင့်ဖြစ်သည်။ ဆရာဇော်ဂျီက (ရသစာပေကို) ဖတ်သူအဖို့မှာ စာ၏အာဘော်၊ စာ၏ အာဝဇ္ဇန်း၊ စာ၏ရသတို့ကြောင့် ရသနှစ်သက်ခြင်းဖြစ်သည်နှင့်တစ်ပြိုင်နက် စေတနာတစ်ခုခု ဖြစ်ပေါ်လာပြီး အမှားအမှန်၊ အကောင်းအဆိုးကို သူ့ဘာသာသူ ဆင်ခြင်စဉ်းစား၍ သိမြင်ခွင့်ရနိုင်သည်ဟုဆိုသည်။ သူ၏ အသိအမြင်သည် (ဝါ)သူ၏ဘဝအသိသည် သူ၏ကိုယ်အမူအရာ၊ သူ၏စိတ်အမူအရာ၊ သူ၏ နှုတ်အမူအရာကို ပဲ့ကိုင်ပေးနိုင်သည်ဟု ဆိုသည်။

**စာအုပ်ကိုရွေးချယ်ဖတ်တတ်ရမည်**

စာဖတ်ဝါသနာဟုခေါ်ရမည့် စာဖတ်စွဲမြဲမှုတွင် ပြဿနာနှစ်ရပ်ရှိသည်။ ပထမပြဿနာမှာ အကျိုးမဲ့သောစာအုပ်၊ သိမ်ဖျင်းသော စာအုပ်၊ ယုတ်ညံ့သောစာအုပ်များကို ဖတ်မိတတ်ခြင်းဖြစ်သည်။ စာအုပ်ဆိုကာမျှဖြင့် ကောင်းသည်ချည်းမဟုတ်။ ကောင်းသော စာအုပ်များ ရှိသကဲ့သို့ မကောင်းသောစာအုပ်များလည်း ရှိပေသည်။ လူတို့၏စိတ်ကို သန့်ရှင်းစင်ကြယ်စေနိုင်သော စာအုပ်၊ မြင့်မားစေနိုင်သော စာအုပ်များရှိသကဲ့သို့ ညစ်ညမ်းစေနိုင်သော စာအုပ်၊ နိမ့်ကျစေနိုင်သော စာအုပ်များရှိသည်။ ကျွန်ုပ်တို့သည် ရွေးချယ်တတ်ရမည်။ စိစစ်တတ်ရမည်။ စာအုပ်က သွန်သင်ပြသော သဘောအဓိပ္ပာယ်ကို နားလည်တတ်ရမည်။ အကောက်အယူမှန်စေရမည်ဟူသော ဆရာဇေယျ၏ သွန်သင်ချက်သည် စာဖတ်ဝါသနာပျိုးထောင်ရာ၌ မှတ်သားသင့်သောအချက်ဖြစ်သည်။ ထို့ကြောင့် စာအုပ်ကို ရွေးဖတ်ရမည်။ ရွေးတတ်အောင် လမ်းညွှန်မှုပေးရမည်။ အင်္ဂလိပ်သမိုင်းဆရာကြီး 'ထရီဗယ်လျန်' ဆိုသူက 'အလွန်ကြီးမားသော လူထုကြီးသည် စာဖတ်တတ်သည်၊ သို့သော် ဖတ်သင့်ဖတ်ထိုက်သောစာကို မခွဲခြားနိုင်ကြချေ'ဟု ဆိုဖူးသည်။ ငွေတောင်ရကန်တွင် ရွှေတောင် နန္ဒသူက 'စာနက်နှင့် နားတိမ်၊ လိမ်မသင့်၊ ကျေးဇူးဖင့်၍၊ အခွင့်မတော်ဘူး' ဟု ဆိုသည်။ စာနက်၍ နားတိမ်သည်မှာ အရေးမကြီး။ စာတိမ်၍ နားနက်သည်မှာလည်း အရေးမဟုတ်။ စာတိမ်နှင့် နားတိမ် ကြုံကြိုက်ဆုံစည်းလျှင်ကား ကုန်ရှုံးခြင်း၊ လင်ကုန်ရှုံးခြင်းထက်ပို၍ ဆိုးရွားစွာ ခွက်ခွက်လန်မှောက်စေနိုင်သည့် စာကုန်ရှုံးခြင်းကို ဖြစ်စေနိုင်သည်။

**နည်းလမ်းမှန် ပျိုးထောင်**

ထို့ကြောင့် စာကို ရွေးချယ်ဖတ်ရမည်။ စာဖတ်ဝါသနာပျိုးထောင်စကပင် လူ့အသက်နှင့်လည်းသင့်၊ စာဖတ်သက်နှင့်လည်းသင့်သည့် စာအုပ်များကို ရွေးချယ်ဖတ်ရှုရမည်။ ဖတ်ရှုနိုင်အောင်လည်း အထောက်အကူများကို ဖန်တီးပေးရမည်။ စာပေမွေ့လျော်မှုကို နည်းလမ်းမှန် ပျိုးထောင်ရပါမည်။ နည်းမှန်လမ်းမှန် ပျိုးထောင်နိုင်လေ တစ်မျိုးသားလုံးအကျိုးရှိလေဖြစ်ပါသည်။ လက်ဦးဆရာများဖြစ်သော မိဘများကိုယ်တိုင်က သားသမီးကို စာပေမွေ့လျော်မှုပျိုးထောင်ပေးရပါမည်။ ဆရာများက အားပေးရပါမည်။ မိတ်ဆွေသူငယ်ချင်းချင်း စာဖတ်ဝိုင်းများဖွဲ့ကာ စာပေစားမြုံ့ပြန်ရပါမည်။ အိမ်၊ ရပ်ကွက်၊ မြို့ရွာစာဖတ်ခန်းများ၊ စာကြည့်တိုက်များ ထူထောင်ဖွဲ့စည်းပေးရပါမည်။ စာဖတ်နည်း မှန်ကန်အောင်၊ စာကောင်းပေကောင်းများ ရွေးချယ်နိုင်အောင်၊ စာပေဆိုင်ရာ ဝေဖန်ရေးသားမှုများကို ပြုလုပ်ပေးရပါမည်။ ဟောပြောမှုများကို ပြုလုပ်ပေးရပါမည်။ စာပေအထုံ တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းရင့်ကျက်ခွင့် ရရှိစေရန် အကောင်းဆုံးစာအုပ်စာရင်းများကို ပြုစုထုတ်ဝေရပါမည်။ စာဖတ်ရာတွင် အချိန်သက်သက်သာသာနှင့် အကျိုးများများရှိစေနိုင်မည့် စာမြန်မြန်ဖတ်နည်း၊ စာများများဖတ်နိုင်စေမည့် စနစ်ကျသော ကျော်လွှားဖတ်နည်း၊ အရေးအသားအကြောင်းအရာအချက်အလက်များကို စနစ်တကျ ရေးမှတ်စုဆောင်းနည်း စသည်တို့ကို လမ်းညွှန်ရပါမည်။

ဖြစ်နိုင်လျှင် လူတစ်ဦးချင်း၏ စာပေမွေ့လျော်မှုပျိုးထောင်ခြင်းကို ကူညီပေးရမည်။ သို့မှသာ စာပေမွေ့လျော်မှုကို စနစ်တကျ ပျိုးထောင်နိုင်ပါလိမ့်မည်။ ပျိုးထောင်ရရှိသည့် စာပေမွေ့လျော်မှုသည် ဉာဏ်အမြင်မျက်စိကို မကန်းစေဘဲ ဘဝအလင်းရောင် ဉာဏ်အမြင် ပညာမျက်စိဖြင့် မိမိအကျိုး၊ တိုင်းပြည်နိုင်ငံအကျိုး၊ လောကကောင်းကျိုးတို့ကို သယ်ပိုးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။ ။**(ကိုးကား) စာအုပ်စာပေ(ဒုတိယတွဲ)၊ 'စာဖတ်သူ' ကဏ္ဍမှ ကောက်နုတ်တင်ပြသည်။**

## မိုးကြိုကာလ ရေကြောင်းဘက်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းစေရေး အသိပညာပေး

**ထားဝယ် ဇွန် ၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်းပြေးဆွဲနေသော ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ရေးအတွက် မိုးကြိုကာလ ရေကြောင်းဘက်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းစေရေး အသိပညာပေး ဆွေးနွေးပွဲ အခမ်းအနားကို မေလနောက်ဆုံးပတ်က ထားဝယ်မြို့ ဆိပ်ကမ်းသာလမ်းရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ထားဝယ်မြို့ ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူဝင်းက မိုးကြိုကာလ ရေကြောင်းဘက်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ မိုးကြိုကာလအန္တရာယ်ကင်းရှင်းစေရေး ရေကြောင်းဘက်ဆိုင်ရာ သတိပေးညွှန်ကြားချက်များ၊ ရေကြောင်းအန္တရာယ်ကင်းရှင်းရေး လိုက်နာရမည့်အချက်အလက်များ၊ ခရီးသွားပြည်သူများ အသက်အန္တရာယ်ကင်းရှင်းစေရန် လိုက်နာရမည့်အချက်အလက်များနှင့် ပြည်တွင်းရေကြောင်းသွားရေယာဉ်ဥပဒေပါ အချက်အလက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝင်းစန္ဒာကြည်က ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံတွင် ဒေသအလိုက်ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များ၊ မြန်မာနိုင်ငံတွင် သဘာဝဘေးစီမံခန့်ခွဲမှုအတွက် ဖွဲ့စည်းဆောင်ရွက်ထားရှိမှုများ၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဆောင်ရွက်မှုများ၊ သဘာဝဘေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်မှု၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် တည်မြဲအမိန့်ပါ ရေကြောင်းကဏ္ဍဆိုင်ရာ ဆောင်ရွက်ရန်အချက်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**တင်စိုး (မြန်မာ့အလင်း)**

# ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့ CITF လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**စစ်တွေ ဇွန် ၁**

ပြည်ထောင်စုစီမံကိန်း UEHRD ကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ အတုလမာရဇိန် ပြည်လုံးချမ်းသာ ဘုရားကြီးသို့ သွားရောက်ဖူးမြော် ကြည်ညိုကာ အလှူငွေများပေးအပ်လှူဒါန်းပြီး မဏိရတနာကျောင်းတိုက် ဆရာတော်ထံသို့လည်း သွားရောက်ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံးတွင် ကျင်းပသည့် ပြည်ထောင်စုစီမံကိန်း UEHRDကော်မတီတွင် ပါဝင်သော အဖွဲ့တစ်ခုဖြစ်သည့် ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့ CITF ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် UEHRD၏ ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း ရာသီဥတုကိုမှီပြီး လုပ်ငန်းများ ဆောင်ရွက်ရသောကြောင့် အလုပ်ချိန် နည်းပါးကြောင်းကိုလည်း သိရှိနားလည်ပါကြောင်း၊ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း စိစစ်သုံးသပ်ကြီးကြပ် လမ်းညွှန်ပေးရန်လည်း အရေးကြီးပါကြောင်း၊ UEHRD စီမံကိန်းချိတ်ဆက် ဆောင်ရွက်ရာတွင်လည်း အခက်အခဲများရှိနေပါကြောင်း၊ ထိုလုပ်ငန်းစဉ်များနှင့် ဆက်စပ်ဆောင်ရွက်နေသော ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေး ကော်မတီနှင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး ကော်မတီတို့သည် လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ပြန်လည်ဆန်းစစ်ကြပ်မတ်စစ်ဆေးရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းများ အချိန်မီပြီးစီးရန်၊ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယနေ့



တက်ရောက်လာကြသော ရခိုင်ပြည်နယ်ရှိ လုပ်ငန်းရှင်များသည် မိမိပြည်နယ်အတွက် စေတနာထားလုပ်ဆောင်နေကြသဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ ထိုက်သင့်သော အကျိုးအမြတ်လည်းရရှိကြသည်ဖြစ်၍ တာဝန်ယူမှု၊ တာဝန်ခံမှုလည်း ရှိစေချင်ပါကြောင်း၊ အပြုသဘောဆောင်သည့် ဆွေးနွေးမှု များဖြင့် လုပ်ငန်းများ အချိန်မီ စံချိန်မီ ပြီးစီးအောင်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြန်လည်လက်ခံရေးစခန်းနှင့် ပတ်သက်သည့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေကို Power Point ဖြင့် ရှင်းလင်းတင်ပြ ဆွေးနွေးသည်။

ယင်းနောက် ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ဦးကိုကိုနှင့်အဖွဲ့များက ၎င်းတို့၏ကြုံတွေ့ရသော အခက်အခဲများ၊ UEHRD နှင့် နိုင်ငံတော်အစိုးရအပိုင်းက ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း၊ ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံတို့က ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကယားပြည်နယ်ဝန်ကြီးချုပ် လယ်ယာသုံးစက်များ သရုပ်ပြပွဲကြည့်ရှု

**လွိုင်ကော် ဇွန် ၁**

ကယားပြည်နယ် စက်မှုလယ်ယာဦးစီးဌာနနှင့် တောင်သူကြီး လယ်ထွန်စက်ကုမ္ပဏီ (CPCL) တို့ ပူးပေါင်း၍ တောင်သူများ စိုက်ပျိုးရေးနည်းပညာ တိုးတက်မြင့်မားလာစေရန် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်ရာတွင် အထောက်အပံ့ကောင်းများ ဖြစ်စေရေးနှင့် စက်ကိရိယာများ ကိုင်တွယ်အသုံးပြုတတ်စေရန် ရည်ရွယ်၍ လယ်ယာလုပ်ငန်းခွင်သုံး စက်ကိရိယာများ စွမ်းဆောင်ရည် သရုပ်ပြပွဲနှင့် သုံးစွဲမှုနည်းပညာဖြန့်ဝေခြင်း အခမ်းအနားကို မေ ၃၁ ရက်က ကယားပြည်နယ် ဒေါတခြားကျေးရွာရှိ တောင်သူ ဒေါ်သုနန္ဒရီ၏ လယ်ယာမြေ၌ ကျင်းပသည်။



ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက "ကယားပြည်နယ်ဟာ စိုက်ပျိုးရေးကို အခြေခံတဲ့ ပြည်နယ်ဖြစ်ပါတယ်၊ ဒါကြောင့် စိုက်ပျိုးရေးကဏ္ဍရဲ့ အခြေခံဖြစ်တဲ့ တောင်သူတွေရဲ့အားဟာ ပြည်နယ်အတွက် အရေးကြီးပါတယ်၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာကို ကူးပြောင်းရာမှာ နည်းမှန်၊ လမ်းမှန်၊ စနစ်မှန်နဲ့ ဆောင်ရွက်မှသာ အောင်မြင်ဖြစ်ထွန်းနိုင်မှာဖြစ်ပါတယ်၊ တောင်သူတွေအနေနဲ့ မသိရှိသေးတဲ့ မူဝါဒတွေ၊ စည်းမျဉ်း၊ စည်းကမ်းတွေရှိခဲ့ရင်လည်း ဌာနဆိုင်ရာတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ကြပါ၊ ပြည်နယ်အစိုးရအနေနဲ့ စိုက်ပျိုးရေးကဏ္ဍနဲ့ ပတ်သက်ပြီး ဆောင်ရွက်ပေးဖို့ များစွာရှိနေသေးပါတယ်" ဟု ပြောသည်။

ဆက်လက်၍ ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရဲမြင့်က စက်မှုလယ်ယာ၏လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး တောင်သူကြီး လယ်ထွန်စက်ကုမ္ပဏီ (CPCL) ၏ Regional Manager က 3S – Sales, Service, Spare Part ဝန်ဆောင်မှုများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်၊ တာဝန်ရှိသူများနှင့် တောင်သူများက ပြောင်းသီးနှံ၊ စပါးသီးနှံ၊ မျိုးစေ့ချကိရိယာ၊ ခုတ်မြေသြဇာ ကြဲဖြန့်ကိရိယာ၊ ဆေးဖျန်းကိရိယာ၊ ကွင်းရှင်းကိရိယာ၊ အထူးပြု ထွန်၊ ထယ် ကိရိယာ စသည့် New Holland စက်ကိရိယာများ သရုပ်ပြသမှုကို ကြည့်ရှုရာ တောင်သူကြီးလယ်ထွန်စက်ကုမ္ပဏီမှ လေ့ကျင့်ရေးမန်နေဂျာက စက်ကိရိယာများအကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

**ကိုစိုင်း(လွိုင်ကော်)**

❇ *ကျောဖုံးမှ*

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးသိန်းဆွေနှင့် ဦးကျော်တင်တို့၏ ရှေ့မှောက်၌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအေးလွင်၊ UNHCR Representative Mr.Giuseppe de Vincentiis နှင့် UNDP မှ Deputy Country Director Ms.Dawn Del Rio တို့က မြန်မာနိုင်ငံအစိုးရ၏ ဆောင်ရွက်မှုများအား အထောက်အကူပြုနိုင်ရန်အတွက် နားလည်မှုစာချွန်လွှာ (MoU)အား ကနဦးလက်မှတ်တို ရေးထိုးလဲလှယ်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရအနေဖြင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR) တို့နှင့်အတူ အဆိုပါ နားလည်မှုစာချွန်လွှာအား မကြာမီ အပြီးသတ် လက်မှတ်ရေးထိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ၂၀၁၈ ခုနှစ် မေလ ၂၄ ရက်နေ့မှ မေလ ၃၁ ရက်နေ့အထိ တစ်ပတ်အတွင်း ထွက်ရှိသော စာအုပ်စာရင်း

*ယမန်နေ့မှအဆက်*

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၂၅ | ကိုယ်ထူးကိုယ်ချွန် အောင်မြင်ရေးပန်းတိုင် | ရဲဦး | ၁၃၀၀ | စိတ်ကူးချိုချို |
| ၂၆ | ကြေကွဲခြင်းအပိုင်းအစများ | လင်းသစ် | ၁၀၀၀ | စိတ်ကမ်းသာ |
| ၂၇ | စိတ်ပျော်အောင်နေတတ်ဖို့ | မွန်ဟော်စီ | ၃၀၀၀ | နန်းဒေဝီ |
| ၂၈ | မဟာတို့၏ကျဆုံးခန်း စတုတ္ထတွဲ | လှစိုးဝေ | ၅၀၀၀ | ရုပ်ပြောင် |
| ၂၉ | ရတနာကျွန်း | သစ်ဦးဇင် | ၂၀၀၀ | ရှုဝံ |
| ၃၀ | မောတယ်ကွဲ့တောအလယ် | ဂျက်(ကွမ်းခြံကုန်း) | ၃၀၀၀ | စိတ်ကူးချိုချို |
| ၃၁ | တွေ့ဆုံပုံရိပ်များ | အောင်ဇင်မင်း | ၂၅၀၀ | စိတ်ကူးချိုချို |
| ၃၂ | ကမ္ဘာ့ရွာကြီးရဲ့ နည်းပညာအနာဂတ် | ဗိုလ်မှူးကြီးမြင့်အောင် | ၄၅၀၀ | စိတ်ကူးချိုချို |
| ၃၃ | ပါရီနွေဦး | နေဝင်းမြင့် | ၄၅၀၀ | ရှုဝံ |
| ၃၄ | ပြည်သူ့အိပ်မက်နှင့် အမှန်တရား တော်လှန်ရေးစာစုများ | မောင်တင်ဦး (မြောင်းမြ) | ၂၅၀၀ | စိတ်ကူးချိုချို |
| ၃၅ | လူငယ်များသို့ သဝဏ်လွှာ - ၃ | ကလောင်စုံ | ၂၅၀၀ | ခဝါလှေမွန် |
| ၃၆ | ဖတ်စရာတွေးစရာ | အောင်သင်း | ၂၀၀၀ | ခဝါလှေမွန် |
| ၃၇ | အရက်သောက်တတ်သလား | မင်းကျော်ဝင်း | ၃၀၀၀ | သိမ့်ထိုက် |
| ၃၈ | ဂျိမ်း(စ)ဘွန်း၏ အထူးတာဝန် | မောင်မိုးသူ | ၅၀၀၀ | ရန်ကုန်လမ်းမ |
| ၃၉ | တရားတွေ့ဖို့ (၂) | ဒေါက်တာသစ်လွင် | ၁၅၀၀ | ဓမ္မပန်းခင်း |
| ၄၀ | နွေအလှနှင့် ဝေမျှကုသိုလ်ကဗျာများ | ရီနိုင်ရွှေ | ၅၀၀ | သုဒ္ဓဿာစာပေ |
| ၄၁ | သက်တံရောင်စာပန်းခင်း | အောင်နိုင်(တက္ကသိုလ်) | ၂၅၀၀ | Quality Publishing House |
| ၄၂ | Happy Time ကလေးရုပ်စုံစာစောင် | Quality စာတည်းအဖွဲ့ | ၂၀၀၀ | ဆုပြည့်စုံထွန်း |
| ၄၃ | သူတစ်ပါးမကောင်းကြံ ကိုယ်ဘေးဒဏ်ထိ | ဆုပြည့်စုံထွန်း စာတည်းအဖွဲ့ | ၁၅၀၀ | ဆုပြည့်စုံထွန်း |
| ၄၄ | တန်ခိုးပြိုင်သည့် ကြက်ဖနှစ်ကောင် | ဆုပြည့်စုံထွန်း စာတည်းအဖွဲ့ | ၁၅၀၀ | ဆုပြည့်စုံထွန်း |
| ၄၅ | အနာခံလျှင် အသာစံရမည် | ဆုပြည့်စုံထွန်း စာတည်းအဖွဲ့ | ၁၅၀၀ | ဆုပြည့်စုံထွန်း |
| ၄၆ | စာဖိုနှင့်စာမ | ဆုပြည့်စုံထွန်း စာတည်းအဖွဲ့ | ၁၅၀၀ | ဆုပြည့်စုံထွန်း |
| ၄၇ | သူ့အကျိုးဆောင် ကိုယ့်အကျိုးအောင် | ဆုပြည့်စုံထွန်း စာတည်းအဖွဲ့ | ၁၅၀၀ | ဆုပြည့်စုံထွန်း |
| ၄၈ | ကျီးကန်း | ဆုပြည့်စုံထွန်း စာတည်းအဖွဲ့ | ၁၅၀၀ | ဆုပြည့်စုံထွန်း |
| ၄၉ | ပတ္တမြားမင်းသား | ဆုပြည့်စုံထွန်း စာတည်းအဖွဲ့ | ၁၅၀၀ | ဆုပြည့်စုံထွန်း |
| ၅၀ | သစ္စာရှိတဲ့ကျေးသား | ဆုပြည့်စုံထွန်း စာတည်းအဖွဲ့ | ၁၅၀၀ | ဆုပြည့်စုံထွန်း |
| ၅၁ | ပျူစောထီး | ဆုပြည့်စုံထွန်း စာတည်းအဖွဲ့ | ၁၅၀၀ | ဆုပြည့်စုံထွန်း |

# ထီလက်မှတ်တစ်စောင်တည်းမှ ဆုနှစ်ဆုပေါက်

**ရန်ကုန် ဇွန် ၁**

(၁၅)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ပန်းဆိုးတန်းရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၌ ကျင်းပစဉ် ထီလက်မှတ် တစ်စောင်တည်းမှ ဆုနှစ်ဆု ပေါက်သည့်ဖြစ်စဉ် ဖြစ်ပေါ်ခဲ့သည်။

"ကျွန်တော်တို့ ဒီဖြစ်စဉ်က ဖြစ်တောင့်ဖြစ်ခဲပါ၊ ဒါပေမယ့် ကျပ် ၅၀၀ တန် ထီဖွင့်ပြီးနောက်မှာတော့ ပထမဆုံးအကြိမ် ဖြစ်ပေါ်ခဲ့တဲ့ဖြစ်စဉ်ပါ၊ ကျွန်တော်တို့ အောင်ဘာလေရုံးက ရိုက်နှိပ်ထုတ်ဝေရောင်းချတဲ့ ထီလက်မှတ်တွေထဲမှာ ၁၀၀၀၀၀ နဲ့ ၁၀၀၀၀၁ ဆိုတဲ့ ဂဏန်းတွေမပါဘူး၊ ဒီကနေ့ ကျပ်တစ်သိန်းဆုပေးတဲ့ ဝေဝေဆာဆာပဒေသာဆုမဲစနစ်မှာ ၈၂ ၁၀၀၀၀၀ ဆိုတဲ့ ဂဏန်းထွက်ပေါ်ခဲ့တယ်၊ ဝေဝေဆာဆာစနစ်က အက္ခရာနဲ့ ရှေ့ဂဏန်းသုံးလုံးတူရင် ကျပ်တစ်သိန်းရမှာပါ၊ နောက်ဂဏန်းသုံးလုံးက ၉၉၉ အထိ ဆုငွေကျပ်တစ်သိန်းရမှာပါ၊ သို့ပေမယ့် ၁၀၀၀၀၀ နဲ့ ၁၀၀၀၀၁ မရှိတဲ့အတွက် နောက်ဆုံးသုံးလုံးကို ထီနံပါတ် ပြန်လှည့်ပေးရပါတယ်၊ ဒီအတွက် နှစ်ကြိမ်နောက်ဂဏန်းသုံးလုံးအတွက် လှည့်ပေးရာမှာ တစ်ခုက ၈၂ ၁၀၀ ၁၀၂ နဲ့ တစ်ခုက ၈၂ ၁၀၀ ၈၃၁ ဆိုပြီး ထွက်ပေါ်လာပါတယ်၊ ဒီလက်မှတ်နှစ်စောင်က ရှေ့ဂဏန်း သုံးလုံးတူက ကျပ်တစ်သိန်းဆု တစ်ဆု၊ နောက်ဂဏန်းသုံးလုံးက ကျပ်တစ်သိန်းဆုတစ်ဆု စုစုပေါင်း လက်မှတ် တစ်စောင်တည်းနဲ့ ဆုနှစ်ဆုရမှာ ဖြစ်ပါတယ်၊ ဒါက ကျပ်တစ်သိန်းမှာမို့လို့ ကျပ်သိန်း ၅၀၀ ဆိုလည်း ပြန်အစားထိုးဖွင့်လှစ်ပေးရမှာ ဖြစ်ပါတယ်" ဟု အောင်ဘာလေသိန်းဆုဌာနခွဲ ညွှန်ကြားရေးမှူး ဦးကျော်သန့်လွင်က ရှင်းပြသည်။

ဝေဝေဆာဆာ ဆုမဲစနစ်တွင် အက္ခရာနှင့် ရှေ့ဂဏန်းသုံးလုံးတူ ကျပ်တစ်သိန်း သတ်မှတ်ဖွင့်လှစ်ခဲ့ပြီး ကျပ်တစ်သိန်းဆု ၁၃၀၀၀ ဆု၊ အက္ခရာနှင့်ရှေ့ဂဏန်း နှစ်လုံးတူ ကျပ်ငါးသောင်းဆုများဖွင့်ပေးခဲ့ရာ ကျပ်ငါးသောင်းဆုပေါင်း ၁၁၀၀၀၀ ဆု ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ယနေ့ ထီဖွင့်ပွဲတွင် ကျပ်သိန်းတစ်သောင်းတစ်ဆု၊ ကျပ်သိန်းငါးထောင် နှစ်ဆု၊ ကျပ်သိန်းသုံးထောင်နှစ်ဆု၊ ကျပ်သိန်း တစ်ထောင်ငါးဆု၊ ကျပ်သိန်း ၅၀၀ ခုနစ်ဆုတို့ အပါအဝင် ဆုပေါင်း ၁၂၄၁၈၂ ဆုဖွင့်လှစ်ပေးခဲ့ရာ ထီဆုလက်မှတ် စုစုပေါင်းတန်ဖိုး ကျပ်ငွေသန်းပေါင်း ၁၁၀၄၅ သန်း ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - မြင့်မောင်**





# အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန (နေပြည်တော်)သို့ လာရောက်လေ့လာ

**နေပြည်တော် ဇွန် ၁**

၂၀၁၈ ခုနှစ် ဇွန်လ ၉ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့ အထိမ်းအမှတ်အဖြစ် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန (နေပြည်တော်) နှင့် (ရန်ကုန်)တို့တွင် ပြခန်းများ ခင်းကျင်းပြသလျက်ရှိရာ ဇွန် ၁ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် Our Inspiration Academic Center, Private school တို့မှ ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူ ဆရာ ဆရာမ ၈၃ ဦးတို့သည် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန (နေပြည်တော်)သို့ လာရောက်လေ့လာကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

အပြည်ပြည်ဆိုင်ရာမော်ကွန်းတိုက်များနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၁ ရက်မှ ဇွန် ၁၄ ရက်အထိ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန (နေပြည် တော်) နှင့်(ရန်ကုန်)တို့တွင် နံနက် ၉နာရီခွဲမှ ညနေ ၄ နာရီ ၃၀ မိနစ်အထိ ပြခန်းခင်းကျင်းပြသထားမည်ဖြစ်ရာ အများပြည်သူများမှ အခမဲ့လာရောက်လေ့လာနိုင်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေထွက်မြောင်းပိတ်ကာ အဆောက်အအုံများ ဆောက်လုပ်နေမှု အချိန်မီပြီးစီးခြင်းမရှိပါက မိုးစပါးစိုက်ခင်းများ ရေဝင်နစ်မြုပ်နိုင်

**ရေတာရှည် ဇွန် ၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ မြောက်ဘက်ရှိ ညောင်ပင်ကိုင်းကျေးရွာ အလွန် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း အနောက်ဘက်ကပ်လျက်တွင် လယ်မြေများ ထိစပ်သည့် နေရာ၌ အဆောက်အအုံတစ်ခု တည်ဆောက်လျက်ရှိရာ ပြီစုတ်ချောင်းစီးဆင်းသည့် မြောင်းငယ်ကို ပိတ်ဆို့ထားသည့်အတွက် ယခုရက်ပိုင်း မိုးရွာစဉ်ပင် ရေများလျှံကာ ရိတ်သိမ်းပြီး လယ်ကွက်များ ရေလွှမ်းသွားခဲ့သည်ကို တွေ့ရသည်။

"အဆောက်အအုံက လယ်မြေနဲ့ ထိစပ်နေတာဆိုတော့ ပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် လုပ်ဖို့လိုတယ်၊ ရှေ့က မြောင်းပိတ်ထားတော့ နောက်ဘက်ကနေပတ်ပြီး မြောင်းလုပ်ထားပေမယ့် မိုးများများရွာရင် ဝင်လာတဲ့ ရေအားကို ဘယ်လိုမှ မထိန်းနိုင်ဘူး၊ လယ်ကွက်တွေ အကုန်လုံးရေမြုပ်ကုန်တယ်၊ တောင်သူတွေ မိုးစပါး မစိုက်ခင် ပြီးသွားဖို့ လိုတယ်၊ စပါးစိုက်ပြီးလို့ အခုလိုမျိုး ရေလျှံရင် ပြဿနာတွေ ဖြစ်လာနိုင်တယ်"ဟု ပိတောက်ခင်ကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောကြားသည်။

အဆိုပါ မြောင်းငယ်ကိုပင် ညောင်ပင်ကိုင်း-ပိတောက်ခင် ကျေးရွာသွားလမ်းနှင့် ရန်ကုန်-မန္တလေးကားလမ်းဆုံ၌ တံတားငယ်တစ်ခု တည်ဆောက်ဆဲဖြစ်ရာ ရေလမ်းကြောင်းပိတ်သည့်အနေအထားတွင်ပင် ရှိသေးသည့်အတွက် အချိန်မီပြီးစီးရန် တောင်သူများက လိုလားနေခြင်း ဖြစ်သည်။

**ကိုလွင်(ဆွာ)**



# မယ်ဆိုင်-မယ်ဟောက်ချောင်း နှစ်နိုင်ငံနယ်နိမိတ်တစ်လျှောက် ကျူးကျော်အဆောက်အအုံများအား ဖျက်သိမ်းမည်

**တာချီလိတ် ဇွန် ၁**

မြန်မာ-ထိုင်း နှစ်နိုင်ငံပိုင် မယ်ဆိုင်-မယ်ဟောက်ချောင်း နယ်နိမိတ် တစ်လျှောက် ကျူးကျော်တည်ဆောက်ထားသည့် အဆောက်အအုံဖျက်သိမ်းနိုင်ရေးအတွက် နှစ်ဖက်ဒေသခံပြည်သူများ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် နှစ်နိုင်ငံပူးပေါင်း ညှိနှိုင်းဆောင်ရွက်သွားရန် ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် ဇန်းမွန်အာခါဟိုတယ် အစည်းအဝေးခန်းမ၌ မေ ၃၁ ရက်နှင့် ဇွန် ၁ ရက်တို့က ပြုလုပ်ခဲ့သည်။



အစည်းအဝေးသို့ မြန်မာနိုင်ငံ နိုင်ငံခြားရေးရာဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးသန့်ဖေ၊ ကာကွယ်ရေးဝန်ကြီးဌာန ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်မှူးကြီး သင်းအောင်စိုး၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာ-ထိုင်း မြို့နယ်နယ်ခြားကော်မတီမှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး H. E. Mr. Vasin Teeravechyan နှင့်အဖွဲ့ဝင်ကိုယ်စားလှယ်များ စုစုပေါင်း ၃၅ ဦးတို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် နိုင်ငံခြားရေးရာဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးသန့်ဖေက အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် နှစ်နိုင်ငံကိုယ်စားလှယ်များက နှစ်နိုင်ငံ နယ်နိမိတ် မယ်ဆိုင်-မယ်ဟောက်ချောင်း တစ်လျှောက်ရှိ ကျူးကျော်ဆောက်လုပ်ထားသည့် အဆောက်အအုံများ ဖယ်ရှားနိုင်ရေး၊ မယ်ဆိုင်-မယ်ဟောက်ချောင်း အပိုင်း ရေအရင်းအမြစ်နှင့် ရေခွဲဝေအသုံးချရေး၊ မယ်ဆိုင် - မယ်ဟောက်ချောင်း တစ်လျှောက်ရှိ နယ်နိမိတ်မှတ်တိုင်များ ပူးတွဲစစ်ဆေးရေး၊ ကျူးကျော်ဆောက်လုပ်နေထိုင်ကြသည့် နှစ်နိုင်ငံဒေသခံပြည်သူများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ရှေးရှု၍ ဒေသခံပြည်သူများ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် ပူးပေါင်းညှိနှိုင်းဆောင်သွားရန် နှစ်နိုင်ငံခေါင်းဆောင်များက လက်မှတ်ရေးထိုး သဘောတူညီခဲ့ကြသည်။

မြန်မာ-ထိုင်း မယ်ဆိုင်-မယ်ဟောက်ချောင်း ပုံသေနယ်နိမိတ်တစ်လျှောက် နှစ်ဖက်ဒေသခံပြည်သူများ ကျူးကျော်တည်ဆောက်ထားသည့် ထိုင်းနိုင်ငံဘက်ခြောက်နေရာတွင် အဆောက်အအုံ ၄၅ လုံး၊ မြန်မာနိုင်ငံဘက် ခုနစ်နေရာတွင် အဆောက်အအုံ ၃၃လုံး ဆောက်လုပ်ထားသည့် အခြေအနေများကို လည်းကောင်း၊ မယ်ဆိုင် - မယ်ဟောက်ချောင်း တစ်လျှောက်ရှိ နယ်နိမိတ်မှတ်တိုင်များ ဆောင်ရွက်ထားရှိမှု အခြေအနေများအားလည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

● *ကျောဖုံးမှ*

ဇူလိုင် ၁၇ ရက်တွင် East Coast Heat (သြစတြေးလျ) တို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုပွဲများကို သုံးရက်ဆက်တိုက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်ကို ဇူလိုင် ၁၉ ရက်၊ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဇူလိုင် ၂၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။

MIC အသင်းသည် ယင်းပြိုင်ပွဲတွင် သုံးကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ် နှစ်နှစ်ဆက်တိုက်ယှဉ်ပြိုင်ခွင့်ရခဲ့ကာ ယင်းနှစ်ကြိမ်စလုံး တတိယဆုရခဲ့သည်။ ၂၀၁၇ ပြိုင်ပွဲတွင် PU အသင်း ယှဉ်ပြိုင်ခဲ့ရာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ MIC အသင်းကို နည်းပြချုပ်အဖြစ် ဦးသန်းဝဏ္ဏအောင်က ကိုင်တွယ်နေပြီး လက်ရွေးစင်အဆင့် ကစားသမားအများစုဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း**



**အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲ ယှဉ်ပြိုင်မည့် MIC အသင်း။** ဓာတ်ပုံ-စိုးညွန့်

# ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်အချို့ ယာယီဓာတ်အားပြတ်တောက်မည်ဖြစ်ကြောင်း အများပြည်သူသို့ အသိပေးပန်ကြား

**ရန်ကုန် ဇွန် ၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်များတွင် ၆၆ ကေဗွီ၊ ၃၃ ကေဗွီ ဓာတ်အားခွဲရုံများ၊ Distribution Transformer များ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ၊ မိုးဦးကာလ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်း ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေရှည်ဓာတ်အား တည်ငြိမ်ပြည့်ဝစွာ ပေးနိုင်ရေးအတွက် ဟောင်းနွမ်း၍ ဝန်အားမနိုင်တော့သော ၁၁ ကေဗွီ ဓာတ်အားလိုင်းကြိုးများအား လျှပ်ကာပါသော ဓာတ်အားလိုင်းကြိုးအသစ်များဖြင့် လဲလှယ်ခြင်းလုပ်ငန်းများကို ၅-၆-၂၀၁၈ ရက်နေ့ (အင်္ဂါနေ့) နှင့် ၇-၆-၂၀၁၈ ရက်နေ့ (ကြာသပတေးနေ့) တို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်စဉ်အချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အင်းစိန်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထောက်ကြန့်၊ ဥက္ကံ၊ ဒါးပိန်၊ ဖောင်ကြီး၊ အင်းတိုင်၊ မြောင်းတကာ၊ အဖျောက်၊ ရွှေလင်ပန်း၊ ထန်းတပင်၊ ပန်းဘဲတန်း၊ အလုံ၊ ကမာရွတ်၊ ဗဟန်း၊ ကြည့်မြင်တိုင်၊ မရမ်းကုန်း၊ လမ်းမတော်၊ တွံတေး၊ ဒလ၊ ကျောက်တန်း၊ သန်လျင်၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဗိုလ်တထောင်၊ ဒေါပုံ၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်များတွင် အဆိုပါရက်များ၌ အချိန်ပိုင်းဓာတ်အားပြတ်တောက်မှု အနည်းငယ်ရှိနိုင်ပါသည်။

ထိုသို့လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရခြင်းဖြစ်ပါသဖြင့် ယာယီဓာတ်အားပြတ်တောက်ရခြင်းအတွက် လူမှုရေးအခက်အခဲများ ပေါ်ပေါက်လာနိုင်မှုများအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ အများပြည်သူများထံသို့ လေးစားစွာအသိပေး ပန်ကြားအပ်ပါသည်။

**မြန်မာ့အလင်း**

# တွံတေးတူးမြောင်းတွင် (၂၃၀) ကေဗွီ ဓာတ်အားလိုင်း ကြိုးဆွဲခြင်းဆောင်ရွက်ချိန်၌ ရေလမ်းကြောင်း ခေတ္တပိတ်ထားမည်

**နေပြည်တော် ဇွန် ၁**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာနမှ (၂၃၀) ကေဗွီ လှိုင်သာယာ-ကျိုက်လတ် မဟာဓာတ်အားလိုင်း တည်ဆောက်လျက်ရှိရာ တွံတေးတူးမြောင်းကျော် ကြိုးဆွဲခြင်းလုပ်ငန်းကို ဇွန် ၅ ရက်မှ ၁၁ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ လုပ်ငန်းများဆောင်ရွက်မည်ဖြစ်သည်။

တွံတေးတူးမြောင်းအတွင်း ဓာတ်အားလိုင်း ကြိုးဆွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တွံတေးကြိုးတံတား၏ အထက်ဘက် ၈ မိုင်အနီး ရေလယ်တွင် တန်းစီထားသော ရေယာဉ်များပေါ်မှ ကျော်ဖြတ်၍ သွယ်တန်းမည်ဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း လုပ်ငန်းခွင်၏ အထက်နှင့် အောက်ဘက်ရှိ တူးမြောင်းအတွင်းမှ ရေယာဉ်များဖြင့် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့စောင့်ဆိုင်းပြီး ရေလမ်းခေတ္တပိတ်ထားမည် ဖြစ်သည်။ အဆိုပါရေလမ်းအတွင်းမှ ဖြတ်သန်းမည့် ရေယာဉ်များအနေဖြင့် လုပ်ငန်းခွင်မှ လွတ်ကင်းရာနေရာတွင် ရပ်နားစောင့်ဆိုင်းပြီး ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ ခွင့်ပြုချက်ရမှသာ ဖြတ်သန်းခုတ်မောင်းကြရန် **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**မှ ရေလမ်းသတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# ရက်ပေါင်း ၆၀ ကျင်းပသည့် မန္တလေးမြို့ ဝါဆိုခြင်းအလှုခတ်ပွဲတော်တွင် နိုင်ငံခြားသားများ ပါဝင်ဆင်နွှဲ

**မန္တလေး ဇွန် ၁**

မန္တလေးမြို့ မဟာမုနိဘုရားကြီး မြောက်ဘက်မုခ်အနီးတွင် အကြိမ် (၉၀) မြောက် ဝါဆိုခြင်းအလှုခတ်ပွဲတော်ကြီးကို တစ်နိုင်ငံလုံးမှ ခြင်းအသင်းပေါင်း ၁၈၀၀ ဖြင့် နယုန်လပြည့်ကျော် ၁ ရက်နေ့မှစတင်၍ ရက်ပေါင်း ၆၀ ကျင်းပလျက်ရှိရာ ပြည်တွင်းဝါသနာရှင်များသာမက နိုင်ငံခြားသားများလည်း ဝင်ရောက်ပါဝင် ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

မြန်မာခြင်းလုံးအားကစား ဝါသနာရှင်များမှ မဟာမုနိဘုရားကြီးအား နှစ်စဉ် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ဝါဆိုသင်္ကန်းနှင့်အတူ မိမိတို့တတ်ကျွမ်းသည့် ခြင်းအလှုခတ်ပညာဖြင့် ပူဇော်ခဲ့ရာ ခေတ်ကာလကြာမြင့်လာသည့်နှင့်အမျှ ဝါသနာရှင်အသင်းဝင်များလည်း တဖြည်းဖြည်းများပြားလာခဲ့ကြောင်း ဝါဆိုခြင်းအလှုခတ်ပွဲတော် ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ညွန့်က ပြောသည်။

“မြန်မာ့ရိုးရာယဉ်ကျေးမှု ကိုယ်ပိုင်အားကစားနည်းတစ်ခုကို မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းရင်း မျိုးဆက်သစ် အားကစားသမားတွေကိုလည်း မွေးထုတ်ပြီး နှစ်စဉ်မပျက် မဟာမုနိဘုရားကြီးကို ဒီအားကစားနည်းနဲ့ လှူဒါန်းပူဇော်မှု ပြုကြမယ်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ကျင်းပခဲ့ပါတယ်၊ ကမ္ဘာမှာ မြန်မာနိုင်ငံတစ်ခုတည်းသာရှိတဲ့ ဒီအားကစားနည်းအား ဘုရားကြီးကို ရောက်လာကြတဲ့ နိုင်ငံတကာဧည့်သည်တွေကလည်း မြင်တွေ့ပြီး လာရောက် လေ့လာကြည့်ရှုကြပါတယ်၊ အဲဒီထဲကမှ ဒီအားကစားနည်းကို နှစ်သက်ပြီး အမေရိကန်၊ ထိုင်းနဲ့ ဂျပန်နိုင်ငံက ဝါသနာရှင်တွေလည်း ဒီအချိန်ဆို နှစ်စဉ်လာရောက်ပြီး ကိုယ်တိုင်ဝင်ရောက် ခတ်ကစားနေကြပါပြီ” ဟု ၎င်းက ပြောသည်။

အဆိုပါ ခြင်းအလှုခတ်ပွဲတော်သို့ လာရောက် လေ့လာကြည့်ရှုကြသူများနှင့် ကိုယ်တိုင်ဝင်ရောက်ပါဝင် ခတ်ကစားကြသည့် နိုင်ငံတကာဧည့်သည်များမှလည်း မြန်မာတို့၏ ခြင်းလုံးအားကစားနည်းကို တွေ့မြင်ရသူအဖို့ ရင်ခုန်စိတ်လှုပ်ရှားစရာကောင်းသည့်အပြင် တစ်ဦးနှင့်တစ်ဦး စည်းလုံးချစ်ခင်မှုကိုဖြစ်စေပြီး အားကစားသမားတစ်ဦးချင်းစီ၏ စိတ်ထားကိုလည်း ထုတ်ဖော်ပေးနိုင်သည့် ကစားနည်းတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။

“ဒီကစားနည်းကို စိတ်ဝင်စားလို့ ကျွန်တော်ကိုယ်တိုင် ပါဝင်ကစားတဲ့အခါမှာ အလွန်ပျော်ရွှင်ရပါတယ်၊ ကျွန်တော့်ကို သူစိမ်းတစ်ယောက်လို့ မသတ်မှတ်ဘဲ နွေးထွေးစွာကြိုဆိုပြီး ရင်းနှီးအားပေး ခတ်ကစားကြပါတယ်၊ ဒီအားကစားနည်းကြောင့် မြန်မာလူမျိုးတွေကို ကျွန်တော် ချစ်ခင်လာခဲ့ပါတယ်၊ ဒါကြောင့် ဒီအားကစားနည်းကို မြန်မာတွေသာမက ကျွန်တော်တို့ကလည်း မပျောက်ပျက်အောင် ထိန်းသိမ်းချင်ပါတယ်” ဟု ခြင်းအလှုခတ်ပွဲတော်တွင် ကိုယ်တိုင်ပါဝင်ခတ်ကစားသူ အမေရိကန်နိုင်ငံသားတစ်ဦးက ပြောသည်။

ဝါဆိုခြင်းအလှုခတ်ပွဲတော်ကြီးတွင် ပါဝင်ခတ်ကစားကြသည့် ဝါသနာရှင်များနှင့် ကြည့်ရှုသူပရိသတ်များ ပိုမိုတက်ကြွလာစေရန်အတွက် ခြင်းအလှုခတ်ပွဲတော်အား ဆိုင်းဝိုင်းနှင့်အတူတွဲဖက်၍ ကျင်းပပေးသည့်အပြင် ကစားသမားများ၊ တီးခတ်ပေးသူများနှင့် ကြည့်ရှုသူများ၏ စိတ်ခံစားမှုရသများကို ပိုမိုအသက်ဝင်လှုပ်ရှားလာစေရန်အတွက် သရုပ်ဖော်ဟောပြောပေးသူကိုလည်း ထည့်သွင်းပေးထားခြင်းဖြင့် ပြည့်စုံကောင်းမွန်သော ခြင်းလုံးပွဲတော်ကြီးအဖြစ် မြင်တွေ့ရမည်ဖြစ်သည်။

ယခုနှစ်တွင် ရာပြည့်အကြိုပွဲတော်အဖြစ် ထူးထူးခြားခြားကျင်းပနိုင်ရန် အကြိမ် (၉၀) မြောက် ဝါဆိုခြင်းအလှုပွဲတော်နှင့်အတူ မြန်မာ့ရိုးရာ ခြင်းလုံးသမိုင်းပြခန်း၊ အမှတ်တရပစ္စည်းအရောင်းပြခန်းများ ခင်းကျင်းပြသထားသကဲ့သို့ (၆) ပေါက်တန်း ဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲကိုလည်း ထည့်သွင်း ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါ ခြင်းအလှုခတ်ပွဲတော်ကြီးကို နယုန်လပြည့်ကျော် ၁ ရက်နေ့မှ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်နေ့အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၁၂ တိတိတိုင်အောင် ပွဲစဉ်ပေါင်း ၃၀ ကျင်းပပေးလျက်ရှိပြီး ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် မဟာမုနိဘုရားကြီးအား ဝါဆိုရွှေသင်္ကန်းနှင့် နဝကမ္မအလှူငွေများ လှူဒါန်းလျက်ရှိသည့်အပြင် အသက် ၇၅ နှစ်အထက် ခြင်းလုံးပညာရှင်ကြီးများကိုလည်း နှစ်စဉ် ဝါဆိုလပြည့်နေ့တိုင်း သက်ကြီးပူဇော်ပွဲ ကျင်းပပေးလျက်ရှိကြောင်း သိရှိရသည်။



နိုင်ငံတကာခရီးသွားများ မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီး ဝါဆိုခြင်းအလှုခတ်ပွဲတော်တွင် ပါဝင်ဆင်နွှဲနေကြစဉ်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# မြန်မာအမျိုးသမီးအသင်း ပြည်တွင်းခြေစမ်းပွဲများ ထပ်မံကစားမည်

**ရန်ကုန် ဇွန် ၁**

၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်နေသည့် မြန်မာအမျိုးသမီးအသင်းသည် ပြည်တွင်းခြေစမ်းပွဲများ ထပ်မံကစားရန် စီစဉ်လျက်ရှိသည်။

မြန်မာအမျိုးသမီးအသင်းသည် တောင်ကြီးနှင့် မန္တလေးခြေစမ်းခရီးစဉ်မှ မေ ၃၀ ရက်တွင် ပြန်လည်ရောက်ရှိခဲ့ပြီး ဇွန် ၁ ရက်တွင် လေ့ကျင့်မှုပြန်လည်ပြုလုပ်လျက်ရှိသည်။ မြန်မာအမျိုးသမီးအသင်းသည် ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲသွားရောက်မကစားမီ ပြည်တွင်းခြေစမ်းပွဲနှစ်ပွဲ ထပ်မံကစားရန် စီစဉ်ထားပြီး ဇွန် ၂ ရက် **(ယနေ့)** နံနက်ပိုင်းတွင် နွေရာသီသင်တန်းနည်းပြဆရာများအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ထို့ပြင် ဇွန် ၉ ရက်တွင် ခြေစမ်းပွဲထပ်မံကစားရန်စီစဉ်ထားပြီး အသင်းများနှင့် လိုက်လံညှိနှိုင်းလျက်ရှိသည်။ မြန်မာအမျိုးသမီးအသင်းသည် ဇွန် ၁၁ ရက်မှ ၁၇ ရက်အထိ ထိုင်းနိုင်ငံ၌ သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး ထိုင်းလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲအပါအဝင် စုစုပေါင်းသုံးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ပြည်တွင်းခြေစမ်းခရီးစဉ်အပြီးတွင် ရှုပါခိုင်နှင့် မျိုးမြမြငြိမ်း **(ဂိုး)** တို့ကို လျှော့ချခဲ့ပြီး ၂၄ ဦးဖြင့် ဆက်လက်လေ့ကျင့်လျက်ရှိကာ ထိုင်းခရီးစဉ်သို့ ၂၄ ဦးစလုံး ခေါ်ဆောင်သွားမည်ဖြစ်သည်။

**သတင်း- ညီမြတ်သော်တာ၊ ဓာတ်ပုံ- စိုးညွန့်**



မြန်မာအမျိုးသမီးအသင်း တောင်ကြီးမြို့၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားနေစဉ်။

# MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၄) တွင် မကွေးနှင့် ရတနာပုံတွေ့ဆုံ



ရတနာပုံအသင်း တောင်ပံကစားသမား သက်နိုင် ဂိုးသွင်းအပြီး အောင်ပွဲခံနေစဉ်။

**ရန်ကုန် ဇွန် ၁**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၄) ကို ဇွန် ၂၊ ၃ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အမှတ်ပေးဇယား ဒုတိယနေရာမှ မကွေးအသင်းနှင့် အဆင့်လေးနေရာမှ ရတနာပုံအသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။ ယခုတစ်ပတ်တွင် ခြောက်ပွဲစလုံး ကျင်းပမည်ဖြစ်ပြီး အသင်းကြီးအများစု ရုန်းကန်ရဖွယ်ရှိနေသည်။

ပွဲစဉ် (၁၃) တွင် စုစုပေါင်းနှစ်ပွဲသာ ကျင်းပနိုင်ခဲ့ပြီး မြန်မာ့လက်ရွေးစင်အသင်းနှင့် တရုတ်လက်ရွေးစင်အသင်း ခြေစမ်းပွဲကြောင့် လက်ရွေးစင်ကစားသမားများပါဝင်သည့် အသင်းများ၏ လေးပွဲအား ရွှေ့ဆိုင်းထားခဲ့သည်။ ပွဲစဉ် (၁၄) အဖြစ် ဇွန် ၂ ရက် **(ယနေ့)** တွင် သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ရတနာပုံအသင်း၊ ဝေဘာလီကွင်း၌ ရခိုင်အသင်းနှင့် ရန်ကုန်အသင်း၊ ပဲခူးကွင်း၌ ဟံသာဝတီအသင်းနှင့် မြဝတီအသင်း၊ ဇွန် ၃ ရက်တွင် မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် ဇွဲကပင်အသင်း၊ ပုသိမ်ကွင်း၌ ဧရာဝတီအသင်းနှင့် GFA အသင်း၊ မုံရွာကွင်း၌ စစ်ကိုင်းအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယခုတစ်ပတ်တွင် အမှတ်ပေးဇယား ထိပ်ဆုံးငါးသင်းအချင်းချင်းတွေ့ဆုံသည့်ပွဲများပါဝင်နေသလို အသင်းကြီးအချို့မှာလည်း အဝေးကွင်းပွဲကျပ်ကစားရမည်ဖြစ်ရာ အဆင့်ရပ်တည်မှုများ အပြောင်းအလဲ ဖြစ်ပေါ်ဖွယ်ရှိနေသည်။ ထိပ်ဆုံးမှ ရန်ကုန်နှင့် အဆင့်ငါးနေရာမှ ရခိုင်အသင်း၊ အဆင့်နှစ်နေရာမှ မကွေးနှင့် အဆင့်လေးနေရာမှ ရတနာပုံအသင်းတို့ ထိပ်တိုက်တွေ့ဆုံနေသလို လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းမှာလည်း တန်းဆင်းဇုန်မှလွတ်ရန် အမှတ်လိုနေသည့် စစ်ကိုင်းအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ရာ အခွင့်အရေးယူနိုင်ရန် ပိုမိုရုန်းကန်ရမည်ဖြစ်သည်။ အိမ်ကွင်း၌ ကစားရမည့် ဟံသာဝတီအသင်းမှာမူ နိုင်ပွဲရယူနိုင်ပါက ထိပ်ဆုံးငါးသင်းစာရင်း ပြန်လည်ဝင်ရောက်နိုင်ရန် ပြန်လည်မျှော်လင့်နိုင်မည်ဖြစ်သည်။ ရတနာပုံအသင်းသည် ပထမအကျော့တွင် မကွေးအသင်းကို အိမ်ကွင်း၌ ရှုံးနိမ့်ထားပြီး ရှုံးကြွေးပြန်ဆပ်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

ပွဲစဉ် (၁၃) အပြီးတွင် ရန်ကုန်အသင်းက ၁၂ ပွဲကစား ၂၉ မှတ်၊ မကွေးနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၁၂ ပွဲကစား ၂၄ မှတ်စီ၊ ရတနာပုံအသင်းက ၁၂ ပွဲကစား ၂၀ မှတ်၊ ရခိုင်အသင်းက ၁၃ ပွဲကစား ၂၀ မှတ်၊ ဟံသာဝတီအသင်းက ၁၂ ပွဲကစား ၁၈ မှတ်၊ ဇွဲကပင်အသင်းက ၁၂ ပွဲကစား ၁၇ မှတ်၊ Southern အသင်းက ၁၃ ပွဲကစား ၁၆ မှတ်၊ ဧရာဝတီအသင်းက ၁၂ ပွဲကစား ၁၅ မှတ်၊ စစ်ကိုင်းအသင်းက ၁၃ ပွဲကစား ၁၁ မှတ်၊ GFA အသင်းက ၁၃ ပွဲကစား ကိုးမှတ်၊ မြဝတီအသင်းက ၁၂ ပွဲကစား နှစ်မှတ်ရထားသည်။

**သတင်း- ညီမြတ်သော်တာ**
**ဓာတ်ပုံ- စိုးညွန့်**

# စားရှည်များကိုင်ဆောင် ရမ်းကားနေသောအုပ်စုအား ရဲတပ်ဖွဲ့ဝင်များက သွားရောက်ရှင်းလင်းရာ ပြန်လည်ရန်ပြုသဖြင့် ခြောက်လုံးပြူးခတ်ထိန်းသိမ်းခဲ့ရာမှ တစ်ဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရ

**မန္တလေး ဇွန် ၁**

မန္တလေးမြို့ အမရပူရမြို့နယ် စွယ်တော်ကားကြီးကွင်းအရှေ့ဘက် ၆၂ လမ်းမကြီးပေါ်တွင် လူငယ် ၂၀ ခန့်သည် ဓားရှည်များ ကိုင်ဆောင်ရမ်းကားနေကြောင်း သတင်းအရ ရဲတပ်ဖွဲ့ဝင်များက သွားရောက်ရှင်းလင်းထိန်းသိမ်းရာ ပြန်လည်ခုခံရန်ပြုသဖြင့် ခြောက်လုံးပြူးပစ်ခတ်ခဲ့ရာမှ တစ်ဦး သေနတ်ထိမှန်သေဆုံးခဲ့ပြီး တစ်ဦး သေနတ်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မန္တလေးမြို့ အောင်မြေသာစံမြို့မ ရဲစခန်း (ပ)၁၉၅/၂၀၁၈၊ ရာဇသတ်ကြီး ပုဒ်မ ၁၈၆ မှ ၃၉၅/ကျင့် ၅၁၂ တရားစွဲတင်ထားသောအမှုမှ တရားခံပြေး ကျော်ကျော်(ခ)မင်းသိန်း(ခ) ကျားပေါက် (ခ) ပေါက်စနှင့် အောင်ကျော်(ခ) ဂျီဆက်တို့နှစ်ဦးသည် ၆၆×၆၇ လမ်းကြား၊ ဘီလမ်းရှိ ထမင်းဆိုင်တွင် ရောက်ရှိနေကြောင်း သတင်းအရ မေ ၃၁ ရက် ည ၉ နာရီက မန္တလေးခရိုင် မှု/နှိမ်မှ ရဲအုပ်အောင်ကိုဝင်း ဦးဆောင်သည့် ပူးပေါင်းအဖွဲ့က သွားရောက်ဖမ်းဆီးခဲ့ပြီး ထိုသို့ဖမ်းဆီးစဉ် ၎င်းတို့အဖွဲ့မှ လူ ၁၀ ဦးခန့်ကို စီလမ်းနှင့် ၆၂ လမ်းထောင့်တွင် တွေ့ရှိကြောင်း သတင်းအရ လိုက်လံရှာဖွေရာ မတွေ့ရှိသဖြင့် ခရိုင်(မှု/နှိမ်)အဖွဲ့နှင့် နယ်ထိန်းခေါင်းဆောင်အဖွဲ့တို့က ဆက်လက်ရှာဖွေခဲ့ကြသည်။

ထိုသို့ရှာဖွေနေစဉ် အမရပူရမြို့နယ် စွယ်တော်ကားကြီးကွင်း အရှေ့ဘက် ၆၂ လမ်းမကြီးပေါ်တွင် လူငယ် ၂၀ ခန့်သည် ကျော်ကျော်(ခ)မင်းသိန်း(ခ) ကျားပေါက် (ခ)ပေါက်စနှင့် အောင်ကျော် (ခ) ဂျီဆက်တို့ နှစ်ဦးအား ဖမ်းဆီးသည်ကို မကျေနပ်၍ ဓားရှည်များကိုင်ဆောင် ရမ်းကားနေကြောင်း သတင်းအရ ည ၁၀ နာရီခွဲတွင် မြစ်ငယ်ရဲစခန်းမှ ဒုရဲအုပ် သူရအောင် ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်ရှစ်ဦးတို့သည် သွားရောက်ရှင်းလင်းရာ အဆိုပါလူငယ်အဖွဲ့က ပြန်လည်ခုခံရန်ပြုသဖြင့် ဒုရဲအုပ် သူရအောင်က MA-13 ဖြင့် တစ်ချက်၊ ရဲတပ်ကြပ် သက်နိုင်က MA-13 ဖြင့် သုံးချက်ခြောက်လုံးပြူးပစ်ခတ်ခဲ့စဉ် ဆေက်(ခ)ဟိန်းမင်းဆက် (၂၄နှစ်) (၁-၃)ရပ်ကွက် ပြည်ကြီးတံခွန်မြို့နယ်နေသူ၏ လည်ပင်းနှင့်ကျောကုန်းတွင် ပေါက်ထွက်ဒဏ်ရာရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး စိုင်းထူးအောင် (၂၃ နှစ်) ၅၈× ၅၉ ကြား ၁-၁ ရပ်ကွက် ပုံသကြီးတံခွန်မြို့နယ်၏ ပါး၊ ပေါင် ဒဏ်ရာရရှိခဲ့ရာ မန္တလေးပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသပေးလျက်ရှိကြောင်း သိရသည်။

**အောင်စံမောင်**

# မူဆယ်မြို့ ဆင်ဖြူဈေးအနီး ကေတီဗွီတစ်ခု၌ မီးလောင်မှုဖြစ်

**မူဆယ် ဇွန် ၁**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက် ဆင်ဖြူဈေးအနီး နှင့် မြန်မာ-တရုတ်နယ်စပ် ဝင်၊ ထွက်ဂိတ်ဖြစ်သော ဆင်ဖြူဂိတ်အနီး SOHO အမည်ရှိ ကေတီဗွီ၌ ဇွန် ၁ ရက် မွန်းလွဲ ၁၂ နာရီခွဲက မီးစတင်လောင်ခဲ့ကြောင်း သိရသည်။




အဆိုပါ မီးလောင်ခဲ့သော အဆောက်အအုံ အပေါ်ဆုံးထပ်တွင် အခန်းများပြုပြင်စဉ် ဖြတ်စက်အသုံးပြုရာမှ ဖြတ်စက်နှင့်သွယ်တန်းထားသော ဝိုင်ယာကြိုးအပူလွန်ကဲရာမှ ဆိုဖာများအပေါ်ကျ၍ မီးလောင်မှု စတင်ဖြစ်ပွားခဲ့ကြောင်း၊ မီးလောင်ရာသို့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မျိုးညွန့်၊ ခရိုင်နှင့်မြို့နယ်မှ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ယာဉ်သုံးစီး၊ မီးသတ်ရေသယ်ယာဉ်နှစ်စီး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးသတ်ယာဉ်လေးစီး၊ အရန်မီးသတ်ရေသယ်ယာဉ်ခြောက်စီးတို့ဖြင့်ရောက်ရှိလာပြီး စတင်ငြိမ်းသတ်ရာ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် မီးအား ထိန်းနိုင်ပြီး မွန်းလွဲ ၁ နာရီ ၄၅ တွင် ငြိမ်းသတ်နိုင်ခဲ့ကာ တရုတ်နိုင်ငံမှ မီးငြိမ်းသတ်ယာဉ်သုံးစီးကလည်း လာရောက်ဝိုင်းဝန်းပူးပေါင်း ငြိမ်းသတ်ခဲ့သည်။ မီးလာရောက်ငြိမ်းသတ်သော အရန်မီးသတ်တပ်ဖွဲ့မှ ဦးစိုးသန်း (၃၄ နှစ်)အား အဆောက်အအုံမှန်များ ပြုတ်ကျကွဲရှမှုကြောင့် လက်ဝဲဘက်လက်ဖျံတွင် ဒဏ်ရာရရှိခဲ့ကြောင်း၊ အခြားသေဆုံးထိခိုက်မှုများမရှိကြောင်းနှင့် မီးပေါ်ဆသူ ဦးစိုင်းညွန့်ဝင်း (၃၁နှစ်)အား မူဆယ်မြို့နယ်ရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# စွန့်ပစ်မြေစာပုံပြိုကျ၍ ရေမဆေးကျောက်ရှာဖွေသူနှစ်ဦး သေဆုံး

ဖားကန့် ဇွန် ၁

**ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု မော်စီစာကျေးရွာအနီး စံတော်ဝင်ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီလုပ်ကွက်အတွင်း မေ ၃၁ ရက် နံနက် ၁၀ နာရီက စွန့်ပစ်မြေစာပုံပြိုကျ၍ ရေမဆေးကျောက်ရှာဖွေသူ နှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု မော်စီစာကျေးရွာအနီးရှိ စံတော်ဝင်ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီလုပ်ကွက်အတွင်း ရေမဆေးကျောက်ရှာဖွေသူများမှ ကျောက်ရှာဖွေနေစဉ် အမြင့်ပေ ၁၅၀ ခန့်ရှိ စွန့်ပစ်မြေစာများသည် အကျယ်ပေ ၄၀၀ ခန့်ရှိ ရွှံ့နွံကန်အတွင်းသို့ ပြိုကျရာမှ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ချမ်ကုန်းကျေးရွာနေ မြင့်ကျော်(၄၁နှစ်)နှင့် ကျွန်းလှမြို့နယ် ပေကုန်းကျေးရွာနေ အောင်ဘို(၄၀ နှစ်)တို့နှစ်ဦးမှာ မြေစာများပိ၍ သေဆုံးခဲ့သည်။ မြေစာပုံပြိုကျရာနေရာသို့ လုံးခင်းနယ်မြေမီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးအောင်မျိုးမင်း ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးများ လုပ်ဆောင်ကာ သေဆုံးသည့် ရုပ်အလောင်းနှစ်လောင်းအား လုံးခင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။



**ဝင်းနိုင်(ကချင်မြေ)**

## မြန်မာ့ရုပ်မြင်သံကြား

**၂-၆-၂၀၁၈ (စနေနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၄၅ - ပန်းပျိုးခင်း(အပိုင်း-၄၂) **အနိုင်ကျင့်ခြင်းနှင့် အနိုင်ကျင့်ခံရခြင်း** (အပိုင်း-၁)
- ၉း၁၅ - "News Watch TV"
- ၁၀း၅၅ - NHK Program (လေးထောင့်များ ဖြစ်လာသော တြိဂံများ)
- ၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ **ကြမ္မာနံ့** (အပိုင်း -၂၈)
- ၁၃း၄၅ - ရုပ်ရှင်ရိုက်မယ် (အပိုင်း-၁၅) **အသစ်တစ်ဖန်၊ အမေနှင့် သူမ၏မိခင်**
- ၁၅း၀၀ - **မန္တလာမြေကဥယျာဉ်မှူး**

**ညပိုင်း**

- ၁၅း၄၅ - Myanmar National League 2018 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (Magwe FC Vs Yadanarbon Fc)
- ၁၈း၃၀ - Tasty Trip
- ၁၉း၁၅ - အိန္ဒိယဇာတ်လမ်းတွဲ **မြွေပျိုမယ်ရဲ့ မာယာလှည့်ကွက်** (အပိုင်း-၉၄)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - Big Step (Singer- Poe Mi)
- \- **ထူးချွန်သူတို့ လျှောက်သောလမ်း** ပိုင်မင်းဟိန်း၊ နေပိုင်ငြိမ်းအေး၊ ပန်းအိဝေ ဒါရိုက်တာ-မျိုးချစ်မောင်



# တောင်ကြီးမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**နေပြည်တော် ဇွန် ၁**

မူးယစ်တပ်ဖွဲ့စု(၂)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၃၁ ရက် မွန်းလွဲ ၁ နာရီခွဲကတောင်ကြီးမြို့နယ် ပန်းတင်ကျေးရွာအုပ်စု ဂနိုင်ရွေးကျေးရွာနေ ခွန်သူရမောင် (ခ)နွှတ်ခမ်းမွှေး၏နေအိမ်ကိုရှာဖွေရာ စတိုခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၀၀၀ နှင့် မြေအောက်ခန်းသံသေတ္တာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၄၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် ပန်းတင်လမ်းမကြီးလမ်းနေ လောက်အယ်(ခ) တာကျဲ(ခ) အစိုး(ခ) တရုတ်ကြီး၏ နေအိမ်ကိုရှာဖွေရာ ၎င်းအား နေအိမ်တွင် မတွေ့ရှိဘဲ လောက်အယ်၏အိပ်ခန်းအတွင်းမှ ဘိန်း ဆီခဲ ၁၀ ဂရမ်နှင့် အိုက်စ်တစ်ဂရမ်တို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၄ နာရီခွဲက တောင်ငူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် တောင်ငူမြို့အမှတ်(၁၉)ရပ်ကွက် သီတာလမ်း၊ ရန်ကုန်-မန္တလေးကားလမ်းဘေး၌ Crown မော်တော်ယာဉ်ပေါ်မှ ဆင်းလာသည့် စိုင်းထွန်း၊ စိုးဝင်း၊ ဒေါ်မွန်းနှင့်မနော်နာညေးဇဲတို့အား ရှာဖွေရာ စိုင်းထွန်းနှင့်ဒေါ်မွန်းတို့ ယူဆောင်လာသည့်ဆွဲခြင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၁၀၀နှင့် ဒေါ်မွန်းထံမှ စိတ်ကြွရူးသွပ်ဆေး ၃၁၄ ပြား၊ လက်ကိုင်ဖုန်းသုံးလုံး၊ ငွေကျပ် ၂၄၄၅၀တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၄င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံမှ အလိုရှိနေသည့် တရားခံတစ်ဦးအား ရွှေထည်နှင့် နိုင်ငံခြားငွေများနှင့်အတူ တာချီလိတ်၌ဖမ်းမိ

**တာချီလိတ် ဇွန် ၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ဝိန်းကျောက်ရပ်ကွက် တော်ကော့(တွင်း)ရွာ၌ ငွေကြေးခဝါချမှု၊ မူးယစ်ဆေးဝါးအမှုတို့ဖြင့် ထိုင်းနိုင်ငံက အလိုရှိ ထိုင်းနိုင်ငံသားတစ်ဦးကို ထိုင်းဘတ်ငွေ ၄၂ သိန်း၊ မြန်မာငွေကျပ် ၈၄ သိန်းကျော်၊ ရွှေထည်ပစ္စည်းများနှင့်အတူ မေ ၃၁ ရက် ည ၁၁ နာရီကျော်က ဖမ်းဆီးရမိသည်။

မေ ၃၁ ရက် ည ၁၁ နာရီ ၁၀ မိနစ်တွင် မူးယစ်တပ်ဖွဲ့စု (၃၀) တာချီလိတ်မှ ရဲအုပ်သုမောင် ဦးစီးသောပူးပေါင်းအဖွဲ့သည် ထိုင်းနိုင်ငံမှ ငွေကြေးခဝါချမှု၊ မူးယစ်ဆေးဝါးအမှုတို့ဖြင့် ကူညီစုံစမ်းဖမ်းဆီးပေးရန်အတွက် သတင်းဆက်သွယ် ပေးပို့ထားရှိသော ထိုင်းအလိုရှိ တရားခံ ထိုင်းနိုင်ငံသား မစ္စတာ ကျလွန်(ခ)ဝိုင်(ခ) ကော့ကိတိဖွန်ဖာနိသည် တာချီလိတ်မြို့ဝိန်းကျောက်ရပ်ကွက် တော်ကော့(တွင်း)ရွာရှိ အမှတ်(တကက -၈၇) အခန်းအမှတ် -၁ တွင် တည်းခိုနေကြောင်း သတင်းအရ ဝင်ရောက်စီနင်းရှာဖွေခဲ့ရာ ၎င်းအား အသင့်တွေ့ရှိရပြီး ဆက်လက်ရှာဖွေရာ ၎င်းထံမှ လက်ကိုင်ဖုန်းခုနစ်လုံး၊ ထိုင်းဘတ်ငွေ ၄၂ သိန်း၊ မြန်မာ ငွေကျပ် ၈၄၄၅၀၀၀၊ ရွှေဟုယူဆရသည့် ကျောက်ပါလက်စွပ် ခြောက်ကွင်း၊ ဆွဲကြိုးတစ်ကုံး၊ ဟန်းချိန်းနှစ်ခု၊ လက်ကောက်တစ်ကွင်း၊ လိပ်ပုံရွှေပြားတစ်ပြား၊ အခန်းရှေ့ခြံဝင်းအတွင်းရပ်ထားသည့် ၎င်းပိုင်ဆိုင်သော အယ်လ်ဖတ်ယာဉ်တစ်စီးကို လည်းကောင်း သိမ်းဆည်းရမိသည်။

ဖမ်းဆီးရမိသည့် ထိုင်းနိုင်ငံသား**(အောက်ပုံ)**နှင့် အထောက်အထားမပါဘဲ အခန်းလက်ခံ ငှားရမ်းပေးခဲ့သူ လောတာ (အမျိုးသား)(၃၂ နှစ်) တာချီလိတ်မြို့နေသူတို့အား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



# တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားနှစ်နိုင်ငံ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

**ဆိုးလ်  ဇွန် ၁**

နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ရန် ရှေ့ဆက်ရမည့်လုပ်ငန်းစဉ်များကို ဆွေးနွေးရန်အတွက် မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားနှစ်နိုင်ငံ အဆင့်မြင့်အရာရှိကြီးများ အဆင့်အစည်းအဝေးကို ဇွန် ၁ ရက်ကကျင်းပခဲ့ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အမေရိကန် သမ္မတဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်းတို့၏ သမိုင်းဝင်အထိမ်းအမှတ်အစည်းအဝေးမစတင်မီ ကိုရီးယားနှစ်နိုင်ငံအစည်းအဝေးကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကိုရီးယားနှစ်နိုင်ငံဆွေးနွေးပွဲကို စီစဉ်ထားသည့်အတိုင်း ယခုလအစောပိုင်းတွင် ကျင်းပခဲ့သော်လည်းအမေရိကန်နှင့် တောင်ကိုရီးယားတို့ လေကြောင်းပူးတွဲလေ့ကျင့်မှုကို တုံ့ပြန်သည့်အနေဖြင့် မြောက်ကိုရီးယားက အဆိုပါဆွေးနွေးပွဲကို ဖျက်သိမ်းလိုခဲ့သည်။

ကိုရီးယားနှစ်နိုင်ငံ သမိုင်းတွင်မည့် ဆွေးနွေးပွဲကို ဧပြီလတွင် ပြုလုပ်ခဲ့ပြီးနောက် ဒုတိယမြောက်ဆွေးနွေးပွဲကို မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် တောင်ကိုရီးယားခေါင်းဆောင် မွန်ဂျယ်အင်းတို့က နယ်စပ်ငြိမ်းချမ်းရေးရွာ ပန်မွန်ဂျုံတွင် ကျင်းပခဲ့သည်။

နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် နည်းလမ်းများကို မိမိတို့ဆွေးနွေးကြမည်ဟု တောင်ကိုရီးယား ပြန်လည်ပေါင်းစည်းရေးဝန်ကြီး ချိုမြောင်ဂုံက ပန်မွန်ဂျုံသို့မထွက်ခွာမီ သတင်းထောက်များကို ပြောကြားခဲ့သည်။ ကိုယ်စားလှယ်အဖွဲ့သည် အမေရိကန်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမည့် အစည်းအဝေးအတွက်လည်း ကောင်းမွန်ပြီး အပြုသဘောဆောင်သည့် အခြေအနေတစ်ခု ဖန်တီးနိုင်ရေး ကြိုးစားသွားမည်ဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားအဆင့်မြင့်ခေါင်းဆောင်များအပြန်အလှန်လက်ဆွဲနှုတ်ဆက်နေစဉ်။

# ဟီရိုရှီးမားဗုံးပေါက်ကွဲမှုတွင် အသက်ရှင်ကျန်ရစ်သူက ကမ္ဘာကြီးနျူကလီးယားလက်နက် ကင်းစင်ရေးအတွက် တိုက်တွန်း




**ဝါရှင်တန် ဇွန် ၁**

၁၉၄၅ ဟီရိုရှီးမား အဏုမြူဗုံးပေါက်ကွဲမှုဖြစ်စဉ်တွင် အသက်ရှင်ကျန်ရစ်သူတစ်ဦးက နယူးယောက်ရှိ ကုလသမဂ္ဂဌာနချုပ်သို့သွားရောက်ခဲ့ပြီး ကမ္ဘာကြီးနျူကလီးယားလက်နက်ကင်းစင်ရေးအတွက် တိုက်တွန်းခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဇွန် ၁ ရက်က ဖော်ပြခဲ့သည်။

ဟီရိုရှီးမား အဏုမြူဗုံးပေါက်ကွဲမှုဖြစ်စဉ်တွင် အသက်ရှင်ကျန်ရစ်သူ အသက် ၈၁နှစ်ရှိ ရှီဂေကီမိုရီသည် အဏုမြူဗုံးပေါက်ကွဲမှုဖြစ်စဉ်နှင့်ပတ်သက်ပြီး နှစ်ပေါင်းများစွာကြာအောင် သုတေသနပြုလုပ်ခဲ့ပြီးနောက် အဏုမြူဗုံးပေါက်ကွဲမှုဖြစ်စဉ်တွင် အမေရိကန်အကျဉ်းသား ၁၂ ဦး သေဆုံးခဲ့ကြောင်း ပြောခဲ့သည်။

မေ ၃၁ ရက်ကြာသပတေးနေ့က လူ ၂၀၀ခန့် မိုရီ၏ သုတေသနပြုလုပ်ချက် မှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုသို့ ပထမဆုံးခရီးစဉ်အတွင်း အံ့သြစရာကောင်းမှုများနှင့် ကြုံတွေ့ခဲ့ရကြောင်း မိုရီကပြောခဲ့သည်။

ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့များသို့ အဏုမြူဗုံးများကြဲချခဲ့ရာ လူပေါင်း ၂၀၀၀၀၀ ကျော်သေဆုံးခဲ့ကြောင်း၊ ငြိမ်းချမ်းရေးအတွက် လူသားများအနေဖြင့် ၎င်းတို့၏ ပင်ကိုဗီဇစွမ်းရည်များကို အသုံးချနိုင်မည်ဟု မျှော်လင့်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

နျူကလီးယားစမ်းသပ်မှုများကို တားမြစ်ကြောင်း ဆန္ဒဖော်ထုတ်ခဲ့သည့်လူငယ်တစ်ဦးက မိုရီအနေဖြင့်အခုလို အဏုမြူဗုံးကြောင့် လူအရေအတွက် မည်မျှသေဆုံးခဲ့သည်ကို ဖော်ပြခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်း ပြောခဲ့သည်။

လက်ရှိကျွန်ုပ်တို့ နေထိုင်သည့်ကမ္ဘာကြီးသည် နောင်အနာဂတ်တွင် မည်သည့်ကမ္ဘာကြီးမျိုး ဖြစ်မလဲဆိုသည်ကို ခန့်မှန်းရသည်မှာ မလွယ်ကူကြောင်း၊ သို့သော်လည်း ကမ္ဘာ့လူသားများအနေဖြင့် အလားတူဖြစ်ရပ်မျိုး နောက်တစ်ကြိမ်ထပ်မံမဖြစ်စေရန် ကြိုတင်ကာကွယ်မှုပြု သွားရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ဂျပန်နိုင်ငံ၌ ကလေးမွေးနှုန်းကျဆင်းပြီး လူဦးရေကျဆင်း

**တိုကျို ဇွန် ၁**

ဂျပန်လူဦးရေကျဆင်းနှုန်းသည် မြင့်တက်လာခဲ့ကြောင်း လေ့လာမှုစစ်တမ်းသစ်တစ်ခုက ဖော်ပြခဲ့သည်။ ဂျပန်နိုင်ငံ၏ ကလေးမွေးဖွားနှုန်းသည် လွန်ခဲ့သည့်နှစ်က ၁ ဒသမ ၄၃ ရှိခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်ကထက် ၀ ဒသမ ၀၁ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောခဲ့သည်။ အဆိုပါကိန်းဂဏန်းများသည် အမျိုးသမီးတစ်ယောက်၏ ပျမ်းမျှကလေးမွေးနှုန်းကို ကိုယ်စားပြုဖော်ပြခဲ့ခြင်းဖြစ်သည်။

ကလေးမွေးဖွားနှုန်းကျဆင်းပြီး လူဦးရေကျဆင်းမှုသည် အိုကီနာဝါစီရင်စုတွင် အမြင့်ဆုံးဖြစ်ကာ ၁ ဒသမ ၉၄နှုန်းဖြစ်သည်။ တိုကျိုတွင် အနည်းဆုံးဖြစ်ကာ ၁ ဒသမ ၂၁ နှုန်းဖြစ်သည်။ လွန်ခဲ့သောနှစ်က ဂျပန်နိုင်ငံတွင် ကလေးမွေးဖွားသည့်အရေအတွက်မှာ ၉၄၆၀၀၀ခန့်ဖြစ်ကာ ၂၀၁၆ ခုနှစ်ကထက် ၃၀၀၀၀ ခန့်ကျဆင်းခဲ့သည်။ ထိုသို့ဖြစ်ခြင်းမှာ လက်ထပ်ပြီးမင်္ဂလာမောင်နှံများအနေဖြင့် ကလေးမွေးဖွားသည့် အရေအတွက် ကျဆင်းခြင်းနှင့် လက်ထပ်သည့် အရေအတွက်ကျဆင်းခြင်းတို့ကြောင့် ဖြစ်ကြောင်း သိရသည်။ ကျန်းမာရေးဝန်ကြီးဌာနက မိသားစုများတွင် ကလေးယူပြီးကျွေးမွေးနိုင်သည့် အနေအထားဖြစ်အောင် အစီအစဉ်များကို တိုးမြှင့်လုပ်ဆောင်နေကြောင်း ပြောခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ဂါနာတွင် ရေယာဉ်မှောက်မှုဖြစ်ရာ ၁၁ ဦးထက်မနည်း သေဆုံး

**အက်ခ်ရာ ဇွန် ၁**

ဂါနာတွင်ရေယာဉ်မှောက်မှုတစ်ခုဖြစ်ပွားခဲ့ရာ လူ ၁၁ ဦးထက်မနည်းသေဆုံးခဲ့ကြောင်း ပြည်တွင်းသတင်းဌာနတစ်ခုတွင် မကြာသေးမီက ဖော်ပြခဲ့သည်။

ခရီးသည်များသည် ၎င်းတို့၏ ခြံထွက်ပစ္စည်းများအား ရောင်းချရန် ဂါနာနိုင်ငံမြို့တော် အက်ခ်ရာ အရှေ့မြောက်ဘက် ၄၃၀ ကီလိုမီတာအကွာ ဆိုင်ပွန်ကျွန်းသို့ ကီတီကရာချီဒေသမှ ရေယာဉ်ဖြင့်လာရောက်စဉ် ဗိုတာရေကန်ရှိ သစ်ငုတ်တစ်ခုဖြင့် တိုက်မိရာ လှေတိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရေယာဉ်တိမ်းမှောက်မှုဖြစ်စဉ်တွင် ရေယာဉ်လှေပေါ်တွင် လူ ၅၀ ကျော်လိုက်ပါလာကြောင်း နိုင်ငံပိုင်ဂါနာအသံလွှင့်ကော်ပိုရေးရှင်းက သတင်းဖော်ပြခဲ့သည်။

**ဆင်ဟွာ**

# နိုင်ဂျီးရီးယား၌ သေနတ်သမားများက ခရီးသည် ၂၅ဦးကို ပြန်ပေးဆွဲ

**အဘူဂျာ  ဇွန် ၁**

နိုင်ဂျီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း ကာဒူနာပြည်နယ်၌မေ ၃၁ ရက်က ခရီးသည် ၂၅ ဦးအား သေနတ်သမားများက ပြန်ပေးဆွဲခဲ့ကြောင်း ပြည်တွင်းပို့ဆောင်ရေးသမဂ္ဂက ပြောခဲ့သည်။

ကာဒူနာပြည်နယ်ရှိ ဘာနင်- ဂွါရီလမ်းမကြီးအတိုင်း မော်တော်ယာဉ်ဖြင့် ခရီးသွားနေစဉ်ပြန်ပေးဆွဲခံခဲ့ရခြင်းဖြစ်ကြောင်း၊ ပြန်ပေးဆွဲခံရသူများကို ချုံပုတ်တစ်ခုအတွင်းသို့ ခေါ်ဆောင်သွားခဲ့ကြောင်း ခရီးလမ်းပို့ဆောင်ရေးအလုပ်သမားများဆိုင်ရာ အမျိုးသားသမဂ္ဂ၏ ခရိုင်အကြီးအကဲ ဒါနယ်ဒီဒူနီယာက ပြောခဲ့သည်။



နိုင်ဂျီးရီးယားရှိ အမည်မသိသေနတ်သမားအချို့ကို တွေ့ရစဉ်။

ပြန်ပေးဆွဲခံရသည့်လူဦးရေသည် ၂၅ ဦးထက်လည်းပိုနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ပြန်ပေးဆွဲခံရသူများသည် ပြန်ပေးဆွဲမှုများဖြစ်ပွားလေ့ရှိသည့် အန္တရာယ်ရှိသော ဘာနင်- ဂွါရီလမ်းမပေါ်တွင် မော်တော်ယာဉ်ငါးစီးဖြင့် ခရီးထွက်လာကြခြင်းဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

ပြန်ပေးဆွဲခံရသူများကို ဘာနင်-ဂွာရီလမ်းမပေါ်ရှိ ချုံပုတ်အတွင်း သေနတ်သမားများက ဆွဲခေါ်သွားစဉ် ကားမောင်းသူတစ်ဦး ထွက်ပြေးလွတ်မြောက်ခဲ့ကြောင်း ပို့ဆောင်ရေးသမဂ္ဂအကြီးအကဲက ပြောခဲ့သည်။

**ဆင်ဟွာ**

**နိုင်ငံတကာ သတင်းတိုထွာ**

## ဂျော်ဒန်နိုင်ငံမှ လောင်စာဆီဈေးတိုးမြှင့်

**အမ်မန် ဇွန် ၁**

ဇွန်လတစ်ရက်နေ့မှစပြီး လျှပ်စစ်နှင့် လောင်စာဆီဈေးနှုန်း တိုးမြှင့်တော့မည်ဖြစ်ကြောင်းကြာသပတေးနေ့ကကြေညာခဲ့သည်။ တစ်ကမ္ဘာလုံးဆိုင်ရာ ရေနံစိမ်းဈေး တိုးမြှင့်လာသည့်အတွက် ယင်းသို့ကောက်ခံလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ဇွန်လ၁ရက်နေ့မှစ၍ ကဏ္ဍအသီးသီးမှလျှပ်စစ်သုံးစွဲခကို ၂၃ ဒသမ ၅ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း၊ ယင်းသို့တိုးမြှင့်ကောက်ခံရာတွင် ၃၀၀ ကီလိုဝတ်အထက် ကျော်လွန်သည့် အိမ်သုံးလျှပ်စစ်ဓာတ်အားအတွက်လည်း ပါဝင်ကောက်ခံမည်ဖြစ်ကြောင်း ဂျော်ဒန်မှ လျှပ်စစ်နှင့် သတ္တုတွင်းဆိုင်ရာ အကြီးအကဲဖြစ်သူက ပြောသည်။

တိုင်းပြည်အတွင်းပုံစံအမျိုးမျိုးနှင့် သုံးစွဲနေသော လောင်စာအတွက်လည်း ဇွန်လမှစ၍ ဈေးနှုန်းတိုးမြှင့်ရန်လည်း အစိုးရကဆုံးဖြတ်ထားကြောင်း စွမ်းအင်နှင့် သတ္တုတွင်းမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

လောင်စာဆီဈေး တိုးမြှင့်ရခြင်းသည် ရေနံစိမ်းဈေးနှုန်းမှာ မေလအတွင်း တစ်စည်လျှင် ၇၆ ဒသမ ၉၅ ဒေါ်လာအထိ မြင့်တက်ခဲ့ကြောင်း ဧပြီလနှင့် နှိုင်းယှဉ်လျှင် ၇ ဒသမ ၄ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်ကြောင်း ထုတ်ပြန် ချက်တွင် ထည့်သွင်းဖော်ပြထားသည်။

ဆင်ဟွာ

## အမေရိကန်၏ အခွန်စည်းကြပ်မှုအပေါ် ဥရောပပါလီမန် ရှုတ်ချ

**ဘရပ်ဆဲလ် ဇွန် ၁**

စတီးနှင့် အလူမီနီယမ်များတင်သွင်းမှုတွင် အမေရိကန်မှ အခွန်စည်းကြပ်လိုက်သည့်အတွက် ဥရောပပါလီမန်က ကြာသပတေးနေ့တွင် ရှုတ်ချကြောင်း ကြေညာခဲ့သည်။ ဥရောပသမဂ္ဂအနေဖြင့် သင့်တော်သည့်တုံ့ပြန်မှုမျိုး ပြုလုပ်ရန် တိုက်တွန်းခဲ့သည်။ အီးယူမှ စတီးနှင့် အလူမီနီယမ်များကို အမေရိကန်က အခွန်စည်းကြပ်လိုက်သည့်အတွက် ဥရောပပါလီမန်အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုကော်မတီမှ ယင်းကိစ္စကို ရှုတ်ချရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အီးယူနှင့် အမေရိကန် နှစ်ဖက်စလုံးမှ အကျိုးအမြတ်အတွက် အမေရိကန်နှင့်ကုန်သွယ်မှုဆိုင်ရာ ဆွေးနွေးရန် အီးယူအဖွဲ့ကြီးက လိုလားလျက်ရှိသည်။

သို့သော် ခြိမ်းခြောက်မှုအောက်တွင် ဆွေးနွေးညှိနှိုင်းမှု မလုပ်လိုကြောင်း ဥရောပပါလီမန် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုကော်မတီဥက္ကဋ္ဌက ပြောသည်။ အီးယူအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသားများ၏အကျိုးစီးပွားကို ကာကွယ်ရန် အဖွဲ့ဝင်နိုင်ငံများက ညီညွတ်မှုကို ပြသရမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ဆင်ဟွာ

# ဥရောပတောင်ပိုင်းရဲ့တည်ငြိမ်မှုကို လှုပ်ခတ်လာနိုင်တဲ့ စပိန်နိုင်ငံရေးအခြေအနေ

ဖြိုးစန္ဒီနွေး



အီတလီနိုင်ငံမှာ နိုင်ငံရေးရှုပ်ထွေးမှုတွေက စီးပွားရေးကိုရိုက်ခတ်လာနေချိန် ဥရောပတောင်ပိုင်းရဲ့ တည်ငြိမ်မှုကို နောက်ထပ်စမ်းသပ်မယ့်အရာတစ်ခုဖြစ်လာခဲ့ပြန်ပါတယ်။ အဲဒါကတော့ စပိန်နိုင်ငံရဲ့ လတ်တလောအခြေအနေပါပဲ။ စပိန်ဝန်ကြီးချုပ် မာရီယာနိုရာဂျွိုင်းဟာ ပါလီမန်မှာ အယုံအကြည်မရှိဆိုတဲ့ မဲတွေနဲ့ ရင်ဆိုင်ရဖွယ်ရှိနေပါတယ်။ အီတလီမှာတော့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နှေးကွေးနေခြင်းက အဓိကပြဿနာ ဖြစ်ပေမယ့် စပိန်နိုင်ငံရဲ့အဓိက ပြဿနာကတော့ နှစ်ပေါင်းရှည်ကြာ အမြစ်တွယ်နေတဲ့ အကျင့်ပျက်ခြစားမှုကို မတိုက်ဖျက်နိုင်တာပါပဲ။

**အမည်းစက် စွန်းထင်း**

အဲဒီအတွက် ဝန်ကြီးချုပ်မာရီယာနိုရာဂျွိုင်းရဲ့ပါတီဖြစ်တဲ့ ကွန်ဆာဗေးတစ်ပေါ်ပြူလာပါတီဟာလည်း အမည်းစက်စွန်းထင်းရပါတယ်။လွန်ခဲ့တဲ့သီတင်းပတ်ကပဲ စီးပွားရေးသမားတွေနဲ့ နိုင်ငံရေးသမား နှစ်ဒါဇင်ခန့်ကို စပိန်တရားရုံးတော်က အရေးယူခဲ့ပါတယ်။ အဲဒီအထဲမှာ ကွန်ဆာဗေးတစ်ပေါ်ပြူလာပါတီရဲ့ ဘဏ္ဍာရေးဆိုင်ရာ အကြီးအကဲဟောင်း တစ်ဦးလည်း ပါပါတယ်။ လာဘ်ယူမှုနဲ့ပတ်သက်ပြီး တရားစွဲဆိုခံရတာလည်း ဖြစ်တယ်။

**နုတ်ထွက်ပေးရေး တောင်းဆို**

အဓိကအတိုက်အခံပါတီဖြစ်တဲ့ ဆိုရှယ်လစ်ပါတီဟာ ဝန်ကြီးချုပ်မစ္စတာရာဂျွိုင်းကို တာဝန်မှ နုတ်ထွက်ပေးရေး တောင်းဆိုကြရန် ဥပဒေပြုအမတ်တွေကို တိုက်တွန်းလျက်ရှိပါတယ်။ နောက်ထပ် ရွေးကောက်ပွဲတစ်ခု ကျင်းပဖို့တောင် သူတို့က ရည်ရွယ်နေကြပါတယ်။ ကြာသပတေးနဲ့သောကြာနေ့တို့မှာ ကျင်းပတဲ့ ပါလီမန်အစည်းအဝေးမှာ အဲဒီလိုပြုလုပ်ဖို့ ရည်ရွယ်ထားခဲ့ကြတာပဲဖြစ်တယ်။

**မတည်ငြိမ်မှုတွေ ပြန်လည်ဖြစ်လာနိုင်**

လွန်ခဲ့တဲ့ နှစ်နှစ်ခန့်ကို ပြန်ကြည့်မယ်ဆိုရင် စပိန်နိုင်ငံဟာ ရွေးကောက်ပွဲနှစ်ခု ကျင်းပခဲ့ရပြီး နိုင်ငံရေး အခြေအနေကလည်း မရေမရာ ဖြစ်နေခဲ့ပါတယ်။ အဲဒီလိုအခြေအနေမှာ မစ္စတာ ရာဂျွိုင်းဟာ အားနည်းချက်တွေရှိနေတဲ့ အစိုးရအဖွဲ့မှာ ပဲ့ကိုင်ရှင်ဖြစ်လာခဲ့ပါတယ်။ တကယ်လို့များ နောက်တစ်ကြိမ်ရွေးကောက်ပွဲ ထပ်ကျင်းပခဲ့ရရင် နိုင်ငံရေးနဲ့စီးပွားရေးမှာ မတည်မငြိမ်မှုတွေ ပြန်လည်ပေါ်ပေါက်လာနိုင်ပါတယ်။ ဒီလိုဆိုရင် အီတလီက အစပြုပြီး လှုပ်ခတ်လာတဲ့ ဥရောပတောင်ပိုင်းမှာ မတည်ငြိမ်မှုတွေ ဖြစ်လာနိုင်ပါတယ်။

**အခြေအနေချင်း ကွာခြား**

ဒါပေမယ့်လည်း စပိန်နဲ့အီတလီတို့ဟာ အခြေအနေချင်းကွာခြားပါတယ်။ အီတလီက ယူရိုငွေတစ်မျိုးတည်းအသုံးပြုမှုအပေါ် စောဒကတွေတက်နေကြပေမယ့် စပိန်ရဲ့ပြဿနာကတော့ တခြားပါ။ အီတလီနိုင်ငံနဲ့ မတူညီတာကစပိန်နိုင်ငံရဲ့ လက်ရှိပေါ်ပေါက်နေတဲ့ ပြဿနာက မစ္စတာရာဂျွိုင်းရဲ့ အစိုးရအပေါ် မကျေနပ်တာပဲဖြစ်ပြီး အီတလီလိုဥရောပသမဂ္ဂနဲ့ ယူရိုငွေကြေးအပေါ် မကျေမလည်ဖြစ်နေတာမျိုး မဟုတ်ပါဘူး။ ဒါကြောင့်မို့ ဥရောပသမဂ္ဂအနေနဲ့ ကြည့်မယ်ဆိုရင် စပိန်ဟာ အီတလီလောက် ပြဿနာမရှိနိုင်ပါဘူးလို့ မန်ဆာချူးဆက်ပြည်နယ် ဘန်တလေတက္ကသိုလ်က တစ်ကမ္ဘာလုံးဆိုင်ရာ လေ့လာမှုဌာနက ပါမောက္ခ ဘွန်နီအန်ဖီးလ်က ပြောပါတယ်။

**ကံကြမ္မာကိုအဆုံးအဖြတ်ပေးနိုင်**

စပိန်နိုင်ငံဟာဆိုရင် ကြွယ်ဝချမ်းသာတဲ့ မြောက်ပိုင်းဒေသဖြစ်တဲ့ ကတ်တလိုးနီးယားဒေသရဲ့ခွဲထွက်ဖို့တောင်းဆိုမှုတွေနဲ့ ပြဿနာတွေရှုပ်ထွေးခဲ့ရတာလည်း မကြာသေးမီကမှ ဖြစ်ပွားခဲ့တဲ့ ဖြစ်ရပ်တွေပါပဲ။ ကတ်တလိုးနီးယားပါလီမန်ကိုဖျက်သိမ်းခဲ့ပြီး ခွဲထွက်ရေးခေါင်းဆောင်တွေကိုလည်း ဖမ်းဆီးတရားစွဲဆိုမှုတွေ ပြုလုပ်ခဲ့ပါတယ်။ အဲဒီတော့ကတ်တလိုးနီးယားနဲ့ ဘတ်စကျူ့ဒေသက အမျိုးသားရေးဝါဒီအမတ်တွေက ဝန်ကြီးချုပ်မစ္စတာ ရာဂျွိုင်းရဲ့ ကံကြမ္မာကို အဆုံးအဖြတ်ပေးနိုင်တဲ့ အခြေအနေဖြစ်နေပါတယ်။

**ဝါရင့်နိုင်ငံရေးသမားတစ်ဦး**

မစ္စတာ ရာဂျွိုင်းဟာ အသက် ၆၃ နှစ်အရွယ်ရှိပြီး ဝါရင့်နိုင်ငံရေးသမားတစ်ဦးလည်း ဖြစ်တယ်။ ၁၉၉၆ ခုနှစ်ကစပြီး ဝန်ကြီးအဆင့်ရာထူးကို တာဝန်ထမ်းဆောင်ခဲ့တဲ့သူလည်း ဖြစ်တယ်။ လွန်ခဲ့တဲ့ဆယ်စုနှစ် နှစ်ခုစာလောက်အတွင်းမှာ မစ္စတာရာဂျွိုင်းဟာ ရွေးကောက်ပွဲတွေမှာလည်း အောင်မြင်မှုရရှိအောင် စီမံခန့်ခွဲပေးနိုင်တဲ့၊ ၂၀၁၂ ခုနှစ် စပိန်နိုင်ငံရဲ့ ဘဏ္ဍာရေးဆိုင်ရာ အခက်အခဲတွေ ကြားထဲကလည်း ရှင်သန်နိုင်အောင် စီမံပေးနိုင်တဲ့လူဖြစ်ခဲ့ပါတယ်။ လက်ရှိမှာတော့ သူ့အစိုးရအဖွဲ့ဟာ စီးပွားရေးသမားတွေကိုလိုလားတဲ့ပါတီဖြစ်တဲ့ Ciudadanos ပါတီအပေါ်မှာတည်မှီနေပါတယ်။ အဲဒီပါတီဟာ ကတ်တလိုးနီးယားဒေသမှာဖွဲ့စည်းခဲ့တဲ့ပါတီလည်း ဖြစ်တယ်။

> **“အဲဒီလိုအခြေအနေမှာ မစ္စတာရာဂျွိုင်းဟာ အားနည်းချက်တွေရှိနေတဲ့ အစိုးရအဖွဲ့မှာ ပဲ့ကိုင်ရှင်ဖြစ်လာခဲ့ပါတယ်။ တကယ်လို့များ နောက်တစ်ကြိမ် ရွေးကောက်ပွဲထပ်ကျင်းပခဲ့ရရင် နိုင်ငံရေးနဲ့စီးပွားရေးမှာ မတည်မငြိမ်မှုတွေ ပြန်လည်ပေါ်ပေါက်လာနိုင်ပါတယ်။ ဒီလိုဆိုရင် အီတလီကအစပြုပြီး လှုပ်ခတ်လာတဲ့ ဥရောပတောင်ပိုင်းမှာ မတည်ငြိမ်မှုတွေ ဖြစ်လာနိုင်”**

အဲဒီပါတီနဲ့ လက်ယာယိမ်းအတိုက်အခံပါတီတို့ဟာ မစ္စတာရာဂျွိုင်းကို ဖယ်ရှားလိုရင်တောင် တကယ်တမ်းတော့ မလွယ်ပါဘူး။ အခက်အခဲတွေနဲ့ ရင်ဆိုင်ရဖွယ်ရှိပါတယ်။ မစ္စတာရာဂျွိုင်းကိုအယုံအကြည်မရှိအဆို တင်သွင်းကြတဲ့အခါ ဥပဒေပြုအမတ်အများစုရဲ့ ထောက်ခံမဲတွေလိုအပ်တဲ့အပြင် ဝန်ကြီးချုပ်နေရာ အစားထိုးမယ့်သူရှိနေဖို့လည်း လိုအပ်ပါတယ်။ ဝန်ကြီးချုပ်မစ္စတာရာဂျွိုင်းကို ဖယ်ရှားလိုတဲ့ အကြောင်းတစ်ခုကတော့ အကျင့်ပျက်ခြစားမှုမှာ ဘဏ္ဍာငွေကြေးတွေ မလျော်မကန် သုံးစွဲထားမှုမှာ သူ့ပါတီကဘဏ္ဍာရေးဆိုင်ရာ အကြီးအကဲဟောင်းတစ်ဦး ပါဝင်နေတာကြောင့်လည်း ပါပါတယ်။

**ပါတီအင်အား လျော့နည်းနိုင်**

ဆိုရှယ်လစ်တွေဟာ မစ္စတာရာဂျွိုင်းကိုနေရာကနေ ဖယ်ရှားလိုပေမယ့် ဒီကိစ္စဟာ အောင်မြင်ဖွယ် မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဓိက အတိုက်ခံပါတီတွေကြား လိုအပ်ချက်တွေဟာ အမျိုးမျိုးကွဲပြားနေကြပါပဲလို့ လန်ဒန်စီးပွားရေးကျောင်းက တွဲဖက်ပါမောက္ခဟောင်းက ခန့်မှန်းထားပါတယ်။ မစ္စတာရာဂျွိုင်းဟာသူ့ကို ဖယ်ရှားဖို့ ကြိုးစားနေကြတဲ့ ဒီအကျပ်အတည်းက လွတ်မြောက်ခဲ့ရင်တောင် သူ့ရဲ့ပါတီဟာ အင်အားလျော့နည်းသွားမှာကတော့ အမှန်ပါပဲ။

**ပထမဆုံးပြစ်ဒဏ်**

လွန်ခဲ့တဲ့သီတင်းပတ်က အကျင့်ပျက်ခြစားတဲ့ပြစ်မှုအတွက် တရားစီရင်မှုမှာနိုင်ငံရေးပါတီတစ်ခုအတွက် တရားမဝင် ရန်ပုံငွေတွေ အသုံးပြုနေတဲ့အပေါ် ပထမဦးဆုံးအကြိမ် အပြစ်ပေးခဲ့တာဖြစ်ပြီးယူရို ၂၄၅၀၀၀ ဒဏ်ကြေးပေးဆောင်ဖို့ ဒဏ်ရိုက်ခဲ့တာလည်း ဖြစ်တယ်။ ပါတီရဲ့ ဘဏ္ဍာရေးမှူးဟောင်း Luis Barcenas ဟာ ထောင်ဒဏ် ၃၃ နှစ်အထိချမှတ်ခံရ တာဖြစ်ပြီး ဒဏ်ကြေးကတော့ ယူရို ၄၄ သန်းပေးဆောင်ရမှာပဲဖြစ်တယ်။ သူနဲ့အတူ ပါတီနဲ့ဆက်နွှယ်နေတဲ့ အခြားစီးပွားရေးသမား ၂၈ ဦးဟာလည်း မသာမာတဲ့နည်းလမ်းတွေနဲ့ သဘောတူစာချုပ်တွေချုပ်ဆိုပြီး အကျိုးအမြတ်ထုတ်ခဲ့တဲ့အတွက် ထောင်ဒဏ်နှစ်ရှည်ချမှတ်ခံရတာလည်း ဖြစ်တယ်။

ဒီဖြစ်ရပ်ကြောင့်လည်း ဝန်ကြီးချုပ်ရာဂျွိုင်းဟာ ရာထူးကနေဆင်းပေးရဖို့အတွက် အယုံအကြည်မရှိအဆိုတင်သွင်းခံရမယ့်အကျပ်အတည်းနဲ့ ကြုံတွေ့ခဲ့ရတာလည်းဖြစ်တယ်။ ပါတီအသစ်တွေဖြစ်ကြတဲ့ Podemos နဲ့ Ciudadanos တို့ကတော့ ရွေးကောက်ပွဲအသစ်တစ်ခုကျင်းပဖို့ တောင်းဆိုနေကြပါတယ်။ ဒါပေမယ့် ရွေးကောက်ပွဲအသစ်တစ်ခုကျင်းပဖို့ ဆိုတာကလည်း မလွယ်ပါဘူး။ အတိုက်အခံတွေဘက်ကလည်း မစ္စတာရာဂျွိုင်းကို ဝန်ကြီးချုပ်နေရာကနေ ဖယ်ရှားဖို့ စိုင်းပြင်းနေကြပါတယ်။

**မတည်မငြိမ်ဖြစ်လာမှာလား**

လက်ရှိ အီတလီမှာလည်း ရွေးကောက်ပွဲကျင်းပပြီးတာတောင် အစိုးရဖွဲ့ဖို့ မသေမချာဖြစ်နေတဲ့အချိန်၊ ရွေးကောက်ပွဲမှာထောက်ခံမှုအများဆုံး ရထားတဲ့ပါတီတွေကလည်း အီးယူကိုမလိုလားတဲ့ ပါတီတွေ ဖြစ်နေတဲ့အတွက် အီးယူအဖွဲ့ကြီးဟာ စောင့်ကြည့်နေရတဲ့အနေအထားဖြစ်နေပါတယ်။ အဲဒီလို အခြေအနေမျိုးမှာပဲ စပိန်နိုင်ငံမှာလည်း ဝန်ကြီးချုပ်ကို ရာထူးကနေဖယ်ရှားပစ်ဖို့ မဲပေးမှုတွေစိုင်းပြင်းနေတော့ ဥရောပ တောင်ပိုင်းအခြေအနေတွေ မတည်မငြိမ် ဖြစ်လာမှာလားလို့ စိုးရိမ်ဖွယ်ရာ အခြေအနေရှိနေပါတယ်။ ဒါပေမယ့် သုတေသီတွေကတော့ စပိန်ဟာ အီတလီလောက်တော့ အီးယူအဖွဲ့ကြီးကို စိတ်ပူပန်စေရာအကြောင်းတစ်ခုဖြစ်လာမှာ မဟုတ်ဘူးလို့တော့ ခန့်မှန်းထားကြပါတယ်။ **ကိုးကား-နယူးယောက်တိုင်းမ်**

# မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို) မြေနေရာ အခက်တွေ့နေ

**မြန်မာ့ဇာတ်သဘင်ကြီးများ အခွန့်ရှည်တည်တံ့နိုင်ရန်အတွက်နှင့် ယဉ်ကျေးမှုများ မတိမ်ကောမပျောက်ပျက်စေရန် သဘင်ပညာရှင်ကြီးများက ခေတ်အဆက်ဆက်ထိန်းသိမ်းလာခဲ့ရာ ယခုဆိုလျှင် မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို)ကို တည်ထောင်နိုင်ခဲ့ပြီဖြစ်သည်။**

ကိုလိုနီခေတ်မှ စတင်ကာ သဘင်ကောင်စီမှ သဘင်အစည်းအရုံး (ဗဟို)ဟူ၍ ခေတ်အဆက်ဆက် သဘင်ပညာရှင်ကြီးများ ဦးစီး၍ တည်ထောင်ပြီး သဘင်လောက တိုးတက်ရာ တိုးတက်ကြောင်းများကို NGO အဖွဲ့အစည်းအဖြစ်နှင့်သာ ဆောင်ရွက်နေရသည့်အတွက် လိုအပ်ချက်များစွာ ရှိနေသေးသည်ကိုလည်း မြင်တွေ့ရသည်။



အအုံနဲ့ တည်တည်တံ့တံ့နေရာမျိုး မရရှိသေးပါဘူး၊ အစိုးရအဖွဲ့ရဲ့တာဝန်ရှိသူတွေကို တင်ပြထားပါတယ်၊ အစည်းအရုံးလေး သီးသန့်ရှိစေချင်လို့ မြေနေရာလည်း လျှောက်ထားပါတယ်၊

"ကျွန်တော်တို့ ဇာတ်သဘင်ပိုင်းကို အရင်ကထက် ပိုပြီး အလေးထားဆောင်ရွက်ပါတယ်၊ အခုအချိန်အထိ ကျွန်တော်တို့ သဘင်အစည်းအရုံး(ဗဟို)ကနေ သဘင်လောကသားတွေ တွေ့ကြုံနေရတဲ့ အခက်အခဲတွေကို ဆောင်ရွက်ပေးခဲ့တယ်၊ သာရေးတွေ၊ နာရေးတွေကအစပေါ့ဗျာ၊ ငွေကြေးထောက်ပံ့မှုတွေကိုလည်း လုပ်ဆောင်ပေးခဲ့ပါတယ်၊ ဒီလိုမျိုး ကူညီပေးနေတာတွေကလည်း ကြာမြင့်လာခဲ့ပါပြီ၊ ဒါပေမယ့် အခုအချိန်အထိ ကျွန်တော်တို့ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို) ဆိုပြီး တခြား ဂီတ၊ ရုပ်ရှင်တွေလိုတော့ မြေနေရာ အဆောက်အအုံနဲ့ တည်တည်တံ့တံ့နေရာမျိုး မရရှိသေးပါဘူး၊ အစိုးရအဖွဲ့ရဲ့တာဝန်ရှိသူတွေကို တင်ပြထားပါတယ်၊ အစည်းအရုံးလေး သီးသန့်ရှိစေချင်လို့ မြေနေရာလည်း လျှောက်ထားပါတယ်၊ သုံးကြိမ်ရှိသွားပေမယ့် မရရှိသေးပါဘူး"ဟု မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို)ဒုဥက္ကဋ္ဌ (၁) ဦးမိုးဝင်းက ပြောကြားသည်။

လက်ရှိအချိန်အထိ အဖွဲ့အစည်းအဆင့်သာရှိပြီး မြေနေရာမရှိ၊ ရုံးပိုင်မရှိဘဲ အစိုးရခေတ်အဆက်ဆက်ကို ဖြတ်သန်းခဲ့ရကြောင်း၊ မြန်မာ့ဇာတ်သဘင်လောကသားများနှင့် အစည်းအရုံးသည် ငွေကြေးထောက်ပံ့မှုလည်း နည်းပါးသဖြင့် အခက်အခဲတစ်စုံတစ်ရာ ကြုံတွေ့ဖြစ်ပေါ်ပါက ဇာတ်သမားအချင်းချင်းသာ ဖေးမကူညီနေကြရကြောင်း၊ ထို့အတွက်ကြောင့် မကြာခဏဆိုသကဲ့သို့ ရန်ပုံငွေပွဲများပြုလုပ်၍ တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ငွေများ ပေးအပ်နိုင်ရန် စီစဉ်နေရကြောင်း သိရသည်။

"သဘင်အစည်းအရုံး(ဗဟို)ကို ပွဲကတဲ့အခါ ပွဲပါမစ်လုပ်ကြတော့ အဲဒီကနေရတဲ့ ငွေကြေးအချို့ကို သဘင်သမားတွေရဲ့ သားသမီးတွေရဲ့ ပညာရေးထောက်ပံ့မှုတွေ၊ စောင့်ရှောက်မှုတွေလုပ်တဲ့အတွက် ငွေဟာ မလုံလောက်ပါဘူး၊ ပြီးတော့ အခုဆို မြို့နယ်တစ်ခုကနေ မြေရပြီဆိုတာနဲ့ ငွေကျပ်သိန်း ၂၀၊ ငွေကျပ် သိန်း ၃၀ လောက် ချပေးတယ်၊ လောလောဆယ်ဆို မကွေးတိုင်းသဘင်အစည်းအရုံး(ဗဟို) ဖြစ်ဖို့အတွက် ငွေကျပ် သိန်း ၁၅၀ လောက် ချပေးရတယ်၊ ဒါကလည်း သဘင်လောကတိုးတက်ဖို့အတွက် လုပ်ဆောင်ရတာပါ၊ မြို့နယ်တွေ၊ တိုင်းဒေသကြီးတွေမှာ ဗဟိုအဖွဲ့အစည်းတွေကို သဘင်အစည်းအရုံးကနေ လုပ်ဆောင်ခြင်းအားဖြင့် သဘင်လောကသားတွေ ဘယ်နေရာမှာရောက်နေနေ အခက်အခဲတစ်စုံတစ်ရာ ကြုံလာရင် ဖြေရှင်းနိုင်မှာပါ"ဟု ၎င်းကဆိုသည်။

မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို)သည် လတ်တလောတွင် ကြုံတွေ့နေရသော သဘင်သမားများ၏ အခက်အခဲများနှင့် ကပြဖျော်ဖြေမှုများတွင် ယဉ်ကျေးမှုနှင့်အညီ တင်ဆက်နိုင်ရန် စည်းကမ်းချက်များ ချမှတ်၍ ဆောင်ရွက်နေကြောင်း၊ နိုင်ငံတော်ကလည်း မိမိတို့ သဘင်ကို ကြည့်ရှုစောင့်ရှောက်စေချင်ကြောင်း၊ ၂၁ လမ်း လသာမြို့နယ် ရန်ကုန်မြို့တွင် မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို) လတ်တလော ယာယီအနေဖြင့် ဖွင့်လှစ်ထားကြောင်း သိရသည်။

**ကိုလင်း**

## Two Lady Show 2018 ကျင်းပရန်ပြင်ဆင်နေသည့် အဆိုတော် မိုင်နှင့် ရတနာမိုင်

**စတီရီယို တေးသံရှင် မိုင်နှင့် သမီးဖြစ်သူ ရတနာမိုင်တို့နှစ်ဦး ပရိသတ်တောင်းဆိုမှုကြောင့် Two Lady Show ကို ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပြုလုပ်ရန် ရည်ရွယ်ထားကြောင်း သိရသည် ။ "မလွမ်းပို" သီချင်းပိုင်ရှင် "မိုင်" က ဂီတအမွေကို သမီးဖြစ်သူအား ပေးအပ်ခဲ့ပြီး မိခင်ဖြစ်သူ၏ အနုပညာဗီဇ အပြည့်ပါဝင်လာခဲ့သည့် ရတနာမိုင်ကလည်း ပွဲကျင်းပနိုင်ရန်အတွက် ပြင်ဆင်နေပြီဖြစ်သည်။**

"မိုင်လေးတို့ သားအမိနှစ်ယောက်စလုံး ရှိုးအတွက် အတော်လေးကို ရင်တွေခုန်နေရပါတယ်၊ ပျော်လည်း ပျော်တယ်၊ ပရိသတ်ကို သီချင်းကောင်းကောင်းလေးတွေ ဆိုပြချင်သလို ဖျော်ဖြေမှုအပိုင်းကိုလည်း အကောင်းဆုံး တင်ဆက်ပေးချင်တယ်၊ အဓိကကတော့ မေမေ့အတွက်ပါ၊ မေမေ့ကို ပျော်ရွှင်စေမယ့်၊ စိတ်ကျေနပ်စေမယ့် ပွဲလေးတစ်ပွဲမျိုး အမှတ်တရဖန်တီးပေးချင်တယ်၊ မေမေက သူ့ခေတ်သူ့အခါက ပရိသတ်အားကောင်းခဲ့တဲ့သူပါ၊ မေမေအောင်မြင်ခဲ့တဲ့ သီချင်းတွေကို နှစ်ယောက်စလုံး ပြန်ဆိုကြမယ်၊ မိုင်လေးရဲ့သီချင်းတွေကိုလည်း မေမေကဆိုမယ်၊ မေမေ့ပရိသတ်တွေရော၊ မိုင်လေးရဲ့ ပရိသတ်တွေရော အားလုံးဆုံကြမယ့်ပွဲလို့ ထင်ပါတယ်၊ ဘယ်လိုသီချင်းတွေဆိုကြမလဲဆိုတာ မိုင်လေးနဲ့ မေမေ အတူတူရွေးနေတယ်၊ သီချင်းအသစ်တွေကိုလည်း ဆိုသွားဖို့ ရှိပါတယ်၊ ပရိသတ်ကို အကောင်းဆုံးဖျော်ဖြေတင်ဆက်ချင်လို့ အချိန်ယူပြင်ဆင်နေတာပါ"ဟု ရတနာမိုင်က ပြောသည်။



ပရိသတ်အများစုမှာ ရတနာမိုင်၏ သီချင်းများနှင့် ပိုမိုထိတွေ့ခွင့်များသဖြင့် သီချင်းများ သီဆိုရန်အတွက် ရွေးချယ်ရာတွင် အချိန်ပေးရွေးချယ်နေရကြောင်း သိရသည်။

"သရုပ်ဆောင်ဘက်ကိုတော့ အခြေအနေပေးရင်ပေးသလို ရိုက်ဖြစ်မှာပါ၊ အဆိုဘက်မှာရော သရုပ်ဆောင်ဘက်မှာပါ အားပေးကြတဲ့အတွက် ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်၊ MTV အတွက် သူသိစေနဲ့ ရိုးရိုးလေး အခွေတွေရိုက်ကူးနေပါတယ်။ မိုင်လေးမေမေရဲ့သီချင်းတွေထဲမှာ မိုင်လေးလည်း ဆိုချင်တယ်၊ မေမေလည်းဆိုစေချင်တဲ့ သီချင်းတွေရှိပါသေးတယ်၊ အဲဒီသီချင်းလေးတွေကိုစုပြီးတော့ သီချင်းခွေလေးလုပ်ဖို့ ရှိပါသေးတယ်"ဟု ရတနာမိုင်က ပြောကြားသည်။ **ကိုလင်း**

## အိပ်မက်ဖမ်းသူရုပ်ရှင်တွင် ပါဝင်သရုပ်ဆောင်ထားသည့် စိုင်းစည်တွမ်ခမ်း



စာရေးဆရာမ လွန်းထားထား၏ "အိပ်မက်ဖမ်းသူ"ဟု အမည်ရသည့်ဝတ္ထုကို ရုပ်ရှင်အဖြစ် ရိုက်ကူးမည်ဟု သိရသည်။ ယင်းဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင် စိုင်းစည်တွမ်ခမ်း၏ အနုပညာလှုပ်ရှားမှုအကြောင်းနှင့် ပတ်သက်ပြီး မေးမြန်းထားပါသည်။

"လတ်တလောမှာ ကျွန်တော် မုန့်ရောင်းချတဲ့ ဆိုင်တစ်ခုကို ကြော်ငြာရိုက်ကူးထားပေးပါတယ်၊ ဒီလကုန်ပိုင်းကျရင်တော့ မန္တလေးကို သွားဖို့ရှိတယ်၊ ဆရာမ လွန်းထားထားရဲ့ "အိပ်မက်ဖမ်းသူ"ဆိုတဲ့ ဝတ္ထုကို ရုပ်ရှင်ပြန်ရိုက်ဖို့ ရှိတယ်၊ ဝတ္ထုကို ရုပ်ရှင်ပြန်ရိုက်မှာဖြစ်ပြီး ဇာတ်ရုပ်ကလည်း အဲဒီအထဲက အတိုင်း လူငယ်စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်နေရာကနေ သရုပ်ဆောင်ရမှာပါ၊ အနုပညာအလုပ်တွေကို ကျွန်တော်ကိုယ်တိုင်က အချိန်မပေးနိုင်ဘူး ဖြစ်ခဲ့တာပါ၊ ဒါပေမယ့် ရတဲ့အချိန်မှာတော့ ရသလိုစိတ်နှစ်ပြီး ကြိုးစားထားပါတယ်၊ ဇာတ်ကားကြီးအနေနဲ့ ကျွန်တော်ကားကြီးနှစ်ကားပဲရိုက်ဖူးတယ်၊ အခု ရိုက်မယ့်ကားနဲ့ "ရက်ရက်စက်စက်မိုး"ဆိုတဲ့ကားကြီးပါ၊ "ရက်ရက်စက်စက်မိုး" ကတော့ ဒီနှစ်ထဲ ထွက်မယ်ပြောတယ်၊ အဲဒီမှာ ကျွန်တော်ကြိုးစားထားတာတွေကို ပရိသတ်တွေ တွေ့ရမှာပါ၊ အခု ဒီဘက်နှစ်ပိုင်းမှာတော့ အနုပညာအလုပ်တွေကို ပိုပြီးအားစိုက်သွားပါ့မယ်၊ အရင်တုန်းက အချိန်လေးနည်းနေတာကိုလည်း ပရိသတ်တွေကို အားနာတယ်၊ အားပေးနေတာကိုလည်း ကျေးဇူးတင်ရပါတယ်"ဟု ဆိုသည်။

**ကိုလင်း**

# မြန်မာ၊ ထိုင်း၊ ကိုရီးယား အမျိုးသမီး လူငယ်အဆိုရှင်အဖွဲ့ ပထမဆုံးစီးရီး ထွက်ရှိမည်

**ကိုလင်း**



Realize သီချင်းနှင့် မြန်မာ K-Pop ပရိသတ်တွေကြား ထိုးဖောက်ခဲ့သည့် မြန်မာ၊ ထိုင်း၊ ကိုရီးယားအမျိုးသမီးတေးသံရှင် အဖွဲ့တစ်ဖွဲ့ဖြစ်သော "Rose Quartz"က ၎င်းတို့၏ ဒုတိယ MTV နှင့် ပထမဆုံးအယ်လ်ဘမ်ကို ဇွန်လမှာ ဖြန့်ချိသွားမည်ဟု သိရသည်။

"ပထမဆုံး ကျွန်မတို့ ဒီအဖွဲ့လေးစတည်ထောင်တော့မယ်ဆိုတော့ ညီမ နေခြည်နဲ့ စင်ဒီတို့က ဂျေဘီဂျေအန်တာတိန်းမန့်က သူတို့တွေနဲ့ ပူးပေါင်းဖြစ်သွားတယ်၊ တစ်ယောက်နဲ့ တစ်ယောက်က တစ်နေရာဆီကနေ လာကြတဲ့သူတွေပေ့ါ၊ ကျွန်မဆိုရင် မော်လမြိုင်မှာ မွေးတယ်၊ ရန်ကုန်မှာ ကြီးပြင်းခဲ့တယ်၊ အဲဒီလိုနဲ့ ကျွန်မဂီတအလုပ်ကို ရူးသွပ်စွာနဲ့ လုပ်ခဲ့တယ်၊ သူငယ်ချင်းတွေနဲ့ တွေ့ဆုံတဲ့အခါ ဝါသနာတူကြတဲ့အတွက် သီချင်းတွေကို စိတ်ကြိုက်ရွေးချယ်ဖန်တီးရင်း အခုလို ပရိသတ်တွေရဲ့အားပေးမှုတွေရခဲ့တာပါ၊ သီချင်းလေးတွေထွက်ရင်လည်း အားပေးပါ"ဟု အဖွဲ့ဝင် နေခြည်က ပြောသည် ။

အွန်လိုင်းတွင်ပေါ်ထွက်ခဲ့သည့် Realize တေးသီချင်းအတွက် ပြင်ဆင်မှုများနှင့် ပတ်သက်၍ "ဒီသီချင်းလေးကို ထိုင်းနိုင်ငံမှာ ရိုက်ခဲ့တာပါ၊ အမှတ်တရတွေကတော့ အများကြီးပါပဲ၊ အဲ့ဒါလေး ရိုက်ကူးဖို့အတွက် ကျွန်းတစ်ခုကို သွားရတယ်၊ နေကလည်းပူ၊ အောက်က သဲတွေကလည်း ပူနဲ့ တော်တော်ကို ကြိုးစားခဲ့ရတယ်၊ ဒီလိုကြိုးစားမှုရလဒ်လေးက အခုတော့ ပရိသတ်ရဲ့အားပေးဝေဖန်မှုလေးတွေရနေပြီမို့ ကျေးဇူးတင်ပါတယ်၊ ကျွန်မတို့ရဲ့ အနုပညာဖန်တီးမှုလေးတွေကို ဆက်လက်ပြီး ဝေဖန်အကြံပေးကြပါ"ဟု အဖွဲ့ဝင်တစ်ဦးဖြစ်သူ စင်ဒီက ပြောသည်။

လူငယ်ပရိသတ်တွေအကြား အောင်မြင်နေသည့် Realize သီချင်းနှင့် ပတ်သက်ပြီး လှုပ်ရှားမှုများကို မြန်မာနှင့် ထိုင်းနိုင်ငံတို့တွင် လုပ်ဆောင်နေပြီး ပထမဆုံးအခွေကို ထိုင်းဘာသာစကားနှင့် သုံးပုဒ် ၊ မြန်မာဘာသာစကားနှင့် သီချင်းသုံးပုဒ် ပါဝင်လာမည်ဟု သိရကာ ယင်းအဖွဲ့ကို မြန်မာနှစ်ဦး၊ ထိုင်းနှစ်ဦး၊ ကိုရီးယားအမျိုးသမီးငယ်တစ်ဦးတို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

## သမီးဆီက ပိုက်ဆံတောင်းတယ်ဆိုတာမဟုတ်ပါဘူးလို့ ငြင်းလိုက်တဲ့မီဂန်မာကယ်ရဲ့ဖခင်

သောမတ်မာကယ်ဟာ လတ်တလောကမှ တော်ဝင်မင်းသားဟယ်ရီနဲ့လက်ထပ်ထားတဲ့ အမေရိကန်ရုပ်ရှင်မင်းသမီး မီဂန်မာကယ်ရဲ့ဖခင်လည်းဖြစ်တယ်။ သူဟာ သမီးဖြစ်သူဆီက ပိုက်ဆံတောင်းတယ်ဆိုတဲ့သတင်းဟာ အမှန်မဟုတ်ဘူးလို့ ငြင်းလိုက်ပါတယ်။ သူနဲ့သူ့သမီးဟာ ပိုက်ဆံကိစ္စကို တစ်ခါမှမပြောဖူးဘူးလို့လည်း ပြောလိုက်ပါတယ်။ သမီးဖြစ်သူဆီကပိုက်ဆံလည်း မတောင်းဖူးဘူး ကျိန်ဝံ့ပါတယ်လို့ သောမတ်က ပြောခဲ့ပါတယ်။ မင်္ဂလာပွဲမတိုင်မီသောမတ်စ်က ပိုက်ဆံတောင်းတာကို သမီးဖြစ်သူ မီဂန်ကပေးဖို့ငြင်းတယ်ဆိုတာလည်း တကယ်တော့ ကောလာဟလပါလို့ ပြောလိုက်ပါတယ်။ တကယ်လို့ သူပိုက်ဆံတောင်းခဲ့ရင်တောင် သူ့သမီးက ငြင်းဆန်မယ့်လူမျိုးမဟုတ်ဘူးဆိုတာ ယုံကြည်တယ်လို့လည်း သတင်းထောက်တွေကို ဖြေခဲ့ပါတယ်။

သောမတ်စ်ဟာ နှလုံးခွဲစိတ်ကုသမှုကြောင့် သမီးဖြစ်သူရဲ့မင်္ဂလာပွဲနဲ့ လွဲချော်ခဲ့ရပါတယ်။ အခုအချိန်မှာတော့သူ့ကျန်းမာရေးပြန်လည်ကောင်းမွန်လာအောင်ပဲ ကြိုးစားနေတယ်လို့ သောမတ်စ်က ပြောပါတယ်။ လက်ရှိမှာတော့ ဟယ်ရီနဲ့မီဂန်တို့ဟာ ကနေဒါကိုဟန်နီးမွန်းထွက်နေကြပါတယ်။ ဧက ၆၀၀၀ ကျယ်ဝန်းတဲ့ Fairmont Jasper Park Lodge မှာအပန်းဖြေနေကြတာပဲဖြစ်တယ်။

အဲဒီအပန်းဖြေစခန်းဟာ တော်ဝင်မိသားစုတွေ စိတ်ကြိုက်အပန်းဖြေစခန်းဖြစ်ပြီး ၂၀၀၅ ခုနှစ်မှာ အဲလိဇဘတ် ၂ ဘုရင်မကြီးနဲ့ မင်းသားဖိလစ်တို့ သွားရောက်အပန်းဖြေခဲ့ကြပါတယ်။ အခုအခါကတော့ဟယ်ရီတို့ အလှည့်ပဲဖြစ်တယ်။

**ဟောလိဝုဒ်လိုက်ဖ်**





## ချစ်သူတွေလို့နာမည်ထွက်နေကြတဲ့ ကန်ဒဲလ်ဂျန်နာနဲ့ ဘန်ဆင်မွန်

စူပါမော်ဒယ်တစ်ဦးဖြစ်တဲ့ ကန်ဒဲလ်ဂျန်နာနဲ့ လက်ရွေးစင်ဘတ်စကတ်ဘောအားကစားသမား ဘန်ဆင်မွန်တို့ဟာ ချစ်ကြိုက်နေကြတယ်ဆိုတဲ့ ကောလာဟလတွေထွက်ပေါ်နေပေမယ့် ကာယကံရှင်တွေကတော့ ဝန်မခံကြသေးပါဘူး။ သူတို့နှစ်ဦးစလုံးကို လော့စ်အိန်ဂျလိစ်မြို့မှာ တွေ့ရှိရပေမယ့် နှစ်ယောက်သားအတူတွဲလျက်ဓာတ်ပုံအရိုက်မခံရအောင်တော့ အထူးဂရုပြုကြတာကို တွေ့ရပါတယ်။ ကန်ဒဲလ်ဂျန်နာရော ဘန်ဆင်မွန်ပါ သူတို့နှစ်ဦးရဲ့အချစ်ရေးကို လူသိခံဖို့ အဆင်သင့်မဖြစ်သေးတဲ့ပုံပါပဲ။ ကန်ဒဲလ်ဂျန်နာက စားသောက်ဆိုင်အရှေ့ပေါက်ကထွက်သွားတဲ့အခါ ဘန်ကတော့သူငယ်ချင်းတစ်ဦးနဲ့အတူ ဆိုင်အနောက်ပေါက်ကထွက်သွားတာကို တွေ့ရပါတယ်။ ကန်ဒဲလ်ဂျန်နာဟာ ကင်မရာကနေလွတ်အောင် သူ့မျက်နှာကို ပိုက်ဆံအိတ်နဲ့ ကွယ်သွားပါတယ်။

အလားတူပါပဲ ဘန်ကလည်း ဓာတ်ပုံသမားတွေနဲ့မျက်နှာချင်းမဆိုင်မိအောင် ဦးထုပ်ကိုမျက်နှာကွယ်ပြီးဆောင်းသွားတာကိုတွေ့ရပါတယ်။ ကန်ဒဲလ်ဟာသူ့အချစ်ဟောင်းဘလိတ်ခ်နဲ့လမ်းခွဲလိုက်ပြီးနောက်ပိုင်း အခုလိုကောလာဟလတွေထွက်ပေါ်လာတာပဲဖြစ်တယ်။ အချစ်ရေးနဲ့ပတ်သက်လာရင် နှုတ်ဆိတ်နေတတ်တဲ့ ကန်ဒဲလ်ဟာ အခုကိစ္စမှာလည်း ဘာကိုမှ အရေးတယူဖြေရှင်းနေမယ့်ပုံမရှိပါဘူး။

**ဟောလိဝုဒ်လိုက်ဖ်**

**ခြူး**







# ဥ ကလေးခြေထောက်အတိုအရှည်

**မောင်ခင်မင်(ဓနုဖြူ)**

"ကျွန်တော်တို့ပါ ဆရာကြီး၊ ဟိုတစ်ခါအသုံးအနှုန်းကိစ္စတွေလာမေးဖူးပါတယ်၊ ဆရာကြီးနေကောင်းတယ် မဟုတ်လား"

"အေး... မှတ်မိပါပြီ၊ နေကောင်းပါတယ်ကွယ်၊ ဒီတစ်ခါလာတဲ့ကိစ္စက..."

"ဟုတ်ကဲ့၊ ဒီတစ်ခါတော့ စာလုံးပုံသဏ္ဌာန်နဲ့ ပတ်သက်ပြီး စိတ်ထဲမှာ မရှင်းတာကလေးတွေရှိနေလို့ပါ ဆရာကြီး"

"ကဲ... ပြောစမ်းပါဦးကွယ်"

"ခုခေတ်က ဆရာကြီးလည်းသိတဲ့အတိုင်း ကွန်ပျူတာစာလုံးခေတ်ဖြစ်နေတော့ စာလုံးပုံသဏ္ဌာန်နဲ့ပတ်သက်ပြီး ဂရုစိုက်စရာတွေ ရှိလာပါတယ်၊ ဒါကြောင့် ရှင်းရှင်းလင်းလင်းသိချင်တာကလေးတွေရှိပါတယ် ဆရာကြီး"

"ဘယ်လိုဟာမျိုးပါလိမ့်ကွယ်"

"တစ်ခုက ဥကလေး ပုံသဏ္ဌာန်ကိစ္စပါ၊ မြန်မာစာမှာ ဥကလေးက အသတ်အမြဲပါတယ်လို့ ကျွန်တော်တို့ မှတ်ထားပါတယ်၊ 'စဉ်' တို့၊ 'ယဉ်' တို့လို ဥကလေးသတ်ပါတဲ့ စာလုံးတွေမှာ ဥကလေးရဲ့ခြေထောက်အတိုအရှည်နဲ့ ပတ်သက်ပြီး အယူအဆနှစ်မျိုးဖြစ်နေ ပါတယ်ဆရာကြီး"

"ဟေ... ဟုတ်လား၊ ဆရာတောင် သတိမထားမိပါကလား"

" 'ယဉ်' ဆိုတဲ့ စာလုံးကိုပဲ ပုံစံအဖြစ် ပြောပါ့မယ်၊ အဲဒီမှာပါတဲ့ 'ဉ်' မှာ ဥကလေးရဲ့ခြေထောက်က ပုံမှန်လောက်ပဲရှည်တာ ပုံနှိပ်စာလုံးတွေမှာ တွေ့ရပါတယ်၊ ကွန်ပျူတာစာလုံးမှာလည်း ဒီလိုပါပဲ၊ ဒါပေမယ့်..."

"ဒါပေမယ့် ဘာဖြစ်သလဲ"

"ဥကလေးဟာ ညကြီးကို အရင်းခံပြီး ပေါ်လာတာမို့ ဥကလေးကိုရေးရင် ခြေထောက်ဟာ ညကြီးရဲ့ခြေထောက်လောက်ရှည်မှ မှန်တယ်လို့ ပညာရှင်တချို့ပြောတာ ကြားရပါတယ် ဆရာကြီး၊ ဒီလိုပါ၊ (ဥ ဟု ခြေထောက်ရှည်ရှည်ဆွဲပြသည်)"

"သြော်..."

"ဒါပေမယ့် ဥကလေးကို ခြေထောက်ရှည်ရှည်ဆွဲတဲ့ စာလုံးမျိုးက အဆင်သင့်မရှိပါဘူး ဆရာကြီး၊ အများအားဖြင့် ဥကလေး သတ်ကို ခြေထောက်အတိုပဲ သုံးနေကြပါတယ်၊ အဲဒီလိုရေးရင် အက္ခရာ ဥ နဲ့ တူနေတာမို့ မှားတယ်လို့ ပညာရှင်တချို့ပြောတာ မှတ်သားဖူးပါတယ်"

"ဟုတ်ပါပြီ၊ သားဆိုလိုတာ သဘောပေါက်ပြီ၊ ဒီတော့ . . ."

"ဥကလေးခြေထောက်တိုတာ မှန်သလား၊ ခြေထောက်ရှည်တာမှန်သလား ဆိုတာ ကွဲကွဲပြားပြားသိချင်လို့ပါ ဆရာကြီး"

"အင်း... ဟုတ်ပါပြီ၊ ဒီပြဿနာကလည်း စိတ်ဝင်စားစရာပါပဲ၊ ဒါပေမယ့် ဆရာတို့ သတိထားမိသလောက် ကွန်ပျူတာစာလုံးတွေ မပေါ်ခင်အထိ အဲဒီပြဿနာကို အရေးတကြီး မစဉ်းစားမိခဲ့ကြတာ အမှန်ပါပဲကွယ်၊ လက်နှိပ်စက်စာလုံးမှာလည်း အက္ခရာ 'ဥ' ကို အပေါ်က အသတ်တင်ပြီး 'ဉ်' လို့ ရိုက်ကြတာပါပဲ၊ ခုကွန်ပျူတာ စာလုံးခေတ်ကျတော့ စာလုံးပုံသဏ္ဌာန်နဲ့ ပတ်သက်ပြီး တိတိကျကျ ကွဲကွဲပြားပြားဖြစ်အောင် ပြောကြ၊ ဆိုကြ ဆွေးနွေးကြတာတွေဖတ်ရတယ်၊ ဒါလည်း လိုအပ်ချက်တစ်ခုပဲလို့ ဆရာတို့လည်း သတိထားမိလာတာပေါ့၊ ဒါကောင်းတဲ့ အချက်ပါပဲ"

"ဟုတ်ကဲ့ပါ"

"ဆရာလည်း ကြားပါတယ်၊ ဥကလေးသတ်မှာ ဥကလေးရဲ့ခြေထောက်ကို ညကြီးရဲ့ ခြေထောက်လောက်ရှည်ဖို့လိုတာ အရင်းခံကျတဲ့ အချက်တစ်ချက်ပဲ၊ မမှားပါဘူး၊ ဒါပေမယ့် အဲဒီအက္ခရာစာလုံးတွေဟာ မူလပုံသဏ္ဌာန်ကနေပြီး လုံးဝမပြောင်းလဲဘဲ အမြဲတမ်းတစ်သမတ်တည်းတော့ မရှိဘူးကွဲ့"

"ခင်ဗျာ၊ ဆရာကြီးပြောတာ ကျွန်တော်သိပ်နားမလည်ဘူးခင်ဗျာ"

"ဒီလိုလေ၊ လွယ်လွယ်ပြောရရင် 'ရရစ်' ဆိုပါတော့၊ ရရစ်ရဲ့ ပုံသဏ္ဌာန်ဟာ တစ်သမတ်တည်း အမြဲရှိရဲ့လား၊ ဘယ်လိုထင်သလဲ"

"အင်း... သြော် ကျွန်တော်စဉ်းစားမိပါပြီ၊ 'ဂ' တို့၊ 'ပ' တို့ကို ရရစ်ရင် 'ဂြ'၊ 'ပြ' ဆိုတဲ့ စာလုံးတွေမှာ ရရစ်က ခပ်ကျဉ်းကျဉ်းပဲ ဆရာကြီး 'က' တို့၊ 'တ' တို့ကို ရရစ်ရင်တော့ 'ကြ'၊ တြ' ဆိုတဲ့ စာလုံးတွေမှာ ရရစ်က ပိုကျယ်လာပါတယ်၊ စာလုံးပုံသဏ္ဌာန်တစ်သမတ်တည်း မဟုတ်ပါဘူး"

"ဟုတ်ပါပြီ၊ အဲဒီလိုပဲ 'န' တို့၊ 'ရ' တို့လို ခြေထောက်ပါတဲ့ စာလုံးတွေကို တစ်ချောင်းငင်တို့ နှစ်ချောင်းငင်တို့ ထည့်ပြီး 'နု၊ ဂူ' ဆိုတာမျိုးရေးရင် မူလခြေထောက်တွေကို တိုတိုရေးရတယ် မဟုတ်လား၊ နို့မို့ဆိုရင် ခြေထောက်တွေပြိုင်ပြီး ရှုပ်ထွေးစရာရှိတာပေါ့၊ အဲဒီလိုပဲ 'န' ကို အောက်က ဝဆွဲထည့်မယ်ဆိုရင် ခြေထောက်ထည့်လို့ အဆင်မပြေဘူးလေ၊ 'နွ' လို့ ရေးကြည့်ပါလား၊ နငယ်ခြေထောက်မပါတော့ဘူး မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"အဲဒီလိုပဲ၊ ပုံနှိပ်စာလုံးမှာ 'သဏ္ဌာန်' တို့၊ 'ကဏ္ဍ' တို့ရေးတဲ့အခါ အောက်က 'ဌ' တို့၊ 'ဍ' တို့ကို ပုံမှန်အတိုင်း ရေးရင် နေရာသိပ်ယူမှာမို့ မှောက်လျက်ထားပြီး ရေးတယ်မဟုတ်လား"

"ဟုတ်ကဲ့ပါ"

"နောက်အထင်ရှားဆုံးသာဓကေ တစ်ခုကတော့ ဝိုက်ချနဲ့မောက်ချဆိုပြီး ရေးချပုံသဏ္ဌာန်နှစ်မျိုးဖြစ်နေတာလည်း ဒီသဘောပဲလေ"

"ဟုတ်ကဲ့ပါ၊ 'ခ၊ ဂ၊ င၊ ဒ၊ ပ၊ ဝ' ဆိုတဲ့ အက္ခရာခြောက်လုံးကို ဝိုက်ချနဲ့ရေးရင် 'ဆ၊ က၊ က၊ အ၊ ဟ၊ တ' ဆိုတဲ့ စာလုံးတွေနဲ့ မှားမှာစိုးလို့ (ခါ၊ ဂါ၊ ငါ၊ ဒါ၊ ပါ၊ ဝါ)လို့ မောက်ချနဲ့ ရေးရတာဖြစ်တဲ့အကြောင်း ကျွန်တော်တို့မှတ်သားရပါတယ် ဆရာ"

"ကျန်တဲ့ စာလုံးတွေကျတော့ ဝိုက်ချနဲ့ရေးရင် တခြားစာလုံးတွေနဲ့ မှားစရာမရှိဘူးလေ၊ 'ကာ၊ စာ၊ တာ' ဆိုတာမျိုးပေါ့၊ ဒါကြောင့် ဝိုက်ချနဲ့ ရေးတာမဟုတ်လား"

"ဟုတ်ကဲ့ပါ"

"ခုနပြောတဲ့ ဝိုက်ချစာလုံးတွေတောင် တစ်လုံးချင်းမဟုတ်ဘဲ 'ယပင့်၊ ရရစ်၊ ဝဆွဲ၊ ဟထိုး 'တွဲရင်ဖြစ်ဖြစ်၊ စာလုံးဆင့်ထားရင်ဖြစ်ဖြစ် ဝိုက်ချနဲ့ပဲပြန်ရေးတာလေ၊ တခြားစာလုံးနဲ့ မှားစရာမရှိလို့ပေါ့၊ ချာ၊ ဂြာ၊ ငြာ၊ ဒြာ၊ ပျာ ဆိုတဲ့ စာလုံးတွေကြည့်ပါလား၊ သပ္ပာယ်တို့၊ သဒ္ဒါတို့လို စာလုံးတွေလည်း ဒီလိုပဲလေ၊ ဝိုက်ချ၊ မောက်ချ အကြောင်း ဆရာရေးပြီးပါပြီ၊ ဒါဟာလည်း တွဲတဲ့ အက္ခရာကို လိုက်ပြီး ပုံသဏ္ဌာန်ပြောင်းတာပဲမဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ပြောရရင် အခုတို့ရေးနေတဲ့ အက္ခရာတွေက အဝိုင်းတွေမဟုတ်လား၊ ရှေးက 'ခရာဝန်း' လို့ခေါ်တယ်၊ ဟိုး -ပုဂံခေတ်ကျောက်စာတွေမှာ ရေးတာက အဝိုင်း မဟုတ်ဘူးလေ၊ လေးထောင့်ပုံတွေ၊ 'ခရာထောင့်' လို့ ခေါ်တယ်၊ ဒါလည်းရေးတဲ့ စာရေးကိရိယာရဲ့ သဘာဝအရ ဖြစ်လာတာလေ၊ ကျောက်ပေါ်မှာကျတော့ ဆောက်နဲ့ထွင်းရတာမို့ လေးထောင့်ဖြစ်တယ်၊ ပေပေါ်ကျတော့ ကညစ်နဲ့ ရေးရတာမို့ အဝိုင်းဖြစ်တယ်၊ စာရေးရတဲ့ပစ္စည်းကိရိယာကို လိုက်ပြီး လေးထောင့်နဲ့ အဝိုင်းတွဲတာမဟုတ်လား"

"အဲဒီသဘာဝအရကြည့်ရင် စာလုံးတစ်လုံးရဲ့ပုံသဏ္ဌာန်ဟာ အတူတွဲရေးရတဲ့ စာလုံးကို လိုက်လို့ပဲ ဖြစ်ဖြစ်၊ စာရေးကိရိယာ အရပဲဖြစ်ဖြစ် အသွင်ကွဲပြားသွားနိုင်တာ သဘာဝပဲလေ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

> **" အဲဒီလိုပဲ၊ 'ငါး' လို့ တစ်လုံးတည်းထွက်ရင် အသံမပြောင်းပေမယ့် 'ငါးခြောက်' လို့တွဲရင်တော့ ရှေ့က အသံက အသံတိုသွားပြီး /ငချောက်/ လို့ အသံပြောင်းသွားတယ်၊ အဲဒီလိုပဲ ဥကလေးဟာ အရင်းခံက ခြေထောက်ရှည်ပေမယ့် အသတ်နဲ့တွဲလိုက်တော့ စာလုံးပမာဏကလည်း တစ်ဝက်ပဲရှိတာမို့ ခြေထောက်အရှည်ကနေ အတိုဖြစ်သွားတာ "**

"နောက်ဆုံးကွယ် ခုတို့ ပုံမှန်ရေးနေတဲ့ စာလုံးတွေကို မင်းတို့ပန်းချီဆရာတွေ၊ ဂရပ်ဖစ်ဒီဇိုင်နာတွေက ပုံသဏ္ဌာန်အမျိုးမျိုးကွန့်ပြီး ရေးကြ၊ ဆွဲကြတာတွေလည်း ဒီသဘောပဲပေါ့၊ 'က' ဆိုတဲ့ အက္ခရာကို အသွင်သဏ္ဌာန်အမျိုးမျိုး ကွဲပြားအောင် ရေးလို့ရတာပဲ၊ 'က' ရဲ့ ပင်ကိုလက္ခဏာပျောက်မသွားရင် ပုံသဏ္ဌာန်ကွဲပြားခွင့်ရှိတာပဲလေ"

"ဟုတ်ကဲ့ပါ"

"ဒီတော့ စကားပြန်ကောက်ရအောင်၊ ဥကလေးကို ခြေထောက်အရှည်နဲ့ ရေးရမယ်ဆိုတာ အရင်းခံသဘောက အမှန်ပဲ၊ ဒါပေမယ့် မူလစာလုံးဖြစ်တဲ့ ညကြီးက ခြေထောက်ရှည်တာကို၊ ရရစ်အကျဉ်းအကျယ်လိုပေါ့၊ ဥကလေးသတ်ဖြစ်လာတော့ ညကြီးရဲ့တစ်ဝက်ပဲရှိတော့တယ် မဟုတ်လား၊ ဒီတော့ တစ်ဝက်နဲ့လိုက်အောင် ခြေထောက်ကို တိုလိုက်တာဟာ လိုက်လျောညီထွေရှိတာပေါ့"

"ဟုတ်ကဲ့ပါ"

"နောက်တစ်ခုက ဥကလေးခြေထောက်တိုလိုက်ရင် အက္ခရာ ဥနဲ့ မှားနိုင်တယ်ဆိုပေမယ့် တကယ်တော့ မှားစရာမရှိပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဥကလေးကို အသတ်နဲ့ အမြဲရေးရတယ်၊တစ်လုံးတည်း ရေးတာမရှိဘူး၊ ပြီးတော့ အက္ခရာ ဥကို အသတ်နဲ့ ရေးတဲ့စာလုံးလည်း မြန်မာစာမှာ မရှိဘူးလေ၊ ဒီတော့ 'ဉ်' လို့ ရေးရင် ခြေထောက်တိုပေမယ့် ဒီပြင်စာလုံးနဲ့ မှားစရာမရှိဘူးပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ဘာသာစကားတစ်ခုမှာ အသံတို့၊ စကားလုံးတို့လည်း အက္ခရာစာလုံးလိုပဲ အတူတွဲသုံးတဲ့ အသံတွေ၊ စကားလုံးတွေကို လိုက်ပြီး အသွင်းပြောင်းတာ သဘာဝပဲလေ၊ ဆိုပါတော့၊ 'ကြက်ကင်' ဆိုရင် ရှေ့က 'ကြက်' ဆိုတဲ့အသံက 'ရပ်သံ' ခေါ်တဲ့ ပြတ်တဲ့အသံဖြစ်နေလို့ နောက်က 'ကင်'က အသံမပြောင်းဘူး၊ / ကျက်ကင်/ လို့ပဲ ထွက်တယ်၊ /ဘဲကင်/ ကျတော့ ရှေ့က 'ဘဲ' က အသံရှိန်ရှိလို့ နောက်က 'ကင်'က အသံပြောင်းပြီး /ဗဲဂင်/ဖြစ်သွားတယ်၊ အဲဒီလိုပဲ၊ 'ငါး' လို့ တစ်လုံးတည်းထွက်ရင် အသံမပြောင်းပေမယ့် 'ငါးခြောက်' လို့တွဲရင်တော့ ရှေ့က အသံက အသံတိုသွားပြီး /ငချောက်/ လို့ အသံပြောင်းသွားတယ်၊ အဲဒီလိုပဲ ဥကလေးဟာ အရင်းခံက ခြေထောက်ရှည်ပေမယ့် အသတ်နဲ့တွဲလိုက်တော့ စာလုံးပမာဏကလည်း တစ်ဝက်ပဲရှိတာမို့ ခြေထောက်အရှည်ကနေ အတိုဖြစ်သွားတာ၊ ဘာသာစကားပြောင်းလဲတဲ့ စည်းကမ်းနဲ့ လိုက်လျောညီထွေရှိပါတယ်ကွယ်၊ ကဲ... နားကြစို့။ ။

# တနင်္သာရီမြို့နယ်တွင် ဆရာ ဆရာမများအား မိုင်းအန္တရာယ်အကြောင်း အသိပညာပေးဟောပြော

**တနင်္သာရီ ဇွန် ၁**

တနင်္သာရီမြို့နယ်အတွင်းရှိ ကျေးရွာအသီးသီးမှလာ၍ တနင်္သာရီမြို့တွင် လစာထုတ်လာရောက်ကြသည့် ဆရာ ဆရာမများအား မိုင်းအန္တရာယ်အကြောင်း သိကောင်းစရာများကို မိုင်းအကြံပေးအဖွဲ့(MAG) ထားဝယ်ရုံးခွဲမှ လုထုအခြေပြုကြီးကြပ်ရေးမှူး နော်အဲလစ်ဇဘက် ဦးစီးသောအဖွဲ့က မေ ၃၁ ရက်က အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

တနင်္သာရီမြို့အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် အသိပညာ ပေးဟောပြောပွဲတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇော်မင်းယုက မိတ်ဆက်အမှာစကားပြောကြားပြီး မြိတ်ခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှူး ဒေါ်ဝေဝေလွင်က ဌာနအကြောင်းနှင့် ဌာန၏ လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မိုင်းအကြံပေးအဖွဲ့မှ လုထုအခြေပြုဆက်ဆံရေးအဖွဲ့ခေါင်းဆောင် နော်တာမလာဖောက မိုင်းအကြံပေးအဖွဲ့ ဖြစ်ပေါ်လာပုံနှင့် ဆောင်ရွက်ပေးနေသည့်လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် MAG အဖွဲ့မှ လူထုအခြေပြုဆက်ဆံရေးအရာရှိများဖြစ်သော နော်ဒေလီယာ၊ စောဗစ်တာဘရောင်းနှင့် စောရှာလုံဘရောင်းတို့က မိုင်းအမျိုးမျိုးနှင့် မိုင်း အန္တရာယ်ကာကွယ်ရေးအကြောင်း၊ မိုင်းကြောင့်ဖြစ်ပွားနိုင်သော ဆိုးကျိုးများနှင့် သတိပြုရန်အချက်များကို ဟောပြောကြပြီး MAG အဖွဲ့၏ ပညာပေးလုပ်ငန်းများတွင် အသုံးပြုနေသည့် ရှောင်ရှားသင့်သောသင်္ကေတများ ပါရှိသော လက်ကမ်းစာစောင်/ပိုစတာများကို Power Point ဖြင့် ရှင်းလင်းပညာပေး ဆွေးနွေးပေးခဲ့ကြသည်။

ထို့နောက် MAG မိုင်းအကြံပေးအဖွဲ့၏ လူထုအခြေပြုကြီးကြပ်ရေးမှူး နော်အဲလစ်ဇဘက်က နိဂုံးချုပ်အမှာစကားပြောကြားပြီး တက်ရောက်လာသည့် ဆရာ ဆရာမများအား လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။ ဟောပြောပွဲတွင် လစာထုတ်ရန်လာကြသည့် မြို့နယ်အတွင်း ကျေးရွာအသီးသီးမှ အထက်တန်း၊ အလယ်တန်း၊ မူလတန်းပြ ဆရာ ဆရာမများနှင့် မူလတန်းကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ စုစုပေါင်း ၂၀၀ ခန့်အား အသိပညာပေး ဟောပြောနိုင်ခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ပေါက်ခေါင်းမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်း၍ မြို့ပေါ်ရပ်ကွက်များသို့ ရေဝင်

**ပေါက်ခေါင်း ဇွန် ၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်တွင် မေ ၃၀ ရက် နံနက်ပိုင်းမှစတင်ကာ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ချောင်းကူး သစ်သားတံတားတစ်စင်း ကျိုးကျပျက်စီးကာ ရေ ထဲမျောပါခဲ့သလို ကျေးရွာအချို့နှင့် မြို့ပေါ်တွင်လည်း ရေကြီးခဲ့ကြောင်း သိရသည်။



ပေါက်ခေါင်းမြို့မြန်မာ့စီးပွားရေးဘဏ်ဝင်းအတွင်း ရေများဝင်ရောက်နေစဉ်

အရှေ့ကြိုးကုန်း ကျေးရွာအုပ်စု အုတ်ဖိုကျေးရွာ ရွာလယ်မှ အလျားပေ ၆၀၊ အကျယ် ၁၅ ပေ နှင့် အမြင့် ၁၅ ပေ ခန့်ရှိ ရွာလယ်ချောင်းကူးတံတားမှာ ချောင်းရေတိုက်စား၍ ပြုတ်ကျပျက်စီးကာ ချောင်းရေထဲမျောပါသွားခဲ့ခြင်းဖြစ်ပြီး ရေကြီးခြင်းကြောင့် အဆိုပါကျေးရွာရှိ အိမ်ခြေ ၁၀၀ ခန့်တွင် ရေအနက် လေးပေခန့်အထိ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

မိုးသည်းထန်ခြင်းကြောင့် ပေါက်ခေါင်းမြို့နယ် ဘန့်ပြင်အုပ်စု ကြိုးကြာကျေးရွာအနီးရှိ ကြိုးကြာရေကန်မှလည်း ရေများလျှံတက်လာပြီး ပေါက်ခေါင်းမြို့ပေါ် အမှတ်(၄)နှင့် အမှတ်(၅)ရပ်ကွက်ရှိ လူနေအိမ်များနှင့် ဌာနဆိုင်ရာရုံးဝင်းများအတွင်းသို့ ရေများဝင်ရောက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပုလဲမြို့နယ်တွင် မိုးသည်းထန်၍ ကွန်ကရစ်ရေကျော်ကမ်းကပ်ခုံနှင့် ကမ်းပါး ရေတိုက်စားပျက်စီး

**ပုလဲ ဇွန် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မေ ၃၀ ရက်က လှိုင်းချောင်း ကွန်ကရစ်ရေကျော်ကမ်းကပ်ခုံနှင့် ကမ်းပါး ရေတိုက်စား၍ ပျက်စီးခဲ့ကြောင်း သိရသည်။



ပုလဲမြို့နယ်အတွင်း မေ ၃၀ ရက် နံနက် ၃ နာရီခွဲမှ စတင်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ညနေ ၄ နာရီတွင် ချင်ပြစ်ကျေးရွာအုပ်စု ချင်ပြစ်ကျေးရွာ၏ အရှေ့ဘက် နှစ်ဖာလုံခန့်အကွာ လည်ငေါက်-ချင်ပြစ် ဖွံ့ဖြိုးရေးလမ်းပေါ်မှ အလျား ၁၃၅ ပေ၊ အနံ ၁၆ ပေ၊ အမြင့် ၄ ပေရှိ လှိုင်းချောင်းကွန်ကရစ်ရေကျော်မှာ လှိုင်းချောင်းရေတိုက်စား၍ ကမ်းကပ်ခုံနှင့် ကမ်းပါး ပျက်စီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ လှိုင်းချောင်းကွန်ကရစ်ရေကျော်သည် ကျေးရွာနေပြည်သူလူထု၏ လှူဒါန်းငွေ ကျပ်သိန်း ၁၄၀ ဖြင့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လှိုင်းချောင်းရေတိုက်စား၍ ရေကျော်ကမ်းကပ်ခုံနှင့် ကမ်းပါးပျက်စီးမှု တန်ဖိုးမှာ ကျပ်သိန်း ၄၀ ခန့်ဖြစ်ကြောင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံးမှ သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

# မိုင်းယောင်းမြို့၌ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ ပညာပေးဟောပြော

**မိုင်းယောင်း ဇွန် ၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မေ ၃၁ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက မိုးဦးလေဦးကာလအတွင်း အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ၊ ရှေးဦးသူနာပြု ကြက်ခြေနီလုပ်ငန်းများ အရန်သင့်ဖြစ်အောင် ပြင်ဆင်ဇာတ်တိုက် လေ့ကျင့်ထားသင့်ပြီး ယင်းကာလအတွင်း မလိုလားအပ်သော ဘေးအန္တရာယ်များ ကျရောက်ခြင်းမှ ကင်းဝေးအောင် ဆောင်ရန် ရှောင်ရန်များကို သတိပြုလိုက်နာ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနိုင်ဝင်းနှင့် အဖွဲ့ဝင်များက မိုးသည်းထန်စွာရွာသွန်းပြီး လျှပ်စစ်မိုးကြိုးမုန်တိုင်းများ ဖြစ်ပေါ်နေချိန်တွင် ဘေးကင်းသောအဆောက်အအုံများအတွင်း နေထိုင်သင့်ကြောင်း၊ မိုးကြိုးပစ်တတ်သော အရပ်ဒေသများတွင် အပြင်ထွက်ခြင်းမှ ရှောင်ကြဉ်သင့်ကာ ပြုတ်ကျနေသော လျှပ်စစ်ဓာတ်ကြိုးများကြောင့် ဓာတ်လိုက်သေဆုံးနိုင်သဖြင့် ဓာတ်ကြိုးများ ပြုတ်ကျနေသည်ကို တွေ့ရှိပါကလည်း သက်ဆိုင်ရာသို့ အမြန်ဆုံး ဆက်သွယ်အကြောင်းကြားပေးသင့်ကြောင်း စသည့် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သည့် ဆောင်ရန် ရှောင်ရန်များကို အသေးစိတ် ဟောပြောခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲသို့ မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိုင်းယုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မိုင်းယောင်းမြို့နယ်နှင့် မိုင်းယုမြို့မှ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ကြက်ခြေနီအသင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ရိုးရာလက်ဝှေ့အသင်းသို့ အောင်နိုင်ရေးအလံပေးအပ်

**ဘားအံ ဇွန် ၁**

၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် ကရင်ပြည်နယ် မြန်မာ့ရိုးလက်ဝှေ့အသင်းအား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဇွန် ၃၁ ရက်က တွေ့ဆုံ၍ အောင်နိုင်ရေးအလံကို ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်နိုင်ရေးအလံပေးအပ်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြု အမှာစကားပြောကြားပြီး အောင်နိုင်ရေးအလံကို ပေးအပ်ရာ ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွန်းလှိုင်ထွေးနှင့် လက်ဝှေ့အသင်းအုပ်ချုပ်သူ ( ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ခေတ္တ ညွှန်ကြားရေးမှူး ) ဦးစတင်အောင်မြင့်တို့က လက်ခံရယူကာ ကရင်ပြည်နယ်ရိုးရာလက်ဝှေ့ အောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ ဦးစောမုတ်သုန်က အားကစားသမားများအား အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ရိုးရာလက်ဝှေ့အသင်းအုပ်ချုပ်သူ ဦးစတင်အောင်မြင့်က ပြိုင်ပွဲနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြ၍ အောင်နိုင်ရေးကတိပြုစကားပြောကြားပြီး အလှူရှင်များက ပြည်နယ်ဝန်ကြီးချုပ်ထံသို့ အောင်နိုင်ရေး ထောက်ပံ့ငွေများပေးအပ်လှူဒါန်းကာ ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌထံသို့ ပြည်နယ်ရိုးရာလက်ဝှေ့ဆပ်ကော်မတီ ဥက္ကဋ္ဌက အောင်နိုင်ရေးရန်ပုံငွေနှင့် ယခင်နှစ်က အောင်နိုင်ရေးရန်ပုံငွေ လက်ကျန်များကို အပ်နှံခဲ့သည်။

ကရင်ပြည်နယ်ရိုးရာလက်ဝှေ့အသင်း အောင်နိုင်ရေးအတွက် ပဏာမအားကစားသမား ၄၈ ဦးကို ရွေးချယ်ခဲ့ပြီး လက်ရည်စစ်ပွဲများ ကျင်းပကာ လက်ရည်မီသည့် အားကစားသမားများအား ပြည်နယ်လက်ရွေးစင်များအဖြစ် ရွေးချယ်ခဲ့ကြောင်း၊ မေ ၁၃ ရက်မှစတင်ကာ လက်ရွေးစင် စခန်းသွင်းလေ့ကျင့်မှုများဆောင်ရွက်ပြီး အမျိုးသားပြိုင်ပွဲဝင် ၃၅ ဦး၊ အမျိုးသမီးပြိုင်ပွဲဝင် ခြောက်ဦး၊ အရန်အားကစားသမား နှစ်ဦး စုစုပေါင်း ၄၃ ဦးဖြင့် ပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ်ရိုးရာလက်ဝှေ့အသင်းသည် ယခင်နှစ်က ပြိုင်ပွဲတွင် ရွှေ ၁၅၊ ငွေ ၁၀၊ ကြေးငါးခုဖြင့် အတန်းအလိုက်ဆုဖလားသုံးခုနှင့်ပြည်ထောင်စုတံခွန်စိုက်ဒိုင်းဆုကြီးကို ရယူနိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း အတန်းလိုက်ဆုဖလားနှင့် တံခွန်စိုက်ဒိုင်းဆုကြီးကို ကရင်ပြည်နယ်သို့ ရယူနိုင်အောင် ပြည်နယ်ရိုးရာလက်ဝှေ့အသင်းအနေဖြင့် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# လေဘေးသင့်အိမ်ထောင်စုများနှင့် မိုးကြိုးစက်ကွင်းမိ၍ သေဆုံးသူအတွက် ထောက်ပံ့ငွေများ ကလေးမြို့နယ်၌ပေးအပ်

**ကလေး ဇွန် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်၊ ကလေးမြို့နယ်အတွင်း မေ ၂၇ ရက် ညနေ ၅ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် အမိုးများ လန်ထွက်ပျက်စီးခဲ့သည့် ကျေးရွာအုပ်စု လေးစုရှိ ရွာလေးရွာမှ လေဘေးသင့် အိမ်ထောင်စုများနှင့် မိုးကြိုးစက်ကွင်းမိ၍ သေဆုံးသူတစ်ဦးအတွက် ကျန်ရစ်သူမိသားစုထံသို့ အသုံးအဆောင်ပစ္စည်းနှင့် ထောက်ပံ့ငွေများ ပေးအပ်ပွဲကို မေ ၃၁ ရက်က ကလေးမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌရုံး၌ ပြုလုပ်သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ထောက်ကြန့်ကျေးရွာအုပ်စု ထောက်ကြန့်ကျေးရွာတွင် အိမ်တစ်လုံး၊ နန်းစောင်းပုကျေးရွာအုပ်စု နန်းစောင်းပုကျေးရွာတွင် အိမ်ခုနစ်လုံး၊ ခုံတိုးမြို့သာကျေးရွာအုပ်စု ရန်ကြီးအောင်ကျေးရွာတွင် အိမ်လေးလုံးတို့မှ လူဦးရေ ၅၆ ဦး လေဘေးသင့်ခဲ့ကြကာ တန်ဖိုး ကျပ် ၁၁ သိန်းနီးပါးခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ကျီကုန်းကျေးရွာအုပ်စု ဖောင်ကူးကျေးရွာဟောင်းတွင်မူ ဆက်သွယ်ရေးတိုင်ဆောက်လုပ်ရန် မြေကျင်းတူးနေသည့် လုပ်သားတစ်ဦးဖြစ်သော ဦးတူး (၅၀နှစ်)မှာ မိုးကြိုးစက်ကွင်းမိ၍ သေဆုံးခဲ့ကြောင်း သိရသည်။ လေဘေးသင့်အိမ်ထောင်စုများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ကျပ် ၃၉၀၀၀၀ တန်ဖိုးရှိ အိမ်ဆောက်ပစ္စည်းများနှင့် ကျပ် ၆၉၀၀၀၀ တန်ဖိုးရှိ လူ့အသုံးအဆောင်ပစ္စည်း ၁၀ မျိုးကို ထောက်ပံ့ပေးခဲ့ပြီး မိုးကြိုးစက်ကွင်းမိ၍ သေဆုံးသူ ဦးတူး၏ တူဖြစ်သူ ဦးထွန်းထွန်းဝင်းအား ငွေကျပ် သုံးသိန်းကို ထောက်ပံ့ပေးခဲ့သည်။

**ချင်းတွင်းသား**

# တောကျွဲအင်းရွာအမည်ပြောင်းရန် ပြည်သူ့ဆန္ဒခံယူ

**ကျောက်တံခါး ဇွန် ၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်းရှိ တောကျွဲအင်းကျေးရွာကို တောကျွဲအင်း(ခ)အောင်မြင်ကျေးရွာဟု အမည်ပြောင်းလဲသတ်မှတ်နိုင်ရေးအတွက် ပြည်သူ့ဆန္ဒခံယူပွဲကို မေ ၃၀ ရက် နံနက် ၄ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပခဲ့ရာ အဆိုပါ ဆန္ဒခံယူပွဲတွင် မဲဆန္ဒရှင်ပြည်သူ ၃၂၀၇ ဦး ပါဝင်ဆန္ဒပြုကြပြီး တောကျွဲအင်းအမည်က ၁၁၇၇ မဲ၊ အောင်မြင်အမည်က ၁၉၂၇ မဲ ရရှိပြီး ပယ်မဲ ၅၃ မဲရှိခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သဘာဝဘေးသင့်ပြည်သူများအား ထောက်ပံ့

**မိုးရာသီကာလ ရောက်ရှိလာပြီဖြစ်၍ နိုင်ငံအနှံ့ မြို့နယ်အများအပြားတွင် မိုးဦးကာလ လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးသည်းထန်စွာရွာသွန်းခြင်းများ ဖြစ်ပွားပြီး ဒေသအချို့တွင် လေပြင်းဒဏ်ကြောင့် နေအိမ်များပြိုလဲခြင်း၊ အိမ်အမိုးများပျက်စီးခြင်းတို့ ကြုံတွေ့ကာ အဆိုပါ လေဘေးသင့်ပြည်သူများအား ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန အပါအဝင် ဌာနဆိုင်ရာများက ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်လျက်ရှိသည်။**

**ကံမ**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်ကျေးရွာအချို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးမှုရှိခဲ့သည့် အိမ်ထောင်စုများအား သရက်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ငွေနှင့်ပစ္စည်းများကို ဇွန် ၁ ရက်က ပေးအပ်ခဲ့သည်။ လေဘေးသင့်အိမ်ထောင်စု ၁၅ စုအတွက် အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာဖိုးငွေ ကျပ် ၄၄၉၁၀၀ နှင့် အဝတ်အထည်၊ အိမ်သုံးပစ္စည်းများအစရှိသည့် ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုးကို ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

**ကျော်ဇေယျဝင်း(ပြန်/ဆက်)**

**အုတ်ဖို**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်မှ လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၃၁ ရက်က ကျင်းပခဲ့ပြီး ကျေးရွာအုပ်စု ၁၁ အုပ်စုနှင့် မြို့ပေါ်ရပ်ကွက် နှစ်ခုရှိ လေဘေးသင့် နေအိမ် ၈၅ လုံးနှင့် ဓမ္မာရုံ တစ်လုံးတို့ ပြိုလဲပျက်စီးမှုအတွက် ပြည်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ပေးအပ်သည့် ထောက်ပံ့ငွေ ၅၈၇၀၂၀၀ ကျပ်နှင့် ထောက်ပံ့ပစ္စည်းများကို ခရိုင်ဒုတိယဦးစီးမှူး ဦးဘိုဘိုလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်ဇင်ဦးနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လင်းတို့က လေဘေးသင့်ပြည်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့ကြသည်။

**အောင်သူဆွေ**

**သဲကုန်း**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်တွင် မေ ၃၀ ရက်က ဖြစ်ပွားခဲ့သော လေပြင်းတိုက်ခတ်မှုကြောင့် အင်းမမြို့ သီရိဝေဖြာရပ်ကွက်မှ အိမ်ခြောက်လုံးနှင့် ဘုန်းကြီးကျောင်းတစ်ကျောင်း အမိုးများပျက်စီးခဲ့ရာ အဆိုပါ အိမ်နှင့် ကျောင်းများ ပြုပြင်ရန်အတွက် အိမ်ဆောက်ပစ္စည်းဖိုး ကျပ် ၅၆၅၀၀၀ ကို ပြည်ခရိုင် ဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာနရုံးမှ တာဝန်ရှိသူများက ယင်းနေ့ညနေပိုင်းတွင်ပင် ပြည်သူများထံ လက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

# မုန်တိုင်းမိုးကြောင့် ငါ့သရောက်မြို့ ပပြားကန်တွင် မိုးရေဝင်မှုများပြား

**ငါ့သရောက် ဇွန် ၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်အတွင်းမှ ပြည်သူများ၏ သောက်သုံးရေနှင့် စိုက်ပျိုးရေအတွက် အကျိုးပြုလျက်ရှိသော ငါ့သရောက်မြို့ အမှတ်(၂)ရပ်ကွက်ရှိ ပပြားကန်အတွင်းသို့ မေ ၂၉ ရက်က ရွာသွန်းသော မုန်တိုင်းမိုးကြောင့် ရေဝင်ရောက်မှု များပြားခဲ့ကြောင်း သိရသည်။

မေ ၂၉ ရက်နှင့် ၃၀ ရက်က ရွာသွန်းသောမုန်တိုင်းမိုးကြောင့် ငါ့သရောက်မြို့တွင် အိုးအိမ်တိုက်တာ၊ အဆောက်အအုံများ ပျက်စီးမှုမရှိခဲ့ဘဲ ငါ့သရောက်မြို့နယ်အတွင်းရှိ ရေကန်များသို့သာ ရေဝင်ရောက်မှုများခဲ့ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းက ပြောသည်။ ငါ့သရောက်မြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသတွင် ပါဝင်ပြီး မြို့ပေါ်နှင့် ကျေးလက်ဒေသများသည် သောက်သုံးရေ ရရှိရေးအတွက် ရေကန်ကြီးများမှရေကိုသာ အဓိက မှီခိုအားထားနေရသော ဒေသဖြစ်သည်။ ရေကန်များတွင် ရေရှိပါမှ ရေကန်၏ဘေးပတ်ဝန်းကျင်များ စိမ်းလန်းစိုပြည်သလို ရေကန်များ၏အောက် အနိမ့်ပိုင်းရှိ ရေတွင်းနှင့် အဝီစိတွင်းများလည်း ရေပေါ်ကာ ရေခပ်ရလွယ်ကူစေသည်။

ပပြားကန်သည်လည်း ရေပြည့်နေပါက ငါ့သရောက်မြို့ပေါ်နှင့် ကျေးရွာနေ လူဦးရေ ၅၁၀၀ ခန့်အတွက် သောက်သုံးရေ လုံလောက်စေသလို သီးနှံစိုက်ပျိုးမြေ ၁၀ ဧကခန့်ကိုလည်း အကျိုးပြုကြောင်း၊ ပပြားကန်တွင် ယခုနှစ် နွေရာသီအတွင်း ရေများလုံးဝခန်းခြောက်ခဲ့ကာ မေ ၂ ရက်က မိုးဦးမိုးရွာသွန်းချိန်က ဧကပေ ၂၀ (ရေဂါလန် ၅ ဒသမ ၄ သန်း)ခန့် ဝင်ရောက်ခဲ့ကြောင်း၊ ယခု မေ ၂၉ နှင့် ၃၀ ရက်တွင်လည်း မုန်တိုင်းမိုးကြောင့် မိုးရေအများအပြားဝင်ရောက်ခဲ့ရာ ရေဝင်မှုအခြေအနေကို ညောင်ဦးခရိုင် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများက လာရောက်တိုင်းတာတွက်ချက်မည်ဖြစ်ကြောင်း သိရသည်။

**ကိုထိန်(ငါ့သရောက်)**

# မိုးသည်းထန်သဖြင့် ဗန်းမောက်မြို့၌ မြေသားကျောက်စီနံရံ ပြိုကျ

**ဗန်းမောက် ဇွန် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့တွင် မေ ၂၉ ရက် ည ၇ နာရီခန့်မှစတင်ကာ ညလုံးပေါက် မိုးသည်းထန်ခဲ့သောကြောင့် မြို့အဝင် ဆိုင်းဘုတ်အနီး ဗန်းမောက်-အင်းတော် ကားလမ်း၏ တောင်ဘက်အခြမ်းတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီက ပြုလုပ်ထားသော ကမ်းပါးဘေး မြေထိန်းကျောက်စီနံရံ၏ အလျားပေ ၅၀ ခန့် ပြိုကျပျက်စီးသွားကြောင်း သိရသည်။

"တစ်ညလုံး မိုးကရပ်လိုက် ရွာလိုက်နဲ့ဆိုတော့ မြို့နယ်စည်ပင်ကလုပ်ထားတဲ့ မြေထိန်းနံရံက မြေပြိုကျပြီး ပျက်စီးသွားတယ်"ဟု အဆိုပါ နံရံပြိုကျသည့် နေရာအနီးရှိ ဈေးဆိုင်ရှင် အမျိုးသမီးတစ်ဦးက ပြောသည်။ ဗန်းမောက်-အင်းတော် ကားလမ်းဘေးတွင်ရှိသော အဆိုပါ မြေထိန်းနံရံသည် စည်ပင်က ရေနုတ်မြောင်း တူးဖော်



ကာ ကမ်းပါးတွင် မြေထိန်းကျောက်စီနံရံကို စနစ်တကျပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အလှအပဆေးသုတ် ခြယ်မှုန်းထားသော နေရာလည်းဖြစ်ကြောင်း သိရသည်။ **သန်းမောင်လေး**

# ဟားခါးမြို့တွင် မီးလောင်မှုဖြစ်၍ လူသုံးဦးသေဆုံး

**ဟားခါး ဇွန် ၁**

ဟားခါးမြို့ ဈေးသစ်ရပ်ကွက် ဗိုလ်ချုပ်လမ်း နာရီစင်အနီးတွင် မေ ၃၁ ရက် နံနက် ၂ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးလောင်မှုကြောင့် အမျိုးသမီးကြီးသုံးဦး သေဆုံးပြီး အိမ်နှစ်လုံးနှင့် လေးခန်းတွဲဈေးဆိုင်တစ်ဆိုင် မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် သေဆုံးသူများမှာ ဒေါ်ဝေကျဲလ်(၈၇နှစ်)၊ ဒေါ်ဗန်ဘွေဇီး(၄၉နှစ်)နှင့် ဒေါ်အုန်တ့ာ(၈၀နှစ်)တို့ဖြစ်ပြီး သွပ်မိုး၊ သွပ်ကာ၊ ပျဉ်ခင်းနှစ်ထပ်အိမ်တစ်လုံး၊ သွပ်မိုး၊ အုတ်ကာ၊ ပျဉ်ခင်း သုံးထပ်အိမ်တစ်လုံးနှင့် လေးခန်းတွဲဈေးဆိုင်ခန်းတစ်ခန်းလည်း မီးလောင်ကျွမ်းခဲ့သည်။ အဆိုပါ မီးလောင်မှုဖြစ်သည့်နေရာသို့ ဇွန် ၁ ရက် နံနက်က ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လာရောက်ကြည့်ရှုပြီး မီးဘေးသင့်အိမ်ထောင်စုများနှင့် မီးလောင်မှုကြောင့်သေဆုံးသူများ၏ မိသားစုဝင်များထံ အိမ်တိုင်ရာရောက် သွားရောက်တွေ့ဆုံ၍ နှစ်သိမ့်အားပေးကာ ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**


**ကန့်ကွက်နိုင်ပါကြောင်း**

ပုသိမ်မြို့၊ (၁၃)ရပ်ကွက်၊ အကွက်အမှတ်(၅၂) ကင်မလင်းကျွန်းအကွက်၊ ဦးပိုင်အမှတ်(H-၂၄)၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိမြေကို ဦးဝင်းကိုလတ် အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဤသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပုသိမ်မြို့**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 7J/7535၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ဌေးခင်ဇော် ၁၀/ကမရ (နိုင်) ၀၇၅၈၇၅ ၏ Passport -NO (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၆၇၈၈၂၉၉**

**ဖခင်အမည်မှန်**

ဘားအံမြို့နယ်၊ အထက(၂)၊ နဝမတန်းအောင်မှ ခွန်ထက်ဦးကို၏ ဖခင်အမည်မှန်မှာ ဦးစောတင်မောင်လေး ၃/ဘအန(နိုင်)၁၀၆၁၇၈ ဖြစ်ပါသည်။ **ဦးစောတင်မောင်လေး**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မြင်းခြံမြို့နယ်၊တလုပ်မြို့၊ အလက အဋ္ဌမတန်းအောင် မအိသန္တာကို ၉/မခန (နိုင်) ၂၉၉၄၇၁၏ဖခင်ဦးမောင်ကို (ခ) ဦးဝင်းကို၉/မခန (နိုင်)၁၇၂၇၈၀မှာတစ်ဦးတည်း ဖြစ်ပါသည်။

**ကန့်ကွက်နိုင်ပါကြောင်း**

ပုသိမ်မြို့၊ (၁၃)ရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ စီးပွားဇုန်အကွက်၊ ဦးပိုင်အမှတ်(F-၂၄၂)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိမြေကို ဦးစောလင်းခယ်က မြေငှားဂရန်(အသစ်)ချထားပေးပါရန် လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါကသတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပုသိမ်မြို့**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ပေါင်မြို့နယ်၊ မော်ဘီကျေးရွာအုပ်စု၊ ကုလားကုန်းကျေးရွာနေ အထက(ခွဲ) လက်ပံတော တက္ကသိုလ်ဝင်တန်းမှ မောင်မိုးမြင့်ဇော်၏ ဖခင် ဦးလှမြင့်(ခ) ဦးတန်ဂဲဘဲလူး ၁၀/မလမ(နိုင်)၀၈၄၀၆၄ မှာ တစ်ဦးတည်း ဖြစ်ပါသည်။

**ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း**

ပြင်ဦးလွင်မြို့၊ရပ်ကွက်ကြီး(၁၁)၊ကွင်းအမှတ်(၆၈၁/ခ)၊ဦးပိုင်အမှတ်(N-၁၅)၊ အကွက်အမှတ်(၂၇၀)၊ ဧရိယာ ၀ဒသမ ၄၅ ဧကရှိ ပုံစံ ၇ ရရှိထားခြင်း မရှိသေးသည့်မြေကွက်အား ဦးစတေဇာဦး ၁၀/သထန(နိုင်)၀၉၈၈၆၉က လယ်ယာမြေအခြားနည်းအသုံးပြုခွင့်(ပုံစံ-၃၀/ခ)လျှောက်ထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဦးအောင်ကြည် LL.B တရားလွှတ်တော်ရှေ့နေ**

**အမှတ် ၂၃၂၊ နှင်းဆီလမ်း၊ ကွက်ပြင်(၃)မြောက်၊ ပြင်ဦးလွင်မြို့**

**ဖုန်း-၀၈ ၅-၂၉၇၄၀၊၀၉-၂၀၄၄၁၀၃**






ပြည်ခရိုင်အတွင်းရှိပြည်မြို့နယ်၊ ပေါင်းတည်မြို့နယ်၊ သဲကုန်းမြို့နယ်နှင့် ရွှေတောင်မြို့နယ်တို့မှ အောက်ဖော်ပြပါ နေရာများအားမြေငှားဂရန် (အမည်ပြောင်း)နှင့် မြေငှားစာချုပ်(အသစ်) လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

| စဉ် | လျှောက်ထားသူ အမည် | မူလ အမည်ပေါက်သူ | ကွင်းအမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ | ရပ်ကွက် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးတင်မြင့် | ဦးတင်မြင့် | (၁၀A)၊ ရွာသစ်အကွက် | ၁၉၅စ | ၀.၀၂၇ | ဆင်စု | ဂရန်အသစ် |
| ၂ | ဒေါ်အေးအေးသန်း | အစိုးရ | (၁၄)၊ ကိုးသောင်းတိုးချဲ့-၂ | ၁က | ၀.၀၄၅ | ပြည်သာယာ | ဂရန်အသစ် |
| ၃ | ဦးမင်းဆွေဦး | ဒေါ်ရီ | (-/၃၁)/ ပုတီးကုန်းမီးရထားမြို့မြေ | ၁၅၈ | ၀.၀၇၈ | ပုတီးကုန်း | အမည် ပြောင်း |
| ၄ | ဒေါ်ကြည်မြင့် | အစိုးရ | (၁၄)အောင်ဆန်းအပိုင်း(၂) | ၂၆ | ၀.၀၂၇ | ပြည်သာယာ | ဂရန်အသစ် |
| ၅ | ဦးအေးလွင် | အစိုးရ | (၃၈)၊ မင်းကွက်စုရပ် | ၆၃ | ၀.၀၅၅ | မင်းကွက်-၁ | ဂရန်အသစ် |
| ၆ | ဦးနိုင်လင်းရွှေ | အစိုးရ | (၁၆ A)၊ ခေတ္တရာအနောက်ကွက် | ၄၉၂+၄၉၃က | ၀.၀၆၉ | ခေတ္တရာ | ဂရန်အသစ် |
| ၇ | ဒေါ်ဖြူဖြူဆွေ | အစိုးရ | (၁၅ဒီ)၊ မူယာပင်မြင်းပြိုင်ကွက် | ၇၁စ | ၀.၂၀၇ | ရွာဘဲ | ဂရန်အသစ် |
| ၈ | ဒေါ်ပြည့်မွန်ဖြူ | ဦးမြမောင်၊ မဧကျင် | (၃၄)၊ အုပ်ဖိုရပ် | ၂၂ခ | ၀.၀၂၇ | အုပ်ဖို-၂ | ဂရန်အသစ် |
| ၉ | ဦးစိုးမင်းနိုင်- ဒေါ်အေးဥမ္မာမော် | ဦးမောင်ထွေး | (၂၃)၊ ကူကြီး | ၈၅က | ၀.၁၆၀ | ကြာနီကန် | ဂရန်အသစ် |

**ကော်လိတ္တော်အရာရှိ (ပြည်ခရိုင်)**

**အမည်ပြောင်း**

ဦးကျော်ဇင် ၉/ပမန(နိုင်)၀၁၇၉၉၀ ၏သား မူဆယ်မြို့၊ အထက(၂) မူဆယ်၊ ပဋ္ဌမ တန်းမှ မောင်ရှိန်းထွဋ်ကျော်ဇင်အား ယနေ့မှစ၍ မောင်ရွှေယံဘုန်းပြည့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ရွှေယံဘုန်းပြည့်**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မြောင်းမြမြို့နယ်၊ ထန်းကုန်းအုပ်စု၊ အေးရွာကျေးရွာမှ နန့်နှင်းဝေဝေဖြိုး၏ ဖခင် အမည်မှာ နိုင်ငံသားစိစစ်ရေးကတ် ၁၄/မမန(နိုင်)၀၇၃၁၀၅အရ မန်းစတီး (ခ) မန်းစကီး (ခ) မန်းဖိုးကီးတို့သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

သရက်ခရိုင်၊ ကံမမြို့၊ မျိုးရာဇာကိုယ်ပိုင် အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ဆလိုင်း ဘီလီဂရေဟမ်၏ ဖခင်အမည်မှန်မှာ ဦးတင့်ဆွေ ၉/မတရ(နိုင်)၀၀၄၂၃၆ ဖြစ်ပါကြောင်း။ **ဦးတင့်ဆွေ**

**ဖခင်အမည်မှန်**

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အထက -ကန်လှ၊ သတ္တမတန်းမှ မယွန်းပြည့်စုံ၏ဖခင် ဦးအောင်ကျော်စိုး၏ အမည်မှန်မှာ ဦးမောင်စိုး ၉/လဝန(နိုင်)၁၂၁၄၄၂ ဖြစ်ပါသည်။

**ကန့်ကွက်နိုင်ပါကြောင်း**

ပုသိမ်မြို့၊ (၇)ရပ်ကွက်၊ မာတကမ်းနားလမ်း၊ အကွက်အမှတ်(၇၀၊ မာတအကွက်၊ ဦးပိုင်အမှတ်(၁၄-ခ၊ ၁၆-ခ၊ ၁၇) ဧရိယာ ၀ဒသမ ၂၅၆ဧကရှိ ဂရန်မြေကို ဦးမောင်မောင်ဝင်းအမည်ဖြင့် ဆန်စက်လုပ်ငန်းလုပ်ကိုင်ရန်အတွက် စက်မှုစီးပွားအမည်ပြောင်း မြေငှားဂရန် ထုတ်ပေးပါရန် လျှောက်ထားလာသည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပုသိမ်မြို့နယ်**

**ဖခင်အမည်မှန်**

သံတွဲမြို့နယ်၊ အောက်မှတ်ချောင်းကျေးရွာနေ မောင်အောင်ကိုဇင်၏ ဖခင် ဦးမင်းအောင်၏ အမည်မှန်မှာ ၁၁/သတန(နိုင်)၀၆၅၉၅၅ အရ ဦးကျော်ဝေလင်း ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အထက-ကန်လှ၊ အဋ္ဌမတန်းမှ မောင်အောင်ဖြိုးထက်၏ ဖခင် ဦးအောင်ကျော်စိုး၏ အမည်မှန်မှာ ဦးစိုး ၉/လဝန(နိုင်)၂၁၇၃၃၉ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

သံတွဲမြို့နယ်၊ အထက(ကင်းမော်) နဝမတန်းမှ မစုနှင်းထွေး၏ ဖခင် ဦးဖိုးတုတ်၏ အမည်မှန်မှာ ၁၁/သတန(နိုင်)၀၅၆၄၁၄ အရ ဦးခင်မြင့် ဖြစ်ပါကြောင်း။

**မိခင်အမည်မှန်**

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အထက -ကန်လှ၊ တတိယတန်းမှ မစုမြတ်လွင်၏မိခင် မသီ၏ အမည်မှန်မှာ ဒေါ်သီသီနိုင် ၉/လဝန(နိုင်)၁၇၄၉၇၉ ဖြစ်ပါသည်။

# "ဂုဏ်ပြုဆုတောင်းလွှာ"

၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ကြသော

ကျောင်းသား၊ ကျောင်းသူများ၏ အောင်မြင်မှုကို

**MYANMAR NOBLE COLLEGE**

ကျောင်းတော်ကြီးမှ ဝမ်းမြောက်၊ ဝမ်းသာစွာဖြင့် ဂုဏ်ပြုအပ်ပါသည်။

နောင်တစ်ချိန်တွင်လည်း တိုင်းပြည်၏ အားကိုးအားထားပြုရသော

ထူးချွန်ထက်မြက်သည့် လူငယ်လူရွယ်များဖြစ်လာကြပါစေလို့

ဆုမွန်ကောင်းတောင်းပေးအပ်ပါသည်။

MNC
MYANMAR NOBLE COLLEGE

Pearson
UEL University of East London



SHWE YAMONE

ရွှေယမုံ ထုတ်လုပ်မှုကုမ္ပဏီလီမိတက်၏ **ပုသိမ်သား** ရေချို/ရေငန် ငါးပုဇွန်၊ ပင်လယ်စာ နှင့်

PA THEIN THAR SEAFOOD DISTRIBUTION

## မီးဖိုချောင်သုံးပစ္စည်းဖြန့်ဖြူးရေး

Export

Processing

ဂျပန်နိုင်ငံတွင် မြန်မာ့ရေထွက်ကုန်ပစ္စည်းရောင်းအားအကောင်းဆုံး ရွှေယမုံကုမ္ပဏီမှ

" ပြည်တွင်းအတွက် အထူးအစီအစဉ် "




သင့်ရဲ့စားသောက်ဆိုင်၊ ဟိုတယ်၊ အလှူပွဲတွေအတွက်သာမက အိမ်ရှင်မတွေအတွက်ပါ လိုအပ်နေတဲ့ ငါး၊ ပုဇွန်၊ ပင်လယ်စာတွေနဲ့ မီးဖိုချောင်သုံး၊ ငရုတ်၊ အာလူး၊ ကြက်သွန်၊ ငရုတ်ဆီ၊ ငံပြာရည် ကအစ ဟင်းခတ် ပစ္စည်းအားလုံးကို စိတ်ရှုပ်စရာမလိုဘဲ သက်သာသော ဈေးနှုန်း၊ မှန်ကန်သောပစ္စည်း၊ ကောင်းမွန်သောအရည်အသွေး (Quality) အပြည့်ရရှိနိုင်တဲ့ ပုသိမ်သားပင်လယ်စာနှင့် စားသောက်ကုန် ဖြန့်ဖြူးရေးကို ဖုန်းလေးတစ်ချက်ဆက်လိုက်ပါ။

ပုသိမ်သား ရေချို၊ ရေငန်ငါးပုဇွန်ပင်လယ်စာဖြန့်ဖြူးရေးမှ လူကြီးမင်း၏ ဟိုတယ်များ၊ စားသောက်ဆိုင်များနှင့် သီးသန့်အော်ဒါလိုအပ်သူများအား မီးဖိုချောင်သုံးကုန်ကြော်များဖြစ်သောအရွယ်အစား ဆိုဒ်စုံ- ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး၊ ငရုတ်ရှည်၊ ငရုတ်မှုန့်၊ ပဲခြမ်း၊မန်ကျည်းသီး၊ ငံပြာရည်၊ ရှာလကာရည်၊ အချဉ်ရည်နှင့် ပဲငံပြာရည်များကိုလည်း နေ့စဉ်အရောက်ပို့စနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။

အမြန်ဆုံး အိမ်ရှေ့အရောက်ပို့ဆောင်ပေးနေပါသည်။ ကားကြပ်တဲ့ဒုက္ခ၊ အလေးချိန်ခွင်မမှန်တဲ့ဒုက္ခ၊
ဈေးကြီးတဲ့ဒုက္ခတွေကင်းဝေးစေဖို့ အားကိုးရတဲ့ "ပုသိမ်သား" လာပြီ။ လတ်ဆတ်မှု၊ အလေးချိန်အတွက် ဈေးနှုန်းအာမခံပါသည်။

**PATHEIN THAR MARINE PRODUCT GROUP (GOLDEN P.T BPAND), SINCE 1996**

HOT LINE : 01-3685311, 3685322, 3685366, 01-3685450, 01-3685422, 01-3685007 Fax : 01-3685472

Tel : 09-973401124, 09-977997863, 09-9977112160, 09-458320879, 09-427788295 Website : www.patheinthar seafood.com

မြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၁၅) ကြိမ်မြောက် ထီပေါက်စဉ် ၂၀၁၈ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့

*အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

ဏ - ၉၆၉၆၂၆

## ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀၀)ဆုများ

ဇ - ၁၂၂၉၃၀ ဖ - ၃၀၆၅၃၂

## ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၃၀၀၀)ဆုများ

ကခ - ၁၀၁၅၅၄ န - ၁၁၉၆၆၀

## ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၀၀၀)ဆုများ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဈ | - | ၁၃၅၀၃၀ | န | - | ၆၁၀၈၈၆ | ဘ | - | ၆၉၂၇၃၉ |
| ဏ | - | ၄၄၇၃၃၂ | ပ | - | ၆၂၀၅၂၇ | | | |

## ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀၀)ဆုများ

| | | |
|---|---|---|
| ကဇ | - | ၁၂၃၆၂၂ |
| စ | - | ၁၉၉၁၆၂ |
| ကဃ | - | ၂၁၃၅၁၄ |
| က | - | ၅၃၄၂၈၉ |
| သ | - | ၆၃၁၅၂၈ |
| ကင | - | ၈၅၅၈၆၄ |
| ကဈ | - | ၉၁၅၀၇၄ |

## ဆုတစ်ဆုချင်း ကျပ်သိန်း(၃၀၀)ဆုများ

| | | |
|---|---|---|
| ဏ | - | ၁၀၆၇၉၅ |
| ကဆ | - | ၁၇၈၅၀၀ |
| ကဇ | - | ၁၈၀၃၁၀ |
| အ | - | ၂၅၆၁၁၇ |
| က | - | ၂၅၉၇၄၄ |
| သ | - | ၄၆၆၁၈၆ |
| ကဍ | - | ၄၇၈၄၉၂ |
| ဌ | - | ၅၆၄၅၂၄ |
| ကဇ | - | ၆၇၇၆၇၀ |
| ကစ | - | ၇၄၄၈၈၉ |
| ဏ | - | ၈၁၅၇၆၈ |

## ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀)ဆုများ

| | | |
|---|---|---|
| တ | - | ၁၃၆၀၅၆ |
| ဂ | - | ၁၅၂၁၃၀ |
| ကဃ | - | ၅၀၆၅၈၈ |
| ကခ | - | ၅၀၇၀၃၂ |
| ပ | - | ၅၁၉၆၆၈ |
| ယ | - | ၅၃၈၂၆၄ |
| မ | - | ၆၈၂၆၄၂ |
| မ | - | ၇၁၂၀၈၈ |
| န | - | ၇၂၇၈၈၁ |
| ကဍ | - | ၈၀၇၉၂၁ |
| ဟ | - | ၈၆၁၈၉၃ |

## ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| လ | - | ၁၅၂၅၇၁ | ခ | - | ၅၁၁၆၆၂ |
| ဘ | - | ၁၇၂၅၀၄ | ဈ | - | ၅၅၂၃၁၀ |
| စ | - | ၁၈၃၅၁၆ | ဇ | - | ၆၂၅၈၂၀ |
| တ | - | ၂၁၅၆၇၄ | ဌ | - | ၇၄၇၂၅၄ |
| သ | - | ၃၅၅၇၈၇ | မ | - | ၇၉၀၄၃၃ |
| မ | - | ၃၆၉၃၀၅ | ကဈ | - | ၈၉၂၆၅၈ |
| င | - | ၄၅၇၁၉၈ | | | |

## ဆုတစ်ဆုချင်း ကျပ်သိန်း(၃၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| ဍ | - | ၁၃၆၃၂၆ | ဍ | - | ၅၈၃၂၉၄ |
| ဍ | - | ၁၄၀၈၀၂ | ရ | - | ၆၀၂၇၉၄ |
| ကဍ | - | ၁၇၆၃၈၉ | င | - | ၆၇၀၂၀၉ |
| က | - | ၂၃၂၆၃၂ | ကခ | - | ၇၂၄၉၀၇ |
| ကက | - | ၂၆၀၁၇၉ | ဠ | - | ၇၇၈၉၃၅ |
| င | - | ၃၇၅၂၀၀ | ကခ | - | ၇၉၈၁၃၈ |
| ပ | - | ၄၃၇၉၄၄ | ဟ | - | ၈၉၂၉၆၁ |
| ဎ | - | ၅၆၀၇၂၆ | | | |

## ဆုတစ်ဆုချင်းဆုမဲစနစ် ကျပ်(၁၀)သိန်းဆုများ

| | | | |
|---|---|---|---|
| ဖ - ၁၄၂၅၃၅ | ကည - ၃၅၃၉၀၁ | က - ၅၉၄၅၆၂ | ဂ - ၇၉၀၅၂၆ |
| ဖ - ၂၇၅၃၃၄ | တ - ၃၆၁၅၈၉ | ဌ - ၆၅၉၇၃၈ | ကဇ - ၇၉၇၁၀၃ |
| မ - ၃၀၀၆၈၄ | ဍ - ၅၄၇၄၆၅ | င - ၆၆၅၃၅၃ | ဗ - ၈၆၅၂၉၀ |
| ပ - ၃၅၃၅၆၆ | ဒ - ၅၈၉၀၆၄ | တ - ၆၉၆၆၈၇ | |

## ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

| | |
|---|---|
| ကည - ၁၄၂၇၀ | ကဌ - ၅၅၉၁၈ |
| ကဌ - ၁၈၃၂၃ | န - ၅၈၂၈၅ |
| ဗ - ၄၀၈၆၄ | ဌ - ၈၃၅၇၀ |
| ကခ - ၅၀၆၂၀ | ဈ - ၉၀၀၂၃ |
| ဝ - ၅၃၇၈၀ | ဍ - ၉၃၉၈၇ |

အက္ခရာနှင့် ဂဏန်း(၅)လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

| | |
|---|---|
| ဇ - ၁၂၉၃ | ကဇ - ၅၈၇၀ |
| ကဇ - ၁၈၇၉ | ဟ - ၇၁၅၇ |
| ကည - ၂၀၅၆ | ဏ - ၇၁၆၆ |
| ဃ - ၂၃၅၉ | က - ၇၇၉၆ |
| စ - ၄၆၄၆ | ခ - ၈၉၈၂ |

အက္ခရာနှင့် ဂဏန်း(၄)လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

| | |
|---|---|
| ဈ - ၁၀၀ | ကဋ - ၄၇၅ |
| သ - ၁၅၂ | ကဇ - ၄၇၈ |
| ဗ - ၁၅၆ | လ - ၅၀၇ |
| ထ - ၂၆၉ | ကဂ - ၅၅၀ |
| ကဋ - ၃၄၄ | စ - ၆၇၅ |
| ဖ - ၃၈၀ | အ - ၉၈၂ |
| ကဇ - ၄၇၀ | |

ဈ - ၁၀၀၁၀၂ ဈ-၁၀၀၈၃၁

ပုံနှိပ်စဉ်ကပင်ပါဝင်ခြင်းမရှိသည့် ဈ-၁၀၀၀၀၀ နှင့် ဈ-၁၀၀၀၀၂ ဂဏန်းများအတွက် အစားထိုးဖွင့်လှစ်ပေးသည့်ပေါက်ဂဏန်းများဖြစ်ပါသည်။

အက္ခရာနှင့် ဂဏန်း(၃)လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

| | |
|---|---|
| လ - ၁၄ | ည - ၇၈ |
| ကည - ၂၅ | ကည - ၈၄ |
| က - ၃၇ | န - ၈၆ |
| လ - ၄၄ | ဓ - ၉၃ |
| သ - ၅၆ | ဈ - ၉၄ |
| ကင - ၇၇ | |

အက္ခရာနှင့် ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

၁။ ၂၀၁၈ခုနှစ်၊ ဇွန်လ (၁) ရက်နေ့တွင်ကျင်းပသည့် (၁၅) ကြိမ်မြောက်အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ဆုမဲပေါင်း (၁၂၄၁၈၂)ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၁၈ခုနှစ်၊ ဇူလိုင် လ (၁) ရက်နေ့တွင် ကျင်းပမည့် (၁၆) ကြိမ်မြောက် ကျပ်(၅၀၀)တန်ထီ အောင်ဘာလေထီလက်မှတ်များကို (က) အက္ခရာမှ (အ) အက္ခရာထိ၊ (ကက) အက္ခရာမှ (ကဌ) အက္ခရာထိ အက္ခရာအလုံး (၄၅)လုံး ခွဲဝေရောင်းချပေးသွားပြီး ဖြစ်ပါသည်။

၃။ ထပ်မံဝယ်ယူလိုသူ လုပ်ငန်းရှင်အသစ်များအနေဖြင့် ကျပ် (၅၀၀)တန် ထီလက်မှတ်စာအုပ် အုပ်ရေ (၁၀၀) လျှင် ကျပ် (၃၀၀၀၀) တန် **PO** ကို **Deposit** တင်ပြပြီး ကျသင့်ငွေကို ဘဏ်ငွေသွင်းချလန် **(TF-1)**ဖြင့် ဘဏ်ခွဲ(၅)တွင် ပေးသွင်းရပါမည်။ ထီစာအုပ်များကို အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ ကျောက်တံတား မြို့နယ်တွင် ( ၁၁ . ၆ . ၂၀၁၈) ရက်နေ့မှ ( ၂၂ . ၆ . ၂၀၁၈) ရက်နေ့ထိ ရောင်းချပေးသွားမည် ဖြစ်ပါသည်။

ဆုငွေစတင်ထုတ်ပေးမည့်ရက် ( ၁၁ . ၆ . ၂၀၁၈ )

ယခုအကြိမ်နှင့် အကြိမ်ဟောင်းများမှ ဆုရလက်မှတ်များကို နေ့စဉ် လက်ခံဆောင်ရွက်ပေးလျက် ရှိပြီး၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်း ရိုက်ကူး ထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းထီပေါက်စဉ်အား www.irdmyanmar.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

## အားကစားနှင့် ကာယပညာဦးစီးဌာန
## အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ (တောင်ကြီး)တွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | အဓိကပစ္စည်း | (၁၂) မျိုး |
| (ခ) | အသုံးတူပစ္စည်း | (၁၄) မျိုး |
| (ဂ) | အားကစားနည်းအတွက် အထောက်အကူပြု ပစ္စည်းများ | |

၂။ တင်ဒါပုံစံနှင့်အသေးစိတ်သိလိုသည့် အချက်အလက်များကို အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)၊ အေးသာယာမြို့၊ ဖုန်း-၀၈၁-၂၀၈၅၇၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းအဖွဲ့**
**အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)၊ အေးသာယာမြို့**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## ကယားပြည်နယ်-လွိုင်ကော်မြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ၂၀၁၈-၂၀၁၉ခုနှစ် ပြည်နယ်အစိုးရ ဘတ်ဂျက်ရန်ပုံငွေဖြင့် ကယားပြည်နယ်၊ လွိုင်ကော်မြို့ထိပ် လေယာဉ်ကွင်းအနောက်ဘက်လမ်းမှ ရှမ်းပိုင်းတံတားထိပ်အထိ လမ်းမီး၊ ဓာတ်တိုင်ပြုလုပ်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်။

**တင်ဒါလျှောက်လွှာ** - ၁-၆-၂၀၁၈ရက်(သောကြာနေ့)
**ပုံစံရောင်းချမည့်ရက်နှင့်** နံနက် ၉နာရီမှ
**တင်ဒါတင်သွင်းရမည့်ရက်** ၃၀-၆-၂၀၁၈ရက်(စနေနေ့) ညနေ ၄နာရီအထိ
**နောက်ဆုံးတင်ဒါပိတ်မည့်ရက်** - ၃၀-၆-၂၀၁၈ရက်(စနေနေ့) ညနေ ၄နာရီတိတိ

တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါတင်သွင်းခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**မှတ်ချက်**။ တင်ဒါလျှောက်လွှာများဝယ်ယူခြင်းနှင့် တင်ဒါတင်သွင်းခြင်းလုပ်ငန်းများအား ရုံးပိတ်ရက်ဖြစ်သော စနေ၊ တနင်္ဂနွေနေ့များတွင်လည်း လာရောက်ဆောင်ရွက်နိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကယားပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ လွိုင်ကော်မြို့**
**ဖုန်း-၀၉-၅၂၁၁၃၁၂၊ ၀၉-၅၁၀၆၃၆၆၊ ၀၉-၅၆၀၀၇၄၄၊ ၀၈၃-၂၂၂၂၉၅၈**

---

### ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်
# အကြောင်းကြားစာ
**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် ၂၂၀နှင့် ဆက်သွယ်သည့်**
**၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ် ၈၆**

ဒေါ်သီတာထွန်း **နှင့်** ဦးလှဖေ
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ နှင်းဆီကုန်းလမ်း၊ အမှတ် ၅၇(ဘီ)တွင် နေထိုင်သူ တရားရှုံး ဦးလှဖေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ် ၂၂၀ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်သီတာထွန်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြန်ချေဆိုရန်လည်း ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၈ခုနှစ် ဇွန် ၁၅ရက်(၁၃၈၀ပြည့်နှစ် ပထမဝါဆိုလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၈ ခုနှစ် မေ ၂၉ ရက်တွင်ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ဝင်းတင့်)**
**ဒုတိယခရိုင်တရားသူကြီး(၁၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

---

# အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ ရာဇဓိရာဇ် လမ်း၊ အမှတ် (ထ/၃၅-၂)၊ တိုက်၏ တတိယထပ်(ခြေရင်းခန်း)ကို ကျွန်မ၏မိတ်ဆွေက ပိုင်ရှင်ဦးအောင်ဝင်းနိုင် ၁၂/ဗဟန (နိုင်)၀၈၁၅၄၀ ထံမှ (၁၁-၁-၂၀၁၅)ရက်က အပြီးအပိုင်ဝယ်ယူခဲ့ပြီး ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ သုခမလမ်း၊ အမှတ် (၃၁)တိုက်၏ ပထမထပ်(မှန်ခန်း)ကို ကျွန်မ၏မိတ်ဆွေကပိုင်ရှင် ဦးအောင်ဝင်းနိုင်ထံ ၂၀-၁၀-၂၀၁၇ရက်က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးအပ်ပြီးဖြစ်၍ အဆိုပါတိုက်ခန်းနှစ်ခန်းအား ကျွန်မ၏မိတ်ဆွေ ဒေါ်သဇင်ဟန် ၁၂/မဂတ(နိုင်)၀၈၈၆၇၉၏ သိရှိသဘောတူညီမှုမရှိဘဲ မည်သူမှ မည်သည့်နည်းနှင့်မျှ လွှဲပြောင်းခြင်းမပြုပါရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲသဲ**
**(LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ**
**အခန်း -အီး ၂/၃၊ အမှတ် ၅၀၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၁၁၅၀၉**

---

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## စည်ပင်သာယာရေးဝန်ကြီးဌာန
## ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
# ကတ္တရာ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ကွပ်ကဲမှုအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များမှ ၂၀၁၈ ခုနှစ် ပထမ(၆)လ ဘဏ္ဍာရေးနှစ်အတွက် လိုအပ်လျက်ရှိသော (၈၀-၁၀၀) ကတ္တရာ(၂၇၈)တန်ကို ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာများကို ကြော်ငြာပါရှိသည့်ရက်မှစ၍ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အဆိုပြုပုံစံတင်ဒါများကို ၁၅-၆-၂၀၁၈ရက် ညနေ ၃း၀၀နာရီနောက်ဆုံးထား၍ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့သို့တင်သွင်းရမည်။ အသေးစိတ်သိရှိလိုပါက ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဖုန်း-၀၇၄-၂၅၂၆၀၆၂

**ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ မြစ်ကြီးနားမြို့**

---

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ဧရာဝတီတိုင်းဒေသကြီး-ပုသိမ်မြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခုတင် (၁၀၀)နှင့်အောက်ဆေးရုံများအတွက် (FDA) အသိအမှတ်ပြုဆေးဝါးများ၊ ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းနှင့် ဓာတ်မှန်ဆိုင်ရာ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ စည်းကမ်းအသေးစိတ်နှင်အချက်အလက်များစာရင်းကို သိရှိလိုပါက တိုင်းဒေသကြီးကုသရေးဦးစီးဌာန(သစ္စာလမ်း)တွင် လူကိုယ်တိုင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစတင်ခေါ်ယူမည့်ရက်** - ၂၈-၅-၂၀၁၈ရက်(တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၇-၆-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၀ နာရီ

**တင်ဒါကော်မတီ**
**ဧရာဝတီတိုင်းဒေသကြီးကုသရေးဦးစီးဌာန**
**ဖုန်း-၀၄၂-၂၂၁၉၂၊ ၀၄၂-၂၃၁၉၂**

---

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မျိုးစေ့ဌာနခွဲမှ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် အောက်ပါတည်ဆောက်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | အမျိုးအမည် | တည်နေရာ |
|---|---|---|
| (က) | မျိုးစေ့သိုလှောင်ရုံတပ်ဆင်စရိတ် (၂၀၀'×၅၀'×၃၀') သွပ်မိုး၊ အုတ်ကာ ကွန်ကရစ်ခင်း RC (၁)ထပ် (၁)လုံး | ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ အုတ်ဖြတ်မျိုးသန့်ခြံ |
| (ခ) | အအေးခန်းသိုလှောင်ရုံတပ်ဆင်စရိတ် (၂၀၀'×၁၀၀'×၂၀') သွပ်မိုး၊ ကွန်ကရစ်ခင်း Steel Structure (၁)လုံး | ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ အုတ်ဖြတ်မျိုးသန့်ခြံ |

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၄-၆-၂၀၁၈ရက်မှ ၃-၇-၂၀၁၈ရက်အထိ(ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ် (၄၃)၊ နေပြည်တော်

၄။ **တင်ဒါလျှောက်လွှာပိတ်ရက်** - ၆-၇-၂၀၁၈ရက်၊ ၁၃း၀၀နာရီ

၅။အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန (ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ)၊ ရုံးအမှတ် (၄၃)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၁၀၅၁၈သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**

---

### ပြင်ဆင်မှုကိုဆိုင်ရန် ချိန်းဆိုသည့်ရက်ကို လျှောက်ထားခံရသူ
# ကြားသိစေသည့် အကြောင်းကြားစာ
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၇ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၄၆၁**

၁။ ဒေါ်သိန်းကြွယ် **နှင့်** ၁။ ဦးဝင်းနိုင်
၂။ ဒေါ်သိန်းအေး ၂။ ဒေါ်မာလာမြင့်
**လျှောက်ထားသူများ** **လျှောက်ထားခံရသူများ**

၂၀၁၇ခုနှစ် ဩဂုတ် ၂၉ ရက်စွဲပါ မန္တလေးခရိုင်တရားရုံး၏ တရားမပထမအယူခံမှုအမှတ် ၂၇/၂၀၁၇ ၏ စီရင်ချက်နှင့် ဒီကရီကို ပြင်ဆင်မှု။

အထက်အမည်ပါအမှုမှ လျှောက်ထားခံရသူ ၁။ ဦးဝင်းနိုင်၊ ၂။ ဒေါ်မာလာမြင့်(အတူနေလင်မယား) 'ဆိုင်ကယ်ဝပ်ရှော့' ကပ်ကျော်ဈေးတောင်ဘက်၊ နန်းတော်ရာကွက်သစ်၊ မှန်တန်းရပ်၊ နယ်မြေ(၄) အမရပူရမြို့နယ်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင်မန္တလေးခရိုင်တရားရုံးမှ ချမှတ်ပေးသည့် စီရင်ချက်နှင့်ဒီကရီအမိန့်ကို လျှောက်ထားသူ ဒေါ်သိန်းကြွယ် ပါ၂မှ တရားမပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်းပြီး၍ ဤတရားမပြင်ဆင်မှုကို ၂၀၁၈ခုနှစ် ဇွန် ၂၇ရက် (၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်နေ့)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

